# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဝါခေါင်လဆန်း (၁)ရက် ၊ သောကြာနေ့ ၊ (14-8-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၀၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၁၃**

၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊

စာမျက်နှာ ၁၆ ကော်လံ ၁

**လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး** စာမျက်နှာ - ၁၈

**နိုင်ငံတော်တည်ငြိမ်ရေးနှင့်နယ်မြေအေးချမ်း သာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကျင်းပ** စာမျက်နှာ - ၂၁

**ဖွံ့ဖြိုးတိုးတက်သော အိန္ဒိယ ၂၀၄၇ (Viksit Bharat 2047)- ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံဖြစ်လာစေရေးအတွက် လမ်းပြမြေပုံ**


ဆောင်းပါး စာမျက်နှာ - ၁၉

## မုန်တိုင်းငယ် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်သတိမှတ်

**နေပြည်တော် ဩဂုတ် ၁၃**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း၊ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ကမ်းရိုးတန်းဒေသများ၊ ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တွင် မုန်တိုင်းငယ်(Depression)အဖြစ်သို့ရောက်ရှိခဲ့သည်။

စာမျက်နှာ ၂၂ ကော်လံ ၁




## လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟသ်ာတမြို့နယ်၊ ရေကြည်မြို့နယ် ငသိုင်းချောင်းမြို့၊ ကျုံပျော်မြို့၊ ပတ်ဝန်းကျင်ကျေးရွာများတွင် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများက ရေဘေးကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



**နေပြည်တော် ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုဖြစ်ပွားခဲ့ရာ ယနေ့ထိ လေးမျက်နှာမြို့ မြို့ပေါ်ရပ်ကွက် ငါးခု၊ မြို့တွင်းလမ်းမကြီးများ၊ ပတ်ဝန်းကျင်ကျေးရွာ ၁၂၁ ရွာ၊ ဟသ်ာတမြို့နယ်အတွင်းရှိ ကျေးရွာ ၃၇ ရွာ၊ ရေကြည်မြို့ပေါ်ရပ်ကွက် လေးခု၊ ပတ်ဝန်းကျင်ကျေးရွာ ၂၇ ရွာ၊ ရေကြည်မြို့နယ် ငသိုင်းချောင်းမြို့ရှိ မြို့ပေါ်ရပ်ကွက် နှစ်ခု၊ကျုံပျော်မြို့ရှိ မြို့ပေါ် ရပ်ကွက် နှစ်ခု၊ ပတ်ဝန်းကျင်ကျေးရွာ ကိုးရွာ စုစုပေါင်း မြို့ပေါ်ရပ်ကွက် ၁၃ ခုနှင့် ကျေးရွာ ၁၉၄ ရွာတို့သို့

စာမျက်နှာ ၂၂ ကော်လံ ၁

ရတနာပုံ
၂၀၂၆ ခုနှစ် ဩဂုတ် ၁၄ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လူငယ်များတက်ကြွစွာပါဝင်ပေး

ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့်စကားအတိုင်း လူငယ်များသည် အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးတွင် ပခုံးပြောင်းတာဝန်ယူကြရမည့် မျိုးဆက်သစ်များဖြစ်သည်။ လူငယ်များ၏ ပညာသင်ကြားသင်ယူမှုအခွင့်အလမ်းများကို လက်လှမ်းမီရရှိစေရေး၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးများ မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိပေသည်။

ထို့ကြောင့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားကို ဩဂုတ် ၁၂ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနက-၁(MICC-1)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ထူးချွန်ဆုနှင့် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ်မောင်မယ်များကို ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က **"ယနေ့ခေတ်တွင် နည်းပညာများတိုးတက်လာမှုနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများသည် လူငယ်များ၏ ပညာရေး၊ အလုပ်အကိုင်နှင့် စွန့်ဦးတီထွင်မှုအခွင့်အလမ်းများ ပိုမိုကျယ်ပြန့်အားကောင်းလာသည်ကို တွေ့ရကြောင်း၊ လူငယ်များကို ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်နိုင်ရန်အတွက် အရေးပါလှသည့် တွန်းအားတစ်ရပ်နှင့် အခွင့်အရေးပင်ဖြစ်ကြောင်း၊ ခေတ်မီနည်းပညာနှင့် ဒစ်ဂျစ်တယ်ကမ္ဘာကို ကျွမ်းကျင်ပိုင်နိုင်စွာကိုင်တွယ်နိုင်စွမ်းရှိသည့် လူငယ်မျိုးဆက်သစ်များသည် ကမ္ဘာ့အသိုက်အဝန်းနှင့် ရင်ပေါင်တန်းပြီး အပြုသဘောဆောင်သည့် ပြောင်းလဲမှုများကို ဖော်ဆောင်ပေးနိုင်ကြသူများဖြစ်ကြကြောင်း"** အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

လူငယ်များနေထိုင်ရာ နိုင်ငံ၊ နယ်နိမိတ်များ၊ အဆင့်အတန်းများ သို့မဟုတ် နောက်ခံအခြေအနေအကြောင်းအရာများက မတူကွဲပြားနေစေကာမူ လူငယ်အသီးသီး၏ ဂုဏ်သိက္ခာများ၊ အခွင့်အရေးများ၊ ပူးပေါင်းပါဝင်ခွင့်များကို မြှင့်တင်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေသည့် အနာဂတ်ကို ဖန်တီးရေးတို့သည် လူငယ်များ၏ တူညီသည့်မျှော်မှန်းချက်အဖြစ် တည်ရှိနေသည်ကို ယခုနှစ်ဆောင်ပုဒ်က မီးမောင်းထိုးပြနေသည်ကို တွေ့ရပေသည်။

ထို့ပြင် အခွင့်အလမ်းများအပြည့်အဝရရှိရန်အတွက် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရသည့် ဖွံ့ဖြိုးဆဲနိုင်ငံအသီးသီးက လူငယ်များသည် လူမှုအသိုက်အဝန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ရှေ့တန်းမှ တက်တက်ကြွကြွဖြင့်ပါဝင်ဆောင်ရွက်နေကြသည့် စွမ်းအားတစ်ရပ်ဖြစ်ပေသည်။ ထိုအချက်ကို နိုင်ငံအသီးသီးမှ လူ့အဖွဲ့အစည်းအသီးသီးက အသိအမှတ်ပြုပြီး လူငယ်များကို ပံ့ပိုးကူညီဖြည့်ဆည်းပေးရန်နှင့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှုများတွင် လူငယ်တစ်ဦးတစ်ယောက်၏စွမ်းအားကို နောက်ကျကျန်မနေစေရန်အတွက်လည်း ဘက်ပေါင်းစုံမှဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရပေသည်။

သို့ဖြစ်ရာ လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများအတွက် နိုင်ငံတော်အစိုးရက အဓိကအခြေခံအုတ်မြစ်များဖြစ်သည့် ပညာသင်ကြားသင်ယူမှုအခွင့်အလမ်းများကို လက်လှမ်းမီရရှိစေရေး၊ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးမြှင့်တင်ဆောင်ရွက်ပေးနိုင်ရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်ရေးနှင့် လူငယ်များလိုအပ်သည့် တတ်ကျွမ်းမှုများကို သင်ယူနိုင်စေရေးတို့အတွက်လည်း ဆောင်ရွက်ပေးနေသောကြောင့် လူငယ်များကလည်း ထိုအခွင့်အရေးများကို အပြည့်အဝအသုံးချကာ မိမိကိုယ်တိုင်မှသည် မိမိနိုင်ငံတိုးတက်ရေးအတွက် ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီး



**မြောင် ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၂၁၆၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ အစေ့ထုတ်ပြောင်း ၂၁၆၅ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာတော့ ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ အစေ့ထုတ်ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိဖို့နဲ့ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲဖို့ စတဲ့ အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြသည်။

မြောင်မြို့နယ်တွင် အစေ့ထုတ်ပြောင်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးစသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် အစေ့ထုတ်ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြ၍ သိရသည်။ (၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကောက်ညှင်းဆန် ၁၆ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မအူပင် ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကောက်ညှင်းဆန် ၁၆ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ကောက်ညှင်းဆန် ၁၆ ပြည်ဝင် အိတ်ရေ၃၄၀၀၀သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကောက်ညှင်းဆန် ၁၆ ပြည်ဝင် အိတ်ရေ ၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ဒီဘက်ကနေ ကောက်ညှင်းဆန် အိတ်ရေအများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ကောက်ညှင်းဆန်တွေကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်တာတွေရှိပါတယ်။ လတ်တလောအနေနဲ့ ကောက်ညှင်းဆန်က အရောင်းအဝယ် ပိုဖြစ်နေပါတယ်"ဟု မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ကောက်ညှင်းဆန် ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဝမ်းတွင်းမြို့နယ် ကူနီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူနီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ကူနီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၇ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယား ပုံစံများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကူနီကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၂ ဦးကို ရန်ပုံငွေကျပ် ၄၀ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# တိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမတံခွန်စိုက် ဆုဖလားရရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီးဘတ်စကက်ဘောအသင်းအား ဂုဏ်ပြု



**မန္တလေး ဩဂုတ် ၁၃**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်စကက်ဘော ပြိုင်ပွဲကို တောင်ကြီးမြို့တွင် ကျင်းပခဲ့ရာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မန္တလေးတိုင်းဒေသကြီး ဘတ်စကက်ဘောအသင်းမှ ငါးယောက်တွဲ အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘော ပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဆုနှစ်ဆု၊ သုံးယောက်တွဲ အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် ဒုတိယဆုနှင့် အကောင်းဆုံး အားကစားသမားဆုနှစ်ဆုတို့ကို ရရှိခဲ့သည့် တိုင်းဒေသကြီး ဘတ်စကက်ဘော အသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက် ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ရှေးဦးစွာ အောင်ပွဲရ မန္တလေး တိုင်းဒေသကြီး ဘတ်စကက်ဘော အသင်းမှ အုပ်ချုပ်သူနည်းပြများနှင့် အားကစားသမားများက တစ်ဦးချင်းစီ မိတ်ဆက်စကားများပြောကြားသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နှစ်စဉ်ကျင်းပလျက် ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်စကက်ဘော ပြိုင်ပွဲတွင် နှစ်စဉ်ဆုတံဆိပ်များရရှိခဲ့သည့်အတွက် ချီးကျူးဂုဏ်ပြုကြောင်း၊ နိုင်ငံ့လက်ရွေးစင် အားကစားသမားများဖြစ်အောင် နှင့်အောင်မြင်မှုများကို ဆက်လက် ထိန်းသိမ်းသွားနိုင်ရန် အစဉ်အမြဲ ကြိုးစားနေကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘော အသင်းက ပထမ တံခွန်စိုက်ဆုဖလားကို အပ်နှံခဲ့ပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ပထမ တံခွန်စိုက်ဆုရရှိခဲ့သည့် ငါးယောက်တွဲ အမျိုးသား၊ အမျိုးသမီး ဘတ်စကတ်ဘော အသင်း၊ ဒုတိယဆုရရှိသည့် သုံးယောက်တွဲ အမျိုးသား ဘတ်စကက်ဘောအသင်း၊ အမျိုးသား အကောင်းဆုံးအားကစားသမားဆုနှင့် အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရရှိသူများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ တိုင်းဒေသကြီးလူငယ်ရေးရာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ အုပ်ချုပ်သူနည်းပြများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

---

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**မင်းကင်း ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၈၁၄၅ ဧကစိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၂၆၀၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ မြေပဲ ဧက ၈၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံအနေနဲ့က တော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြသည်။



မြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြ၍ သိရသည်။

(၂၀၆)

---

# သာစည်မြို့နယ် ကန်ရိုးကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်းကွက်ကျေးရွာအုပ်စု ကန်ရိုးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ဖြင့် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ဩဂုတ် ၁၂ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကန်ရိုးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကန်ရိုးကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၆ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၂၅ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

---

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပလာတူးငါးခြောက်ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပလာတူးငါးခြောက်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်းက ပလာတူးငါးခြောက်ပိဿာချိန် ၄၀၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ပလာတူးငါးခြောက်ပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ပလာတူးငါးခြောက်များကို ရန်ကုန်ဈေးကွက်မှ အဝယ်လိုက်နေသည့်အတွက် တင်ပို့အားကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

''ဒေသထွက် ပလာတူးငါးခြောက်တွေ အဝယ်လိုက်နေပါတယ်။ ပြည်တွင်းဈေးကွက်မှာကို အဝယ်လိုက်နေတာပါ။ ပြီးခဲ့တဲ့တစ်လအတွင်း ပလာတူးငါးခြောက်တွေ အရောင်းအဝယ်ကောင်းခဲ့ပါတယ်။ အရင်လတွေကထက် ကုန်ချိန်တွေလဲ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က ငါးတွေ၊ ပုစွန်တွေ၊ ကဏန်းတွေအပြင် ငါးခြောက်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချတာပါ။ အခု အရောင်းအဝယ်တွေ ပုံမှန်ထက်လည် ပတ်လာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေပြန်ပြီး အလုပ်အကိုင် အဆင်ပြေလာပါတယ်"ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ပုစွန်၊ ကဏန်း၊ ငါးအမျိုးမျိုးအပြင် ငါးခြောက်များကို ရေလုပ်သားများထံမှ ဝယ်ယူပြီး စနစ်တကျသန့်စင်ထုပ်ပိုး လုပ်ဆောင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ပလာတူးငါးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀မှ ၂၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# လူတော်လူကောင်းများ တိုးပွားထွန်းကားကြပါစေ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

**"လူမိုက်ဆိုလျှင်၊ ရှောင်သွေလွှဲလို့**
**မမှီဝဲနဲ့ ကင်းအောင်နေ။**
**ပညာရှိကို အရှည်တွဲလို့**
**မှီဝဲဆည်းကပ် နည်းယူစေ။**
**သုံးပါးရတနာ မိဘများနှင့်**
**ဆရာသမားကို ပူဇော်လေ။**
**ချမ်းသာကိုပေး ဆက်ဆံရေး**
**မြော်တွေးသုံးချက်ပေ။**
**အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။ ။"**

ဝါဝင်ခါစမှာပင် မြို့နယ်ဓမ္မာရုံထဲမှ ထွက်ပေါ်လာသော ၃၈ ဖြာမင်္ဂလာ ယဉ်ကျေးလိမ္မာသင်တန်းသား၊ သင်တန်းသူ လူငယ်မောင်မယ်များ၏ ဝေစည်ပီသ ကြည်မြနေကြသော ရွတ်ဆိုသံများက ညီညာဖြိုဖြို နားဝင်ပီယံရှိလှသည်။ ကျက်သရေမင်္ဂလာရှိလှသည်။

ကျက်သရေမင်္ဂလာရှိပေမပေါ့။ ၃၈ ဖြာမင်္ဂလာ တရားတော်ပါ "ဆက်ဆံရေးမင်္ဂလာသုံးပါး" ဓမ္မလင်္ကာ ဖြစ်နေသောကြောင့်ပင်တည်း။ သည်လို ၃၈ ဖြာမင်္ဂလာ ဓမ္မလင်္ကာများကို မကြားရတာကြာလေပြီ။

နွေရာသီအခါမှာလည်း သုံးဆယ့်ရှစ်ဖြာမင်္ဂလာ ယဉ်ကျေးလိမ္မာသင်တန်းများကို မြို့နယ်နှင့်ရပ်ကွက်အချို့တွင် ဖွင့်လှစ်ပို့ချခဲ့ကြသည်။

သုံးဆယ့်ရှစ်ဖြာမင်္ဂလာ ယဉ်ကျေးလိမ္မာသင်တန်းများ၏ ရည်ရွယ်ချက်အနှစ်ချုပ်မှာ **"မြန်မာ့ယဉ်ကျေးမှုနှင့်အညီ၊ ကျင့်ကြံနေထိုင်သွားကြပြီး အမျိုးဘာသာသာသနာကို စောင့်ရှောက်တတ်သည့် နိုင်ငံသားကောင်း သမီးမွန်လေးများ တိုးပွားပေါ်ထွန်းလာစေရန်"** ဖြစ်သည်။

**"လူတော်ဖြစ်ဖို့ ပညာရေးနှင့်ပျိုးထောင်စို့"**
**"လူကောင်းဖြစ်ဖို့ ဘာသာရေးနှင့် ပျိုးထောင်စို့"**

ဟူသော စကားရှိရာ ရိုင်းစိုင်းနေသူများကို ယဉ်ကျေးသိမ်မွေ့လာစေရန်၊ ဘာသာရေးနှင့် လေ့ကျင့်ပျိုးထောင်ပေးကြရန် အထူးပင် လိုအပ်လှသည်။

ထို့ကြောင့် ၃၈ ဖြာမင်္ဂလာ ယဉ်ကျေးလိမ္မာသင်တန်းများကို အခါအားလျော်စွာ ဖွင့်လှစ်ပို့ချပေးနေခြင်းဖြစ်သည်။

နွေရာသီကျောင်းပိတ်ရက်များတွင် နယ်ပယ်ဒေသအသီးသီး၌ **"ယဉ်ကျေးလိမ္မာသင်တန်းများ" "ဗုဒ္ဓစာပေ မင်္ဂလာ သင်တန်းများ"** နှင့် **"အဘိဓမ္မာသင်တန်းများ"** ဖွင့်လှစ်ပေးခဲ့ကြသည်။

**"ကျင့်ကြံသူများ၊ ချမ်းသာပွား၊ တရားမင်္ဂလာ။**
**ရိုင်းပျသူတွေ၊ ယဉ်ကျေးစေ၊ သင်လေမင်္ဂလာ"**

**"တို့သာသနာ၊ တို့ဘာသာကို၊ မျက်နှာလွှဲထား၊ မကြိုးစားက၊ တို့များဘာသာ၊ ဆုတ်ယုတ်မှာမို့၊ ဘာသာတရား၊ တည်တံ့ပွားအောင်၊ တို့များညီညာ၊ လက်တွဲကာဖြင့်၊ မင်္ဂလာတရား၊ စာပေများကို၊ သင်ကြားကျင့်သုံးကြပါစို့"**

**"ဗုဒ္ဓစာပေမင်္ဂလာသင်တန်းများ"** နှင့် **"အဘိဓမ္မာသင်တန်းများ"**ကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးနေသော မအူပင်မြို့ **"လေးအိမ်စုဆရာတော် အရှင်ဝိစိတ္တာသာရ"** စီစဉ်ထားသည့် **"စကားလက်ဆောင် တရားလက်ဆောင်"** စာအုပ်ကလေးထဲမှ လှုံ့ဆော်ချက်မှာ လေးနက်ထိရောက်လှသည်။

ယနေ့ကလေးငယ်များ၏ပညာရေးက ကျောင်းသင်ရိုးပြဋ္ဌာန်းစာကလွဲ၍ အခြားလူမှုရေးဘက်တွင် အားနည်းလွန်းလှသည်။ ဘာသာရေးနှင့်ကလည်း စိမ်းနေဝေးနေကြလေရာ မြန်မာ့ရိုးရာယဉ်ကျေးမှု တဖြည်းဖြည်း ပျောက်ကွယ်သွားမှာကိုပင် စိုးရိမ်ဖွယ်ရာကောင်းနေသည်။

ကျွန်တော်တို့ကလေးဘဝက ဘုန်းတော်ကြီးစာသင်ကျောင်းများနှင့်တွဲ၍ နေခဲ့ကြရသောကြောင့် ကျောင်းစာသာမက ဘာသာရေးစာ၊ ဘာသာရေး အလေ့အကျင့်များစွာကိုလည်း လေ့လာသင်ကြားခဲ့ကြရသည်။ ထို့ပြင် စတုတ္ထတန်း၌ အခြေခံဗုဒ္ဓဘာသာကို ပြဋ္ဌာန်းသင်ကြားပေးခဲ့ပြီး ဗုဒ္ဓဘာသာစာပေ ပြိုင်ပွဲကိုပါ ကျင်းပပေးခဲ့ရာ ဘာသာသာသနာအတွက် အကျိုးသက်ရောက်မှု အထောက်အကူပြုမှုများစွာရရှိခဲ့ကြသည်။

**"မြန်မာအဘိဓာန်"** တွင် **"ယဉ်ကျေးမှု"** ကို **"သိမ်မွေ့ပြေပြစ်သော တတ်သိလိမ္မာမှု၊ တိုးတက်ထွန်းကားလာသော လူမှုအဆင့်အတန်း"** အစဉ်အလာအားဖြင့် ထိန်းသိမ်းတည်ရှိလာသော ဓလေ့**ထုံးတမ်း"** စသည်တို့ကို ခေါ်ဆိုသည်ဟု ရှင်းလင်းဖော်ပြထားသည်။ ယနေ့မြန်မာ့ယဉ်ကျေးမှုကိုကြည့်ပါက အချို့မှာ ဓလေ့ထုံးတမ်းများကို မျက်ကွယ်ပြုလာကြသောကြောင့် ကျောက်ခေတ်လူရိုင်းများနှင့် မခြား ရိုင်းစိုင်းနေကြလေပြီ။ ရိုင်းစိုင်းနေကြရာတွင် အပြောအဆို၊ အပြုအမူ၊ အနေအထိုင်၊ အသွားအလာ၊ ဝတ်စား ဆင်ယင်မှုကအစ မသတီစရာ၊ အော့နှလုံးနာစရာ၊ အော်ဂလီဆန်စရာ၊ မနှစ်မြို့စရာ မြင်တွေ့နေကြရသည်။

ဟီရိဩတ္တပ္ပ အရှက်အကြောက်တရားမရှိကြတော့ဘဲ ထင်ရာစိုင်း၊ ရိုင်းကားဖောက်ပြားနေကြလေရာ မြန်မာလူမျိုးလား၊ နိုင်ငံခြားသားလား၊ ခွဲခြားသိရန်ပင် ခက်ခဲလာသည်။ အရိုးကိုအရွက်ဖုံးလာကြသောအခါ ရှုံမုန်းနာကြည်းစရာ ကောင်းလာသည်။ ကျွန်တော်တို့ကျောင်းသားဘဝက ဘောင်းဘီဖင်ကျပ်၊ ပုဆိုးချက်ပြုတ် ဝတ်ဆင်ကြသော **"လမ်းသရဲများ"** ၊ ဆံပင်အရှည်ကြီးထား၊ အင်္ကျီကြယ်သီးမတပ်၊ ကော်လံထောင်ထားကြသော **"လမ်းသရဲများ"**၊ ခေါင်းတုံး(ကတုံး)ထားပြီး ခေါင်းလောင်းဘောင်းဘီဝတ်ဆင်ကြသော "လမ်းဘီလူးများ" ခေတ်စားသောင်းကျန်းခဲ့ကြသည်။

ထို့ကြောင့် ကျွန်တော်တို့ဆယ်တန်းကျောင်းသားဘဝက ပြဋ္ဌာန်းခဲ့သော **"အထက်တန်းကဗျာလက်ရွေးစင်"** စာအုပ်တွင် **"ကဗျာဆရာ စလင်းခင်မောင်ရည်"**၏ **"ဆရာနှင့် သူ၏ကျောင်းသားများ"** ကဗျာကို ဖော်ပြကာ ဆုံးမဩဝါဒပေးခဲ့သည်။

**"ဆရာနှင့် သူ၏ကျောင်းသားများ"**

- ကြယ်သီးမတပ် ရင်ကိုလှပ်၍
  ကြားညှပ်ဘောင်းဘီ ဝတ်ဆင်သည်
  မြန်ပြည်ဖွားမှ ဟုတ်ပါစ။
- အင်္ကျီခါးစည်း၊ အိတ်တွင်ဘီးနှင့်
  လျှော့လျည်းခါးဝတ် ကျွတ်လုလုသည်
  လေညှပါက လျှော့တော့မျှ။
- အနောက်ကတေး သံပြာသေးနှင့်
  ဟစ်ကြွေးသံပြိုင် ဂီတာကိုင်သည်
  နှစ်တိုင်ဝေးမှ ကြားနေရ။
- တာဝန်လည်းမဲ့ စည်းကမ်းဖဲ့၍
  ယိမ်းနဲ့မတ္တိုင် အကျင့်ယိုင်သည်
  မခိုင်နိမ့်ကျ စာရိတ္တ။
- လူမှုမကျေ လမ်းမှာတေ၍
  စာပေမချစ် အတန်းလစ်သည်
  ခေတ်ကိုကျောခိုင်း တပည့်ရှိုင်း။
- အနုပညာ တေးကဗျာနှင့်
  ရိုးရာဂီတ စာပေမှသည်
  မြန်မာ့ဓလေ့ မြန်မာ့ငွေ့ဖြင့်
  လက်တွေ့ထင်ဟပ် သင်စာညှပ်ကာ
  ကြပ်မတ်ညွှန်ပြ တိတကျဖြင့်
  ပြည်ရွှာ့ဝန်ထမ်း ဆရာ့လမ်းဝယ်
  ပုံပန်းမကျ ဤလောကကို
  မြင်ရလေတိုင်း မောတကား။

**စလင်းခင်မောင်ရည်**

ဆရာစလင်းခင်မောင်ရည် ရေးသားခဲ့သော **"လမ်းသရဲ၊ လမ်းဘီလူးခေတ်"**ထက် ၂၀ ရာစုခေတ်က ပိုမိုပြီး သရုပ်ပျက်လာလေရာ ယိုသူမရှက်၊ မြင်သူရှက်ဖွယ်ကောင်းနေသည်။ လမ်းသရဲခေတ်က လူငယ်အမျိုးသားလေးတွေက ဘောင်းဘီရှည် ဖင်ကျပ်တို့သာ ဝတ်ဆင်ခဲ့ကြသော်လည်း ယနေ့ခေတ် မိန်းကလေးတချို့က ပေါင်ရင်းရောက်နေသော ကောင်းဘီတိုအကျပ်၊ စကတ်တိုအကျပ်များနှင့် ကြိုးသိုင်းအတွင်းခံ အင်္ကျီများကို ဝတ်ဆင်နေကြသည်။ ထို့ကြောင့် ကျွန်တော်ကလည်း ဆရာစလင်းခင်မောင်ရည်ကို အားကျအတုယူကာ-

**"ဟိုလှပ် ဒီလှပ် အကုန်လှပ်၍**
**စကတ်အတို ပေါင်ရင်းကိုရောက်**
**ကဲမောက်ကာမ လွန်ထကြွအောင်**
**နှီးဆွမြှူဆွယ် မာယာကြွယ်ပြီး**
**ဖလှယ်သွေးသား ဈေးကစားသည့်**
**ကြေးစားပုံသွင် အရိပ်ထင်အောင်**
**အမြင်ရိုင်းစိုင်း ထင်တိုင်းမိုက်မှား**
**မိန်းမများသည်...**
**မြန်ပြည်ဖွားမှ ဟုတ်ပါစ။** ။ ဟု ရေးသားမိပါတော့သည်။

မျက်မှောက်ခေတ်ကာလမှာ ထင်ရှားသည့် သာဓကတချို့ကို ပမာတင်ပြရလျှင် ယခင်က ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီ ချီးမြှင့်ပွဲ)တွင် အချို့ခန္ဓာကိုယ်အရှေ့ခြမ်းအပေါ်ဘက်နှင့် အနောက်ခြမ်းအပေါ်ဘက်တွင် အရှက်မရှိ ဝတ်စားဆင်ယင်မှုများကို ယိုသူများမရှက်ကြသော်လည်း မြင်သူများကရှက်ကြသောကြောင့် ခြုံပုဝါများလွှမ်းခြုံပေးမည်ဟု ကြိုတင်သတိပေးခဲ့ရသည်။ မြန်မာဆိုင်းဝိုင်းကြီးများတွင် အနောက်တိုင်းတူရိယာများ ထည့်သွင်းခွင့်မပြုကြောင်းနှင့် မြန်မာဇာတ်သဘင်များတွင် အဖော်အချွတ်ရဲတင်းပြီး ကာမရာဂထကြွအောင် မြှူဆွယ်လှုပ်ရှားပြသနေကြသော မော်ဒယ်အမည်ခံမျက်နှာဖုံးစွပ်များကို လုံးဝခွင့်မပြုကြောင်း သတိပေးလမ်းညွှန်ကြပ်မတ်ပေးခဲ့ရသည်။ ဤမျှဆိုလျှင် လက်ရှိခေတ်ကာလအခြေအနေ၏ ယဉ်ကျေးမှုသရုပ်သကန်ကို ခန့်မှန်းနိုင်ကြသည်။

မြန်မာ့လူနေမှုဓလေ့ဝန်းကျင်တွင် မြန်မာ့ယဉ်ကျေးမှုကိုဆန့်ကျင်ပြီး အမေကျော်ဒွေးတော်လွှမ်းနေကြသူများ တစ်နေ့တခြားများပြားလာရာ အချိန်မီတားဆီးဖယ်ရှားပစ်ကြရန်လိုသည်။ ထိုသို့အချိန်မီတားဆီးဖယ်ရှားနိုင်ရေးအတွက် နည်းလမ်းပေါင်းစုံရှိသည့်အနက် နွေရာသီ ၃၈ ဖြာမင်္ဂလာ ယဉ်ကျေးလိမ္မာသင်တန်းများသည် အထိုက်အလျောက် အကျိုးရှိသည်။

ယဉ်ကျေးလိမ္မာသင်တန်းများတွင် ပြည်သူ့နီတိကျင့်ဝတ်များ၊ ဘာသာရေးအဆုံးအမများ၊ ဇာတ်နိပါတ်များ၊အလိမ္မာစာမှာရှိုစာအုပ်စာပေလှူ့မိတ်ဆွေစာဖတ်ခြင်းအကျိုး၊ ပညာရွှေအိုးလူမခိုး၊ လောကီကြီးပွားရေး အောင်မြင်ရေးများကို ပို့ချပေးကြလေ့ရှိသည်။ မင်္ဂလာသင်တန်းများတွင် မင်္ဂလာ၏အဓိပ္ပာယ်ကိုရှင်းပြကာ ၃၈ ဖြာ မင်္ဂလာတရားတော်ကို တစ်ပါးချင်း ရှင်းပြပို့ချကြလေ့ရှိသည်။ မင်္ဂလာသင်တန်းက ပို့ချသော ၃၈ ဖြာမင်္ဂလာ တရားတော်သည် ပြည်သူ့နီတိကျင့်ဝတ်အပါအဝင် လောကီလောကုတ် ဆောင်ဖွယ်ရှောင်ဖွယ်အသွယ်သွယ်ပါရှိရာ ဘဝတက်လမ်းအတွက် အထွေထွေလမ်းညွှန်မင်္ဂလာဖြစ်သည်။

**"သင့်သားတစ်ယောက် ဓားထောက်ကာ ငွေတောင်းမှာကြောက်ရင် လူလားမမြောက်ခင်၊ မင်္ဂလာ တရားကိုသင်"**

**"သင့်သမီးတစ်ယောက် အမြီးအမောက်တည့်စေချင်ရင် အရွယ်မရောက်ခင် မင်္ဂလာတရားကိုသင်"**

**" ကိုယ်နှုတ်စိတ်တွေ ယဉ်ကျေးဖို့ မင်္ဂလာတရားသင်ကြားစို့"**

**"အသိအမြင်မှန်ကန်ဖို့ အဘိဓမ္မာသင်ကြားစို့"**

**"မဂ် ဖိုလ် နိဗ္ဗာန်ရရှိဖို့ ဝိပဿနာရှုကြစို့"**

**(လေးအိမ်စုအရှင်ဝိစိတ္တာရ)**

၃၈ ဖြာမင်္ဂလာတွင် အသေဝနာစဗာလာနံ- လူမိုက်နှင့်မပေါင်းသင်းနှင့်။ ပဏ္ဍိတာနဉ္စသေဝနာ- လူလိမ္မာနှင့် ပေါင်းသင်းပါ။ ပူဇာစပူဇနေယျာနံ- ပူဇော်ထိုက်သူကိုပူဇော်ပါဟူ၍ **"ဆက်ဆံရေးမင်္ဂလာသုံးပါး"**ရှိရာ ဆောင်းပါးအဖွင့်နိဒါန်းတွင် ဖော်ပြခဲ့သည်။

**"နေထိုင်ရေးမင်္ဂလာသုံးပါး"** ရှိရာ "ကုသိုလ်ပညာဥစ္စာရဖို့ သင့်ရာဒေသ အမြဲနေ။ ရှေးကတင်ကြိုးပြုခဲ့ဖူးသည့် ကောင်းမှုအထူးရှိပါစေ။ မိမိကိုယ်ကိုကောင်းအောင်ထိန်းလို့ မတိမ်းစေနဲ့ ဆောက်တည်လေ ဥစ္စာကိုပေး နေထိုင်ရေး မျှော်တွေးသုံးချက်ပေ။ အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ" ဟု ရွတ်ဆိုရှင်းပြကြသည်။

**"ပညာရေးမင်္ဂလာလေးပါး"** ရှိရာ "တတ်ကောင်းတတ်ရာဟူသမျှ ကြားမြင်သုတရှိပါစေ။ အိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့ အသက်မွေးဖို့ တတ်သင်လေ။

❖ **သုံးဆယ့်ရှစ်ဖြာမင်္ဂလာ ယဉ်ကျေးလိမ္မာသင်တန်းများ၏ ရည်ရွယ်ချက်အနှစ်ချုပ်မှာ "မြန်မာ့ယဉ်ကျေးမှုနှင့်အညီ၊ ကျင့်ကြံနေထိုင်သွားကြပြီး အမျိုးဘာသာသာသနာကို စောင့်ရှောက်တတ်သည့်နိုင်ငံသားကောင်း သမီးမွန်လေးများ တိုးပွားပေါ်ထွန်းလာစေရန်" ဖြစ်သည်။ "လူတော်ဖြစ်ဖို့ ပညာရေးနှင့်ပျိုးထောင်စို့"၊ "လူကောင်းဖြစ်ဖို့ ဘာသာရေးနှင့် ပျိုးထောင်စို့" ဟူသောစကားရှိရာ ရိုင်းစိုင်းနေသူများကို ယဉ်ကျေးသိမ်မွေ့လာစေရန်၊ ဘာသာရေးနှင့် လေ့ကျင့်ပျိုးထောင်ပေးကြရန် အထူးပင်လိုအပ်လှသည်။ ထို့ကြောင့် ၃၈ ဖြာမင်္ဂလာ ယဉ်ကျေးလိမ္မာသင်တန်းများကို အခါအားလျော်စွာ ဖွင့်လှစ်ပို့ချပေးနေခြင်းဖြစ်သည်။** ❖

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံ့သွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



ဝက်လက် ဩဂုတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် ဟင်းသီးဟင်းရွက် ၄၂၂၅ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၃၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ၄၂၂၅ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာ ၄၃၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မုန်ညင်း၊ ငရုတ်၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥစတဲ့ သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို ကောင်းစွာသင်ကြား နားလည်စေ မှန်ကန်ယဉ်ကျေး ချိုသာအေး ဆိုရေးတတ်ပါစေ။"

**"ပြုစုစောင့်ရှောက်ရေး မင်္ဂလာသုံးပါး"** ရှိရာ "မြင်းမိုရ်ရွှေတောင် မိဘကြွေးကို ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ။ ကြွေးသစ်ချကာ သားနှင့်မယားကို မြှောက်စားချီးမြှင့် ဝတ်ကုန်စေ။ အလုပ်တာဝန် မလစ်ဟင်းနဲ့ အပြစ်ကင်းအောင်လုပ်ပါလေ။ စည်းစိမ်ကိုပေးဆက်ဆံရေး မြော်တွေးသုံးချက်ပေ"

**"လိုက်နာကျင့်သုံးရေးမင်္ဂလာလေးပါး"** ရှိရာ "သုံးတန်စေတနာ ဖြူစင်လန်းလို့ ပေးကမ်းဝေမျှ လှူနိုင်စေ။ ကိုယ် နှုတ် စိတ်ကြံ မမိုက်မှားနဲ့ သုစရိုက်တရားကို ကျင့်ပါလေ။ ဆွေမျိုးတွေကို ပစ်မထားနဲ့ သင်္ဂဟတရားနှင့် ချီးမြှောက်လေ။ သန့်စင်ပြစ်မျိုး လူထုကျိုးသယ်ပိုးရွက်ဆောင်စေ"

**"ရှောင်ကြဉ်ရေး မင်္ဂလာလေးပါး"** ရှိရာ "မကောင်းမှုတွေ ဟူသမျှကို မတွေ့ခင်က ရှောင်ကြဉ်လေ။ တွေ့ကြုံလာရင် မလွန်ကျူးနဲ့၊ အထူးသဖြင့် စောင့်စည်းနေ။ ရက်သေစာ မသောက်စားနဲ့ မှောက်မှားတတ်တဲ့အရာပေ။ လုပ်ကိုင်ပြောကြား သတိထားတရားမမေ့စေ"

**"စိတ်နေစိတ်ထားရေးမင်္ဂလာငါးပါး"** ရှိရာ "အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက ဆည်းကပ်ခစား ရှိသေလေ။ မာနတံခွန် ဂုဏ်မကြွနှင့် ကိုယ်ကိုနှိမ့်ချအမြဲနေ။ လောဘအပို လိုမလိုက်နဲ့ ကိုယ့်ထိုက်တာနဲ့ကျေနပ်လေ။ ကိုယ့်ပေါ် ပြုဖူး သူ့ကျေးဇူး အထူးသိတတ်စေ။ ကောင်းကျိုးဆင့်ပွား မြတ်တရား နာကြားမပြတ်ပေ"

**"သည်းခံရေးမင်္ဂလာလေးပါး"** ရှိရာ "ဝတ်စားနေထိုင် ရန်ခပ်သိမ်း စိတ်ကိုချုပ်ထိန်း သည်းခံလေ။ ကျိုးကြောင်းပြည့်ဝန် ဆုံးမစကားကို ပြောကြားလာက နာလွယ်စေ။ သူမြတ်ပုဂ္ဂိုလ်ဟူသမျှကို မကြာခဏ တွေ့ဆုံလေ။ သဘာဝတွေး မှန်ကန်ရေး ဆွေးနွေးမပြတ်ပေ"

**"မြိုးမြိုင်ရွှင်တာရေးမင်္ဂလာလေးပါး"** ရှိရာ "လောကီအာရုံ ဇိမ်ယစ်မူးလို့ ပျော်မကျူးနဲ့ ခြိုးခြံလေ။ မေတ္တာ ဗြဟ္မာစိုရ် လက်ကိုင်သုံးလို့၊ သူမြတ်ကျင့်ထုံး ယွင်းမသွေ။ လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့ အမှန်သိအောင် ကြိုးစားလေ။ ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချင်း အလင်းပေါက်ပါစေ"

**"စိတ်ဓာတ်ခိုင်မာရေးမင်္ဂလာလေးပါး"** ရှိရာ "ဆင်းရဲချမ်းသာ သဘာဝကို တွေ့ကြုံနေကြ လူတိုင်းပေ။ ကောင်းဆိုးနှစ်တန် အစုံတွဲလို့ တစ်လဲစီလည်း အမြဲနေ။ လောကဓံကြုံ မဖြုံတမ်းပေါ့ မတုန်စမ်းနဲ့ စိတ်ခိုင်စေ။ သောကကိုထိန်း ရမ္မက်သိမ်း အောင်ငြိမ်းချမ်းသာနေ။ အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ"

၃၈ ဖြာမင်္ဂလာကို (၁) ဆက်ဆံရေးမင်္ဂလာသုံးပါး (၂) နေထိုင်ရေးမင်္ဂလာသုံးပါး၊ (၃) ပညာရေးမင်္ဂလာ လေးပါး (၄) ပြုစုစောင့်ရှောက်ရေး မင်္ဂလာသုံးပါး (၅) လိုက်နာကျင့်သုံးရေးမင်္ဂလာလေးပါး (၆) ရှောင်ကြည်ရေး မင်္ဂလာလေးပါး (၇) စိတ်နေသဘောထားရေး မင်္ဂလာငါးပါး (၈) သည်းခံရေးမင်္ဂလာလေးပါး (၉) မြိုးမြိုင်ရွှင်တာရေး မင်္ဂလာလေးပါး (၁၀) စိတ်ဓာတ်ခိုင်မာရေးမင်္ဂလာလေးပါးဟူ၍ ခွဲခြားစိတ်ဖြာကာ ကလေးသူငယ်လူငယ်များ နားလည်အောင် လှုံ့ဆော်လေ့ကျင့်ပေးနေကြသည်။ မွန်မြတ်လှသော မင်္ဂလာလေ့ကျင့်ပျိုးထောင်မှုများ ဖြစ်ကြသည်။

သို့ဖြစ်ရာ လူတော်များပေါ်များလာအောင်၊ ပညာရေးနှင့်ပြုစုပျိုးထောင်ပေးကြရသကဲ့သို့ လူကောင်းများ တိုးပွားလာအောင် ဘာသာရေးနှင့်ပြုစုပျိုးထောင်ပေးနေကြရပေလိမ့်မည်။ ဖူးငုံစပန်းကလေးများ၊ သီးကင်းစ ကလေးသူငယ်များအတွက် ဘဝတက်လမ်းများကို လမ်းညွှန်နည်းပြ ပျိုးထောင်ပေးကြရာရောက်သော **"၃၈ ဖြာ မင်္ဂလာယဉ်ကျေးလိမ္မာသင်တန်းများနှင့် မင်္ဂလာအဘိဓမ္မာသင်တန်းများ"**ကို တိုးပွားများပြားသည်ထက် တိုးပွားများပြားအောင် အကျိုးဆောင်နိုင်ကြပါစေဟု ဆန္ဒမွန်ပြုလိုက်ရပါသည်။

## စိတ်ကောင်းဆောင်ကြ လူ့ဘဝ

\- စိတ်ကောင်းသာ ပြုဆောင်ကြ
လူ့ဘောင်ဘဝ ရောက်ချိန်မှာ၊
မကောင်းစိတ်ကို ဘယ်မမွေး
ဝေးဝေးရှောင်ခွာ၊
လူသားချင်း ကိုယ်ချင်းစာ
ချစ်ခြင်းမေတ္တာ ကိုယ်စီပွား၊
ဒေါသမာန်တွေ အမြစ်ပြုတ်
ဖယ်ထုတ်စို့လား။

\- လူတိုင်းပေါ် စိတ်ကောင်းထား
အရိပ်ကောင်းများ ပေးဖြန့်ဝေ၊
ကရုဏာ အကြင်နာအပြုံး
ကျင့်သုံးဆောင်လေ၊
သုံးဆယ့်ရှစ်ပါး မင်္ဂလာတွေ
ရင်မှာမသွေ ဆောက်တည်ပေး၊
တန်ဖိုးရှိသူ လူသားအဖြစ်
ထုဆစ်စို့လေး။

\- ကောင်းရာကို ကြံစည်တွေးလို့
ဘဝရှေ့ရေး လှစေတကယ်၊
စိတ်ကောင်းဆောင် အောင်မြင်ရ
တောက်ပစဉ်ကွယ်၊
သုံးဆယ့်ရှစ်ပါး မင်္ဂလာရယ်
ရင်မှာတွယ် ကျင့်ကြံအထူး၊
စိတ်သန္တာန်မှာ အမုန်းမဖက်နဲ့ကွယ်
ပြုံးလျက်ကြည်နူး။ ။

ရဲသွေးနီ(တက်ဝန်)

# တာချီလိတ်မြို့နယ် ဟွေခိုက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

တာချီလိတ် ဩဂုတ် ၁၃

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် ဟွေခိုက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမျိုးမင်းသန့်၊ တာချီလိတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အမာလွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဟွေခိုက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူး ဦးမျိုးမင်းသန့်က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေး လုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ဟွေခိုက်ကျေးရွာ၌ လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၀ ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်း ပံ့ပိုးငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၆ ဒသမ ၅ သိန်း စုစုပေါင်းငွေကျပ် ၁၆၆ ဒသမ ၅ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေလ ၂၂ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဇင်မာ

# တရုတ်ဝန်ကြီးချုပ်ဟောင်း ကျူရောင်ကျိ ကွယ်လွန်




**ပေကျင်း ဩဂုတ် ၁၃**

တရုတ်နိုင်ငံ၏ဈေးကွက်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ဦးဆောင်ခဲ့သော ဝန်ကြီးချုပ်ဟောင်း ကျူရောင်ကျိသည် ဩဂုတ် ၁၂ ရက်တွင် ကွယ်လွန်ခဲ့ကြောင်း တရုတ်မီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်ဟု Xin-hua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဝန်ကြီးချုပ်ဟောင်း ကျူရောင်ကျိသည် နာမကျန်းဖြစ်မှုကြောင့် ကွယ်လွန်ခဲ့ခြင်းဖြစ်ပြီး ကွယ်လွန်ချိန်တွင် အသက် ၉၇ နှစ် ရှိပြီဖြစ်ကြောင်း Xinhua သတင်းဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ကျူရောင်ကျိသည် ၁၉၉၀ ပြည့်နှစ်များအတွင်း နိုင်ငံပိုင်စက်မှုလုပ်ငန်းကဏ္ဍကို အပြောင်းလဲများ ပြုလုပ်ပေးခဲ့ခြင်းဖြင့် တရုတ်စီးပွားရေး တစ်ရှိန်ထိုးမြင့်တက်လာစေရန် ကူညီပေးခဲ့သူ ဖြစ်သည်။

ထို့ပြင် ကျူရောင်ကျိ၏ ကြိုးပမ်းအားထုတ်မှုဖြင့် တရုတ်နိုင်ငံသည် ၂၀၀၁ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)၌ အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်နိုင်ခဲ့သည်။

ကျူရောင်ကျိသည် ၁၉၉၃ ခုနှစ်မှ ၁၉၉၈ ခုနှစ်ထိ တရုတ်ဒုတိယဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့ပြီး ၁၉၉၈ ခုနှစ်မှ ၂၀၀၃ ခုနှစ်ထိတိုင် ဝန်ကြီးချုပ်အဖြစ် ဆက်လက်တာဝန်ယူခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း ကျူရောင်ကျိသည် ပေကျင်းမြို့ စင်းဟွာတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သူဖြစ်ပြီး ၁၉၄၉ ခုနှစ်တွင် တရုတ်ကွန်မြူနစ်ပါတီသို့ ဝင်ရောက်ခဲ့သည်။

ကျူရောင်ကျိသည် တရုတ်ခေါင်းဆောင်ကြီး မော်စီတုန်း၏ ဇာတိမြေဖြစ်သော ဟူနန်ပြည်နယ်၌ ၁၉၂၈ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် မွေးဖွားခဲ့သူဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# ဂျပန်နှင့်ပိုင်ဆိုင်ခွင့် အငြင်းပွားနေသော အိုင်တူရုပ်ကျွန်းသို့ ရုရှားသမ္မတ ပူတင် သွားရောက်

**မော်စကို ဩဂုတ် ၁၃**

ရုရှားသမ္မတပူတင်သည် ဂျပန်နိုင်ငံနှင့် ပိုင်ဆိုင်ခွင့်အငြင်းပွားနေသော အိုင်တူရုပ်ကျွန်းပေါ်သို့ သွားရောက်ခဲ့ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အိုင်တူရုပ်ကျွန်းသည် ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုး ကျွန်းအနီးတည်ရှိသော ကူရိုင်းကျွန်းတန်းဆက်၏ အဆုံးတွင်တည်ရှိသည့် ပစိဖိတ်ဒေသကျွန်း တစ်ကျွန်းဖြစ်သည်။



ကူရိုင်းကျွန်းတန်းဆက်ကို ရုရှားနိုင်ငံက ထိန်းချုပ်ထားသော်လည်း ဂျပန်နိုင်ငံကလည်း ထိုကျွန်းတန်းဆက်ကို ပိုင်ဆိုင်ခွင့်တောင်းဆိုထားသည်။

ရုရှားသမ္မတ ပူတင်သည် ရုရှားအရှေ့ဖျားဒေသ၌ ပြုလုပ်ခဲ့သည့် ရေတပ် စစ်ရေးလေ့ကျင့်မှုများကို သွားရောက် စစ်ဆေးပြီးနောက် အိုင်တူရုပ်ကျွန်းပေါ်သို့သွားရောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါခရီးစဉ်သည် ရုရှားသမ္မတ ပူတင်၏ ပထမဆုံးသော အိုင်တူရုပ်ကျွန်း ခရီးစဉ်ဖြစ်ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ရုရှားနှင့် ဂျပန်နိုင်ငံတို့သည် ဒုတိယကမ္ဘာစစ် ပြီးဆုံးခဲ့သည်မှာ နှစ်ပေါင်း ၈၀ ကျော်ရှိပြီဖြစ်သော်လည်း ကူရိုင်းကျွန်းတန်းဆက် ပိုင်ဆိုင်ခွင့်အငြင်းပွားမှုကြောင့် တရားဝင်ငြိမ်းချမ်းရေး စာချုပ် ရယူနိုင်မှုမရှိသေးကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# သေဒဏ်ကျင့်သုံးမှုကို လက်ဘနွန်လွှတ်တော် ဖျက်သိမ်း

**ဘေရွတ် ဩဂုတ် ၁၃**

ရာဇဝတ်မှုများအတွက် သေဒဏ်ကျင့်သုံးမှုကို လက်ဘနွန်လွှတ်တော်က ဖျက်သိမ်းခဲ့ကြောင်း ဩဂုတ် ၁၂ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

လက်ဘနွန် လွှတ်တော်၏ အဆိုပါ ဆုံးဖြတ်ချက်ကြောင့် လက်ဘနွန်နိုင်ငံသည် သေဒဏ်ကျင့်သုံးမှုကို ဖျက်သိမ်းခဲ့သော ကမ္ဘာ့ပထမဆုံး အာရပ်နိုင်ငံဖြစ်လာသည်။

ဩဂုတ် ၁၁ ရက်တွင် ကျင်းပခဲ့သော လွှတ်တော်ဆွေးနွေးပွဲတွင် သေဒဏ်ကျင့်သုံးမှုကို ဖျက်သိမ်း၍ ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်၊ အလုပ်ကြမ်း ပြစ်ဒဏ်များဖြင့် အစားထိုးရေး အဆိုပြုချက်ကို လက်ဘနွန်လွှတ်တော် အမတ်များက မဲခွဲဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါမဲခွဲပွဲတွင် သေဒဏ်ကျင့်သုံးမှု ပယ်ဖျက်ရေးအဆိုကို လက်ဘနွန် လွှတ်တော်အမတ် ၁၂၈ ဦးအနက် အများစုက ထောက်ခံမဲ ပေးခဲ့ကြကြောင်း သိရသည်။

လက်ဘနွန်နိုင်ငံသည် သေဒဏ်ကျတရားခံများကွပ်မျက်စီရင်မှုကို ၂၀၀၄ ခုနှစ် ဇန်နဝါရီလမှစ၍ ရပ်ဆိုင်းထားသော်လည်း သေဒဏ်စီရင်ချက်များကို ဆက်လက်ချမှတ်ခဲ့သည်။

လက်ဘနွန် လွှတ်တော်သည် အငြင်းပွားဖွယ် အတွေတွေ လွတ်ငြိမ်းချမ်းသာခွင့် ဆိုင်ရာ ဥပဒေကြမ်း တစ်ရပ်ကိုလည်း ဆွေးနွေးလျက်ရှိရာ ထိုဥပဒေကြမ်းအရ ပြစ်ဒဏ်လွတ်ငြိမ်းမှု၊ ပြစ်ဒဏ်ကာလ လျှော့ပေါ့မှုများကို မူးယစ် မှောင်ခိုသမားများ၊ လက်နက်ကိုင် အဖွဲ့များလည်း ခြွင်းချက်များနှင့် ရယူခံစားနိုင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# အမေရိကန်ကြည်းတပ် အပါချီရဟတ်ယာဉ် တက္ကဆက်ပြည်နယ်၌ ပျက်ကျ၊ တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

**နယူးယောက် ဩဂုတ် ၁၃**

အမေရိကန်ကြည်းတပ်မှ အပါချီတိုက်ခိုက်ရေး ရဟတ်ယာဉ်တစ်စင်း ဩဂုတ် ၁၂ ရက်တွင် တက္ကဆက်ပြည်နယ်၌ ပျက်ကျခဲ့ရာ တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဖို့ဒ်ဟုဒ်စစ်စခန်း၌ တပ်စွဲထားသော အဆိုပါအပါချီရဟတ်ယာဉ်သည် တက္ကဆက်ပြည်နယ် လယ်ကွက်တစ်ခုပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ကြည်းတပ်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ အပါချီရဟတ်ယာဉ်သည် တက္ကဆက်ပြည်နယ်၏ မြို့တော် အော်စတင်မြို့နှင့်မိုင် ၆၀ ခန့်အကွာ ဘဲလ်ကောင်တီခရိုင်၌ ပျက်ကျခဲ့ခြင်းဖြစ်သည်။

အပါချီ ရဟတ်ယာဉ်ပျက်ကျမှုကြောင့် သေဆုံးခဲ့သူ တပ်ဖွဲ့ဝင်နှစ်ဦး၏အမည်များကို ဖို့ဒ်ဟုဒ် စစ်စခန်းတာဝန်ရှိသူများက ထုတ်ပြန်ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

လက်ရှိတွင် အပါချီရဟတ်ယာဉ်ပျက်ကျရခြင်း အကြောင်းရင်းကို အမေရိကန်ကြည်းတပ်က သတင်းထုတ်ပြန်ထားခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# တရုတ်ပြည်တွင်းထုတ် စီ ၉၁၉ ခရီးသည်တင် ဂျက်လေယာဉ် ပထမဆုံး နိုင်ငံတကာခရီးစဉ်ပျံသန်း

**ပေကျင်း ဩဂုတ် ၁၃**

တရုတ်နိုင်ငံ၏ပြည်တွင်းထုတ် ခရီးသည်တင် ဂျက်လေယာဉ်ဖြစ်သော စီ ၉၁၉ သည် ပထမဆုံးနိုင်ငံတကာခရီးစဉ်ကို ဩဂုတ် ၁၂ ရက်တွင် အောင်မြင်စွာပျံသန်းနိုင်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

စီ ၉၁၉ ခရီးသည်တင် ဂျက်လေယာဉ်သည် ပထမဆုံးနိုင်ငံတကာခရီးစဉ်အဖြစ် တရုတ်နိုင်ငံမှမွန်ဂိုလီးယားနိုင်ငံသို့ ပျံသန်းခဲ့ခြင်းဖြစ်သည်။

အဆိုပါခရီးစဉ်အတွင်း စီ ၉၁၉ ဂျက်လေယာဉ်သည် ဩဂုတ် ၁၂ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၁၇ မိနစ်တွင် ပေကျင်းမြို့မှ စတင်ထွက်ခွာပျံသန်းခဲ့ပြီး ညနေ ၄ နာရီ ၅၈ မိနစ်တွင် မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတောလေဆိပ်သို့ ဆင်းသက်ခဲ့ကြောင်း တရုတ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံသည် စီ ၉၁၉ ခရီးသည်တင် ဂျက်လေယာဉ်များဖြင့် နိုင်ငံတကာလေကြောင်းဈေးကွက်ကို နှစ်ပေါင်းများစွာ စိုးမိုးထားသော ဘိုးအင်းကုမ္ပဏီနှင့် အဲဘတ်စ်ကုမ္ပဏီတို့ကိုယှဉ်ပြိုင်ရန် ရည်ရွယ်ထားသည်။

သို့ရာတွင် လက်ရှိ စီ ၉၁၉ ခရီးသည်တင် ဂျက်လေယာဉ်ကို အမေရိကန်နိုင်ငံနှင့် ဥရောပသမဂ္ဂ လေကြောင်းအာဏာပိုင် အဖွဲ့အစည်းများက သုံးစွဲခွင့် အတည်ပြုချက် ပေးထားခြင်း မရှိသေးကြောင်း သိရသည်။

စီ ၉၁၉ ခရီးသည်တင် ဂျက်လေယာဉ်ကို နိုင်ငံပိုင် မီအိုအမ်အေစီ လေကြောင်းကော်ပိုရေးရှင်းက တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



# စပေ့အိတ်ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဂြိုဟ်တုအုပ်စုသစ်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့



**ဝါရှင်တန် ဩဂုတ် ၁၃**

အမေရိကန်နိုင်ငံအခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဂြိုဟ်တုအုပ်စုသစ်ကို ဩဂုတ် ၁၁ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း ဩဂုတ် ၁၂ ရက် သတင်းများအရ သိရသည်။

အဆိုပါ စတားလင့်ခ်ဂြိုဟ်တု ၂၉ စင်းကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသ စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် ဂြိုဟ်တု ၂၉ စင်းကို ကမ္ဘာပတ်လမ်း အနိမ့်ပိုင်းသို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမ အဆင့် ပင်မဒုံးယာဉ်ကမူ အတ္တလန္တိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည် ဆင်းသက်နိုင်ခဲ့သည်။

စပေ့အိတ်ကုမ္ပဏီသည် ယခုနှစ်အတွင်း ဖယ်လ်ကွန်-၉ ဒုံးပျံ မစ်ရှင်ပေါင်း ၈၃ ခုထိ လွှတ်တင်ထားရာ ၎င်းမစ်ရှင်များအနက် ၇၂ ခုမှာ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်၌ စတားလင့်ခ် ဂြိုဟ်တုစင်းရေ ၁၉၀၀ ကျော်ထိ ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# လေထုညစ်ညမ်းမှုပြဿနာကြောင့် သွေးလေးဖက်နာ ရောဂါလက္ခဏာများ ပိုမိုဆိုးရွားလာနိုင်

**ဆိုးလ် ဩဂုတ် ၁၃**

ဖုန်မှုန့်၊ ကြပ်ခိုး၊ မီးခိုးငွေ့ စသည့်လေထုညစ်ညမ်းမှုပြဿနာကြောင့် သွေးလေးဖက်နာရောဂါ (Rheumatoid Arthritis) ရှိသူများ၌ ရောဂါလက္ခဏာများ ပိုဆိုးလာနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၁၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

သွေးလေးဖက်နာရောဂါသည် အရိုးအဆစ်တစ်ရှူးများကို လူ့ခုခံအားစနစ်က မှားယွင်းတိုက်ခိုက်ချိန်တွင် ဖြစ်ပွားတတ်ပြီး ၎င်းရောဂါဖြစ်ပွားခဲ့ပါက လက်၊ လက်ကောက်ဝတ်နှင့် ခြေထောက်များ ရောင်ရမ်းပြီး နာကျင်ကိုက်ခဲလာတတ်ကြောင်း သိရသည်။

ယခင်ပြုလုပ်ခဲ့သော လေ့လာချက်များတွင် လေထုညစ်ညမ်းမှုပြဿနာကြောင့် သွေးလေးဖက်နာရောဂါ ဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

သို့သော် တောင်ကိုရီးယား သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လေထုညစ်ညမ်းမှုပြဿနာသည် သွေးလေးဖက်နာလူနာများ၏ ရောဂါလက္ခဏာများ ပိုမိုဆိုးရွားလာမှုနှင့် ဆက်စပ်နေကြောင်း သိရသည်။

တောင်ကိုရီးယား သုတေသနပညာရှင်များသည် သွေးလေးဖက်နာရောဂါလူနာ ဦးရေ ၁၀၇၀ တို့၏ သတင်း အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# တရုတ်နိုင်ငံက ကမ္ဘာဂြိုဟ်ကာကွယ်ရေး ဓာတ်ခွဲခန်းကို တရုတ်နိုင်ငံအရှေ့ပိုင်း အန်းဟွီးပြည်နယ် ဟီဖိုင်မြို့တော်၌ တည်ဆောက်မည်

**ပေကျင်း ဩဂုတ် ၁၃**

အင်္ဂါဂြိုဟ်ကျောက်သားနမူနာများရယူရေးမစ်ရှင်ကို အကောင်အထည်ဖော်နေသည့် တရုတ်နိုင်ငံသည် ကမ္ဘာဂြိုဟ်ကာကွယ်ရေး ဓာတ်ခွဲခန်းကို တရုတ်နိုင်ငံအရှေ့ပိုင်း အန်းဟွီးပြည်နယ် ဟီဖိုင်မြို့တော်၌ တည်ဆောက်မည်ဖြစ်ကြောင်း ဩဂုတ် ၁၂ ရက်သတင်းများအရ သိရသည်။

အဆိုပါ ကမ္ဘာဂြိုဟ်ကာကွယ်ရေးဓာတ်ခွဲခန်းသည်ကမ္ဘာပေါ်သို့ ရောက်ရှိလာမည့် အင်္ဂါဂြိုဟ် ကျောက်သားနမူနာများနှင့် ကမ္ဘာဂြိုဟ်၏ ဇီဝဝန်းကျင်နှစ်ခုစလုံးကို အကာအကွယ်ပေးမည်ဖြစ်ကြောင်း သိရသည်။



၎င်းဓာတ်ခွဲခန်းသည် ကမ္ဘာပေါ်သို့ ရောက်ရှိလာမည့် အင်္ဂါဂြိုဟ် ကျောက်သားနမူနာများကို ပိုးသန့်စင်ခြင်း၊ ထုတ်ယူစစ်ဆေးခြင်း စသည့် ကမ္ဘာဂြိုဟ်၏ ဇီဝဝန်းကျင်ပေါ်သို့အကျိုးသက်ရောက်နိုင်မှုများကို အကဲဖြတ်ဆန်းစစ်ရေးတာဝန်များကို ရယူမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဓာတ်ခွဲခန်းသည် အဓိက အာကာသမစ်ရှင်ကြီးများကို အကောင်အထည်ဖော်ရေးနှင့် အင်္ဂါဂြိုဟ်ကျောက်သားနမူနာများကို သိပ္ပံနည်းကျ လေ့လာနိုင်ရေးတို့အတွက် အထောက်အကူပြုမည်ဖြစ်သည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ယခုနှစ် ဧပြီလအတွင်း တီယန်ဝန်-၃ မစ်ရှင်လွှတ်တင်ရေး လမ်းပြမြေပုံကို ကြေညာထားကြောင်း၊ အဆိုပါ လမ်းပြမြေပုံအရ တရုတ်အမျိုးသားအာကာသအေဂျင်စီသည် တီယန်ဝန်-၃ အာကာသမစ်ရှင်ကို ၂၀၂၈ ခုနှစ်တွင် လွှတ်တင်ရန် အင်္ဂါဂြိုဟ်ကျောက်သားနမူနာများကို ရယူမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# နေ့စဉ်လေ့ကျင့်ခန်းပြုလုပ်ချိန်ကို မိနစ်အနည်းငယ်လျှော့ချခဲ့ပါက ကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**လန်ဒန် ဩဂုတ် ၁၃**

နေ့စဉ် လေ့ကျင့်ခန်းပြုလုပ်ချိန်ကို မိနစ်အနည်းငယ်လျှော့ချခဲ့ပါက ကင်ဆာရောဂါများဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၁၂ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ လန်ဒန်ကောလိပ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ လူသားများအနေဖြင့် ဘဝတစ်လျှောက်လုံး ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ ပြုလုပ်သင့်ပြီး အသက်အရွယ်ရလာချိန်တွင်လည်း မရပ်နားသင့်ကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် ပျမ်းမျှအသက် ၆၁ ဒသမ ၇ နှစ်ရှိသည့် လူပေါင်း ၅၉၂၁၈ ဦး တို့၏ အချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ လေ့ကျင့်ခန်းပြုလုပ်ချိန် နည်းလေလေ၊ ကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်မားလေလေဖြစ်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

အလားတူ နေ့စဉ်လေ့ကျင့်ခန်း ပြုလုပ်ချိန်ကို မိနစ်အနည်းငယ်မျှ လျှော့ချခဲ့လျှင်ပင် ကင်ဆာရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက် ၁၅ ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ယခင်ပြုလုပ်ခဲ့သော လေ့လာချက်များတွင်လည်း ကိုယ်လက်လှုပ်ရှားမှုအဆင့် မြင့်မားမှုသည် ဆီးအိတ်ကင်ဆာ၊ ရင်သားကင်ဆာနှင့် အူမကြီးကင်ဆာရောဂါဖြစ်နိုင်ခြေများ ကျဆင်းသွားနိုင်ကြောင်း နိုင်ငံတကာ သုတေသနပညာရှင်များက တင်ပြခဲ့ကြပြီးဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# တရုတ်အမျိုးသားအာကာသအေဂျင်စီက လောင်းမတ်ချ်-၇ အေ ဒုံးပျံဖြင့် ဆက်သွယ်ရေးဂြိုဟ်တုတစ်စင်းလွှတ်တင်ခဲ့ရာ အောင်မြင်မှုမရှိခဲ့ဘဲ ဒုံးပျံယာဉ်ပေါက်ကွဲခဲ့

**ပေကျင်း ဩဂုတ် ၁၃**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် လောင်းမတ်ချ်-၇ အေ ဒုံးပျံဖြင့် ဆက်သွယ်ရေးဂြိုဟ်တုတစ်စင်း လွှတ်တင်ခဲ့ရာ အောင်မြင်မှုမရှိခဲ့ဘဲ ဒုံးပျံယာဉ်ပေါက်ကွဲခဲ့ရကြောင်း ဩဂုတ် ၁၂ ရက် သတင်းများအရ သိရသည်။

ကျုံးရှင်-၄ ဘီ အမည်ရှိ ဆက်သွယ်ရေးဂြိုဟ်တု သယ်ဆောင်ထားသည့် လောင်းမတ်ချ်-၇ အေ ဒုံးပျံကို တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ် ဝန်ချန်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် လွှတ်တင်ပြီး ၈၅ စက္ကန့်အကြာတွင် လောင်းမတ်ချ်-၇ အေဒုံးပျံသည် ကမ္ဘာ့လေထုလွှာအတွင်းမှာပင် ပေါက်ကွဲပျက်စီးခဲ့ပြီး ကျုံးရှင်း-၄ ဘီ ဆက်သွယ်ရေးဂြိုဟ်တုကိုလည်း ဆုံးရှုံးခဲ့ရသည်။

လက်ရှိအချိန်တွင် လောင်းမတ်ချ်-၇ အေ ဒုံးပျံပေါက်ကွဲရခြင်း နောက်ခံ အကြောင်းတရားကို စုံစမ်းစစ်ဆေးနေသည်ဟု တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်း ထုတ်ပြန်ထားသည်။

အဆိုပါ မစ်ရှင်သည် ၂၀၂၀ ပြည့်နှစ်တွင် စတင်လွှတ်တင်ခဲ့သော လောင်းမတ်ချ်-၈ အေ ဒုံးပျံ၏ ၁၈ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း၊ လောင်းမတ်ချ်-၇ အေ ဒုံးပျံသည် အလေးချိန် ခုနစ်တန်ရှိဂြိုဟ်တုနှင့် အာကာသယာဉ်မှူးများကို ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၂၂၀၀၀ ကျော် အကွာရှိ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# WBO အဖွဲ့ချုပ်က ကမ္ဘာ့လိုက်ဟဲဗီးဝိတ်တန်း ချန်ပီယံဘီဗိုလ်ကို ချန်ပီယံခါးပတ်ကာကွယ်ရန် ညွှန်ကြား



ဆန်ဖရန်စစ္စကို ဩဂုတ် ၁၃

ပွာတိုရီကိုနိုင်ငံတွင် အခြေစိုက်သည့် WBO လက်ဝှေ့အဖွဲ့ချုပ်က ကမ္ဘာ့လိုက် ဟဲဗီးဝိတ်တန်း ချန်ပီယံ ရုရှားလက်ဝှေ့သမား ဘီဗိုလ်ကို လက်ရှိချန်ပီယံခါးပတ်ကာကွယ်ရန် ညွှန်ကြားခဲ့ကြောင်း DAZN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘီဗိုလ်သည် ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ရုရှားလက်ဝှေ့သမား တစ်ဦးပင်ဖြစ်သည့်ဘီတာဘီယက်ဗ်ကို ရှုံးနိမ့်ကာ ကမ္ဘာ့ချန်ပီယံခါးပတ်ကို လက်လွှတ်ခဲ့ရသော်လည်း ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် ဘီတာဘီယက်ဗ်နှင့် မကျေပွဲစဉ်ထိုးသတ်ခဲ့ရာ ပြန်လည်အနိုင်ရခဲ့ပြီးနောက် ကမ္ဘာ့လိုက်ဟဲဗီး ဝိတ်တန်း၏ ချန်ပီယံဖြစ်လာခဲ့သည်။

ထို့နောက် ၎င်းတို့ကြားတတိယမြောက် မကျေပွဲစဉ်ထိုးသတ်သွားရန် သတင်းများထွက်ပေါ်ခဲ့သော်လည်း အဖွဲ့ချုပ်က ချန်ပီယံကို စိန်ခေါ်ခွင့်ရထားသည့် လက်ဝှေ့သမားနှင့်ထိုးသတ်ရန် ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

WBO အဖွဲ့ချုပ် ဥက္ကဋ္ဌက"WBO ကမ္ဘာ့လိုက်ဟဲဗီး ဝိတ်တန်း ချန်ပီယံကာကွယ် ပွဲစဉ်အတွက် စတင်ဆွေးနွေးသွားဖို့ လက်ရှိချန်ပီယံဘီဗိုလ်ကို ညွှန်ကြားထားပါတယ်။ ဩဂုတ် ၂၀ ရက်မှာ အပြီးသတ်ဆွေးနွေးသွားဖို့လဲ ညွှန်ကြားထားပါတယ်။ ချန်ပီယံစိန်ခေါ်ခွင့်ရထားတဲ့ ဗြိတိန်လက်ဝှေ့သမား ကောလမ်စမစ်နဲ့ ထိုးသတ်သွားဖို့လဲ ညွှန်ကြားထားပါတယ်။ ဆွေးနွေးမှုပေါ်မှာ မူတည်ပြီးတော့ ထိုးသတ်သွားမဲ့နေရာနဲ့ အချိန်ကို သတ်မှတ်သွားမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : DAZN
Trs : AZL

# ပီအက်စ်ဂျီအသင်းက ချန်ပီယံလိဂ်ဖလားနှင့် ဥရောပစူပါဖလားတို့ကို နှစ်ကြိမ်ဆက်ဆွတ်ခူးနိုင်သည့် စတုတ္ထမြောက်အသင်းဖြစ်လာ

ပဲရစ် ဩဂုတ် ၁၃




၂၀၂၆ ခုနှစ် ဥရောပစူပါဖလားဖိုင်နယ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် ပီအက်စ်ဂျီအသင်းနှင့် အေဗီလာအသင်းတို့ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရပြီး ချန်ပီယံဆုဖလားဆွတ်ခူးခဲ့ပြီးနောက် ချန်ပီယံလိဂ်ဖလားနှင့် ဥရောပစူပါဖလားတို့ကို နှစ်ကြိမ်ဆက်ဆွတ်ခူးနိုင်သည့် စတုတ္ထမြောက်အသင်း ဖြစ်လာခဲ့ကြောင်း LiveScore သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် မိနစ် ၂၀ တွင် ခါဗာရက်ခ်ီလီယာနှင့် ပွဲချိန် ၆၁ မိနစ်တွင် ဒူဝဲတို့ကသွင်းယူခဲ့ပြီး အေဗီလာအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၄၅ မိနစ်တွင် မက်ဂျိကသွင်းယူခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် ၂၀၂၄-၂၀၂၅ဘောလုံးရာသီကချန်ပီယံလိဂ်ဖလားဆွတ်ခူးခဲ့ပြီး ၂၀၂၅ ခုနှစ် ဥရောပစူပါဖလားကို ဆွတ်ခူးခဲ့သည့်အပြင် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီကလည်း ချန်ပီယံလိဂ်ဖလားကို ထပ်မံဆွတ်ခူးခဲ့ပြီးနောက် ယခုအခါတွင်လည်း ၂၀၂၆ ခုနှစ် ဥရောပစူပါဖလားကို ထပ်မံဆွတ်ခူးခဲ့သည့်အတွက် ချန်ပီယံလိဂ်ဖလားနှင့် ဥရောပစူပါဖလားတို့ကို နှစ်ကြိမ်ဆက်ဆွတ်ခူးနိုင်သည့် စတုတ္ထမြောက်အသင်း ဖြစ်လာခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်း မတိုင်မီက ချန်ပီယံလိဂ်ဖလားနှင့် ဥရောပစူပါဖလားတို့ကို နှစ်ကြိမ်ဆက်ဆွတ်ခူးနိုင်ခဲ့သည့် အသင်းများအဖြစ် အေဂျက်အသင်းက ၁၉၇၂ ခုနှစ်နှင့် ၁၉၇၃ခုနှစ်၊ အေစီမီလန်အသင်းက ၁၉၈၉ ခုနှစ်နှင့် ၁၉၉၀ ပြည့်နှစ်၊ ရီးရဲလ်မက်ဒရစ်အသင်းက ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ဆွတ်ခူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : LiveScore
Trs : STA

# မက်ဆီပြန်လည်ပါဝင်ကစားခဲ့သော်လည်း League Cup ပြိုင်ပွဲတွင် လီယွန်အသင်းကို ရှုံးနိမ့်ပြီး အင်တာမီယာမီအသင်းပြိုင်ပွဲမှထွက်ခွာခဲ့ရ

မီယာမီ ဩဂုတ် ၁၃

League Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက အင်တာမီယာမီအသင်းနှင့် လီယွန်အသင်းတို့ကစားခဲ့ရာ အင်တာမီယာမီအသင်း၌ မက်ဆီပြန်လည်ပါဝင်ကစားခဲ့သော်လည်း ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မက်ဆီသည် ဖခင်ဖြစ်သူကွယ်လွန်ခဲ့သည့်အတွက် အာဂျင်တီးနားနိုင်ငံသို့ သွားရောက်နေသဖြင့် League Cup ပြိုင်ပွဲအုပ်စုပွဲစဉ် အဖြစ်ကစားခဲ့သည့် အင်တာမီယာမီ အသင်းက မွန်တာရေးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်ကို လွဲချော်ခဲ့သော်လည်း လီယွန်အသင်းနှင့်ပွဲစဉ်တွင် အသင်းနှင့် ပြန်လည် ပူးပေါင်းခဲ့ပြီးနောက် လူစားဝင်ကစားသမား အဖြစ် ပါဝင်ကစားခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် အင်တာမီယာမီအသင်းက လီယွန်အသင်းကို သုံးဂိုးနှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ပွဲချိန်ဒုတိယပိုင်း၌ လူစားဝင် ကစားခဲ့သော်လည်း ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရပြီးနောက် အသင်းအနေဖြင့် လီယွန်အသင်းကို ရှုံးနိမ့်ခဲ့ပြီး League Cup ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

အင်တာမီယာမီ အသင်းသည် ယခုနှစ်ဘောလုံးရာသီ၌ League Cup ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသော်လည်း မေဂျာလိဂ်ပြိုင်ပွဲ ၁၈ ပွဲ ကစားပြီးချိန်တွင် ၁၁ ပွဲနိုင်၊ ငါးပွဲ သရေ၊ နှစ်ပွဲရှုံး ရမှတ် ၃၈ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၂)နေရာတွင် ရပ်တည်နေပြီး ချန်ပီယံဆုအတွက် မျှော်လင့်ချက် ရှိနေဆဲဖြစ်ကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၃)တွင် ဖယ်ကွန်အက်ဖ်စီအသင်းက သစ္စာအားမာန်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရ

ရန်ကုန် ဩဂုတ် ၁၃

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၃)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ဖယ်ကွန်အက်ဖ်စီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ကစားခဲ့ရာ ဖယ်ကွန်အက်ဖ်စီအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းလုံးအပြန်အလှန်ဖိအားပေးမှုများဖြင့် ဂိုးသွင်းခွင့်အချို့ရရှိခဲ့ကြသော်လည်း နှစ်ဖက်အသင်းတိုက်စစ် ကစားသမားများ အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် ပထမပိုင်းအပြီးတွင် နှစ်သင်းလုံး ဂိုးသွင်းယူနိုင်ခြင်း မရှိခဲ့ဘဲ ဂိုးမရှိ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ဖယ်ကွန်အက်ဖ်စီအသင်းက ဂိုးပေါက်ကန်သွင်းခွင့် အသာဖြင့် ဖိအားပေးကစားခဲ့ကာ ပွဲချိန် ၅၁ မိနစ်နှင့် ပွဲချိန် မိနစ် ၇၀ တို့တွင် ဝင်းမင်းသန့်က ဖယ်ကွန်အက်ဖ်စီအသင်း အတွက် ဦးဆောင်ဂိုးများ သွင်းယူခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် နှစ်သင်းလုံးဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် ဖယ်လ်ကွန်အက်ဖ်စီ အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

STA

# အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲအတွက် ရွှေဝတီအသင်းက ဂျပန်လူမျိုးကစားသမား ငါးဦးထိ ခေါ်ယူ

ရန်ကုန် ဩဂုတ် ၁၃




မြန်မာနိုင်ငံ ကိုယ်စားပြုအဖြစ် အာရှ အမျိုးသမီးချန်ပီယံလိဂ် ပြိုင်ပွဲ ခြေစစ်ပွဲကစားရမည့် ရွှေဝတီအသင်းသည် ပြိုင်ပွဲမတိုင်မီ ဂျပန်လူမျိုး ကစားသမားငါးဦးထိ တစ်ပြိုင်နက်တည်း ခေါ်ယူခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ရွှေဝတီအသင်းသည် မြန်မာလက်ရွေးစင် အမျိုးသမီးအဆင့် ကစားသမား ငါးဦး ခေါ်ယူထားသည့်အပြင် ဘင်္ဂလားဒေ့ရှ် အမျိုးသမီး လက်ရွေးစင်အသင်း ကစားသမားဖြစ်သည့် ရီတူကိုလည်း ခေါ်ယူခဲ့ပြီးနောက် ယခုအခါ ဂျပန်လူမျိုး ကစားသမားများ ဖြစ်သည့် အိုကာမူရာ၊ ဒီရှီမာရူ၊ မက်ဆူအို၊ ကာဆိုင်၊ မိုချီဇူကီ အစရှိသည့် ကစားသမား ငါးဦးကို တစ်ပြိုင်နက်တည်း ခေါ်ယူ စာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

ရွှေဝတီအသင်းသည် အာရှ အမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲအဆင့် အုပ်စုပွဲစဉ်များကို အိမ်ကွင်းအဖြစ် သုဝဏ္ဏအားကစားကွင်းတွင်လက်ခံ ကစားမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များအဖြစ် ဩဂုတ် ၁၇ ရက်တွင် စင်ကာပူကလပ် FC Jorong အသင်း၊ ဩဂုတ် ၂၀ ရက်တွင် လက်ဘနွန်ကလပ် No Limits FC အသင်း၊ ဩဂုတ် ၂၃ ရက်တွင် တရုတ်(တိုင်ပေ)ကလပ် New Taipei City အသင်းတို့နှင့် ကစားရမည် ဖြစ်ကြောင်း သိရသည်။

STA

# စနေနေ့ညကစားမဲ့ စပိန်လာလီဂါပွဲစဉ်တွေထဲက အိမ်ကွင်းကစားပုံကောင်းတဲ့ အလာဗက်၊ ဆီဗီလာအသင်းတို့ကို အားပေးရမှာပါ

M L



အခုတစ်ပတ်မှာတော့ လာလီဂါပြိုင်ပွဲရဲ့ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီပြန်လည်စတင်မှာဖြစ်လို့ ကလပ်အသင်းပြိုင်ပွဲတွေကို ပြန်လည်ကြည့်ရှုရတော့မှာဖြစ်ပါတယ်။ လက်ရှိအချိန်ကတော့ လာလီဂါပြိုင်ပွဲရဲ့ နွေရာသီအပြောင်းအရွှေ့ကာလဖြစ်တာကြောင့် ကလပ်အသင်းတိုင်းက ရာသီအစမှာ ရလဒ်ကောင်းနိုင်ဖို့အတွက် ကစားသမားသစ်တွေခေါ်ယူနေတာကိုတွေ့ရမှာပါ။ လာလီဂါအပြောင်းအရွှေ့ကာလကတော့ ဇူလိုင် ၁ရက်ကနေ စက်တင်ဘာ ၁ ရက်ထိဖြစ်ပြီး ဒီတစ်ပတ်မှာတော့ ကျန်ထိပ်သီးလိဂ်တွေမကစားသေးဘဲ လာလီဂါပြိုင်ပွဲတစ်ခုသာ စတင်ကစားသွားမှာဖြစ်ပါတယ်။ ပရီးမီးယားလိဂ်အပြောင်းအရွှေ့ကာလကတော့ ဇွန် ၁၅ ရက်ကနေ စက်တင်ဘာ ၁၅ ရက်၊ စီးရီးအေ အပြောင်းအရွှေ့ကာလကတော့ ဇွန် ၂၉ ရက်ကနေ စက်တင်ဘာ ၁ ရက်ထိ ဖြစ်တာကိုတွေ့ရမှာပါ။ ပြင်သစ်လီဂူးကလဲ ဇွန် ၁၅ရက်ကနေ စက်တင်ဘာ ၁ ရက်ထိဖြစ်သလို ဂျာမန်ဘွန်ဒက်လီဂါကလဲ ဇူလိုင် ၁ ရက်ကနေ ဩဂုတ် ၃၁ ရက်ထိ အပြောင်းအရွှေ့ကာလတွေ သတ်မှတ်ထားကြတာဖြစ်ပါတယ်။ လာမဲ့စနေနေ့ညမှာတော့ လာလီဂါပွဲစဉ်တွေသာစတင်မှာဖြစ်လို့ အဲဒီထဲကရာသီအစမှာ အိမ်ကွင်းကစားပုံကောင်းကြတဲ့ အလာဗက်နဲ့ ဆီဗီလာအသင်းတို့ကိုပဲ အားပေးရမှာဖြစ်ပါတယ်။

### အလာဗက်အသင်းကို အားပေးရမှာပါ

စနေနေ့ညကစားမဲ့ လာလီဂါပွဲစဉ် (၁) က အကြိုက်တွေ့မိတာကတော့ အလာဗက်အသင်းနဲ့ ဂီတာဖေးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီတွေ့ဆုံမှုနှစ်ကြိမ်မှာတော့ ဂီတာဖေးအသင်းက တစ်ပွဲနိုင်၊တစ်ပွဲသရေနဲ့ ရှုံးပွဲမရှိခဲ့တာကိုတွေ့ရမှာပါ။ ပြီးခဲ့တဲ့ဘောလုံးရာသီအမှတ်ပေးဇယားရပ်တည်မှုမှာလဲ ဂီတာဖေးအသင်းက အဆင့်(၇)နဲ့ ဥရောပပြိုင်ပွဲကစားခွင့်ရတဲ့ထိ ခြေစွမ်းပိုင်းထက်မြက်ခဲ့တာဖြစ်ပြီး အလာဗက်အသင်းကတော့ အဆင့် (၁၄) နေရာနဲ့ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။ ဒါပေမဲ့ အလာဗက်အသင်းရဲ့ ရာသီအစ အိမ်ကွင်းကစားပုံကတော့ အသင်းကြီးတွေတောင် အခက်တွေ့ရတဲ့ အစဉ်အလာတွေရှိနေပြီး ပြီးခဲ့တဲ့ရာသီမှာလဲ ပထမဆုံးအိမ်ကွင်းသုံးပွဲဆက်မှာ လီဗန်တေး၊ အေတီကို၊ အယ်ချီတို့လိုအသင်းတွေကို နိုင်ပွဲရရှိအောင်ကစားနိုင်ခဲ့တာကိုသတိပြုရမှာပါ။ အခုအပြောင်းအရွှေ့မှာလဲ သူတို့အသင်းဟာ အသင်းရဲ့အဓိကကစားသမားတွေ ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး ခြေစမ်းပွဲစဉ်နှစ်ပွဲမှာလဲ ရှုံးပွဲမရှိခဲ့ဘဲ တိုက်စစ်ပိုင်းက သွင်းဂိုးလေးဂိုးထိသွင်းယူထားတာကြောင့် အလာဗက်ရဲ့ခြေစွမ်းပိုင်းကျဆင်းသွားခြင်းမရှိဘူးလို့ဆိုရမှာပါ။ နည်းပြဆန်းချက်ဖလိုရက်စ်ကလဲ အလာဗက်အသင်းကိုတန်းမဆင်းရအောင် စွမ်းဆောင်နိုင်ခဲ့ပြီး လက်ရှိမှာလဲ တိုက်စစ်ပိုင်းကို မာတီနက်ဇ်နဲ့ ဘိုရီတို့က ဦးဆောင်နေတာကိုသတိပြုရမှာပါ။ ဒါကြောင့် အိမ်ကွင်းမှာဆိုအသင်းလိုက်ကစားအားကောင်းတဲ့ အလာဗက်အသင်းတိုက်စစ်ကို ဂီတာဖေးအသင်း ထိန်းချုပ်ဖို့အခက်တွေ့မှာသေချာပါတယ်။

ဂီတာဖေးအသင်းကတော့ အခုအပြောင်းအရွှေ့ကာလမှာ အသင်းမှာရှိတဲ့ အဓိကကစားသမားတွေကို ဆက်လက်ထိန်းသိမ်းခဲ့သလို ကစားသမားသစ်တွေကိုလဲ ထပ်မံခေါ်ယူခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အခုရာသီမှာ ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲကစားရမှာဖြစ်တာကြောင့် အရန်ကစားသမားတောင့်တင်းမှုမရှိရင် ပြိုင်ပွဲစုံမှာအခက်တွေ့မှာသေချာပါတယ်။ လက်ရှိမှာတော့ သူတို့အသင်းနည်းပြအနေနဲ့ ကစားသမားသစ်တွေကို အထိုင်ကျအောင် ခြေစမ်းပွဲတွေမှာ အသုံးပြုနေပေမဲ့ အလုပ်မဖြစ်သေးဘဲ ခြေစမ်းပွဲသုံးပွဲမှာ တီနီရိုက်အသင်းကိုသာနိုင်ပွဲရခဲ့ပြီး အေတီကိုအသင်းကိုလေးဂိုးတစ်ဂိုး၊ မိုနာကိုအသင်းကို တစ်ဂိုးဂိုးမရှိနဲ့ ရှုံးပွဲဆက်ခဲ့တာကိုသတိပြုရမှာပါ။ ဒါ့ပြင် လာမဲ့ ၂၀ ရက်မှာလဲ ယူရိုပါကွန်ဖရင့်လိဂ်ခြေစစ်ပွဲကစားမှာဖြစ်ပြီး အဲဒီပွဲမှာ ရှုံးခဲ့ရင်တော့ ပြိုင်ပွဲကစားခွင့်နဲ့လွဲချော်မှာဖြစ်ပါတယ်။ ဒါကြောင့် နည်းပြဘော်ဒါလက်စ်အနေနဲ့ အခုပွဲစဉ်မှာ ကစားသမားတွေကို အလှည့်ကျအသုံးပြုလာနိုင်တာဖြစ်လို့ အိမ်ကွင်းကစားပုံကောင်းတဲ့ အလာဗက်ရဲ့ဖိအားပေးမှုကိုခံရမှာသေချာပါတယ်။ လက်ရှိမှာ နှစ်သင်းစလုံးအဓိကကစားသမားတွေ ဒဏ်ရာကင်းစင်နေပေမဲ့ အိမ်ရှင်အလာဗက်အသင်းက သရေရလဒ်ဆို အပြည့်နီးပါးဆုံးရှုံးရမဲ့အကျောပေးမှုက အိမ်ရှင်မရှုံးနိုင်တဲ့ အခြေအနေကိုတွေ့ရမှာပါ။ ဒါ့ပြင် အလာဗက်အသင်းက ဂီတာဖေးအသင်းကို ဧည့်ခံကစားရတဲ့ အိမ်ကွင်းပွဲစဉ်တွေမှာ အသာရထားတဲ့ အစဉ်အလာကောင်းတွေရှိနေတာကြောင့် အခုပွဲစဉ်မှာ အိမ်ရှင်အလာဗက်အသင်းကိုပဲ အားပေးရမှာပါ။

### အလာဗက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အလာဗက် | ၁ | - | ၀ | ဘာစီလိုနာ |
| အိုဗီဒို | ၀ | - | ၁ | အလာဗက် |
| အလာဗက် | ၁ | - | ၂ | ဗယ်လ်ကာနို |
| အလာဗက် | ၁ | - | ၁ | အယ်ချီ |
| အလာဗက် | ၃ | - | ၀ | ကက်စတယ်လွန် |

### ဂီတာဖေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အယ်ချီ | ၁ | - | ၀ | ဂီတာဖေး |
| ဂီတာဖေး | ၁ | - | ၀ | အိုဆာဆူနာ |
| တီနီရိုက် | ၁ | - | ၂ | ဂီတာဖေး |
| အေတီကို | ၄ | - | ၁ | ဂီတာဖေး |
| မိုနာကို | ၁ | - | ၀ | ဂီတာဖေး |

### ဆီဗီလာအသင်းနဲ့ လက်တွဲရမှာပါ

စပိန်လာလီဂါပွဲစဉ် (၁) က နောက်ထပ်အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဆီဗီလာအသင်းနဲ့ ဗယ်လ်ကာနိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆီဗီလာအသင်းဟာ အခုအပြောင်းအရွှေ့မှာ ထိပ်တန်းအဆင့်ကစားသမားတွေခေါ်ယူနိုင်ခြင်းမရှိပေမဲ့ ပထမပွဲထွက် လူစာရင်းမှာကစားနေတဲ့ကစားသမားတွေကိုတော့ ဆက်လက်ထိန်းသိမ်းနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ပြီးခဲ့တဲ့ရာသီမှာလဲ တန်းဆင်းဇုန်ဖိအားတွေရှိနေချိန်မှာ နည်းပြဂါစီယာကိုခန့်အပ်လိုက်တာကြောင့် ရလဒ်ပိုင်းတိုးတက်လာခဲ့ပြီး ရာသီပိတ်သိမ်းချိန်မှာ အဆင့် (၁၃) နေရာထိရောက်ရှိခဲ့တာကိုတွေ့ရမှာပါ။ နည်းပြဂါစီယာကတော့ အသင်းကိုစတင်ရောက်ရှိကတည်းက ၄-၄-၂ ကစားကွက်နဲ့အထိုင်ချခဲ့ပြီး ခြေရည်တူအသင်းတွေကို အမြဲတမ်းနိုင်ပွဲရှာနိုင်ခဲ့တာကိုသတိပြုရမှာပါ။ တိုက်စစ်ကောင်းတဲ့အသင်းတွေဆိုရင်တော့ ခံစစ်ပိုင်းကစိုးရိမ်စရာရှိပေမဲ့ အခုပွဲဟာ ဗယ်လ်ကာနိုလိုအသင်းငယ်နဲ့ ကစားရမှာဖြစ်လို့ ဆီဗီလာအသင်းနိုင်ပွဲရဖို့ကြိုးစားလာမှာဖြစ်ပါတယ်။ လက်ရှိဘောလုံးရာသီမစခင် ကစားခဲ့တဲ့ ခြေစမ်းပွဲခုနစ်ပွဲမှာလဲ နှစ်ပွဲသာရှုံးထားတာကြောင့် ခြေစွမ်းပိုင်းကအားရစရာရှိနေပြီး အခုပွဲမှာ ခံစစ်ပိုင်းပြုပြင်နိုင်ရင်တော့ ဗယ်လ်ကာနိုအသင်းကို ပေးဂိုးမရှိဘဲနိုင်သွားမှာသေချာပါတယ်။

ဗယ်လ်ကာနိုအသင်းကတော့ ၂၀၂၁-၂၀၂၂ ဘောလုံးရာသီမှာ လာလီဂါပြိုင်ပွဲကိုတန်းတက်ပြီးနောက်ပိုင်း အခုချိန်ထိတန်းမဆင်းရတော့တာကိုတွေ့ရမှာပါ။ သူတို့အသင်းကလဲ အပြောင်းအရွှေ့ကာလတွေမှာ ခြေစွမ်းပြကစားသမားခေါ်နိုင်ခဲ့ပြီး အိမ်ကွင်းပွဲတွေမှာဆို အစွမ်းကုန်ကြိုးပမ်းကစားလေ့ရှိတာကြောင့် ရမှတ်တွေရှာဖွေနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာလဲ ရမှတ် ၅၀ ထိစုဆောင်းနိုင်ခဲ့ပြီး အမှတ်ပေးဇယားအဆင့် (၈) ထိရောက်ရှိခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ အခုကာလမှာ ခံစစ်ပိုင်းကချာဗာရီးယားကို ချဲလ်ဆီးအသင်းဆီ ပြောင်းရွှေ့ခွင့်ပြုခဲ့တာကြောင့် ခံစစ်ပိုင်းအားနည်းချက်ရှိနေပြီး ပြီးခဲ့တဲ့ခြေစမ်းပွဲတွေမှာ ပဲလေ့စ်အသင်းကို တစ်ဂိုးဂိုးမရှိ၊ ဟက်စ်အသင်းကို နှစ်ဂိုးတစ်ဂိုး၊ ဖီရင်နူအသင်းကို နှစ်ဂိုးတစ်ဂိုး၊ အစ်ဝှစ်အသင်းကို သုံးဂိုးဂိုးမရှိနဲ့ရှုံးခဲ့ပြီး ဘယ်လ်ဂျီယံကလပ် ချာလီရွိုစ်အသင်းတစ်သင်းကိုသာ နိုင်ပွဲရခဲ့တာကို သတိပြုရမှာပါ။ ဒါကြောင့် ဗယ်လ်ကာနိုရဲ့လက်ရှိခြေစွမ်းပိုင်းက ဆီဗီလာလိုအသင်းကို ယှဉ်ကစားနိုင်ဖို့အားနည်းချက်ရှိနေပြီး အထူးသဖြင့် ခံစစ်ပိုင်းလိုအပ်ချက်ကို နည်းပြသစ်ဘန်းနက်အနေနဲ့ ဖြည့်ဆည်းနိုင်ခြင်းမရှိသေးပါဘူး။ ဒါ့ပြင် နည်းပြသစ်ရဲ့ ၄-၂-၃-၁ ကစားကွက်မှာ ကစားသမားတွေနဲ့ အံ့ဝင်မှုမရှိသေးတာကြောင့် ခြေစမ်းပွဲငါးပွဲစလုံးမှာ ခံစစ်ပိုင်းကပေးဂိုးရှိခဲ့တယ်လို့ဆိုရမှာပါ။ ဗယ်လ်ကာနိုအသင်းကလဲ ပြီးခဲ့တဲ့ဘောလုံးရာသီနှစ်ရာသီဆက်တိုက် ရှုံးပွဲများခဲ့တာကြောင့် လက်ရှိခြေစွမ်းနဲ့ ဆီဗီလာနဲ့ပွဲကို ရမှတ်ရှာနိုင်ဖို့ မဖြစ်နိုင်ပါဘူး။ အခုပွဲစဉ်မှာတော့ နှစ်သင်းစလုံးအဓိကကစားသမားတွေအားလုံး ပါဝင်ကစားနိုင်ပေမဲ့ ကစားသမားစုဖွဲ့မှုမှာတော့ ဗားဂတ်၊ ဂျန်နူဇက်၊ ရိုမဲရိုး၊ ကာဒိုဆိုတို့လို ကစားသမားကောင်းတွေရှိနေတဲ့ ဆီဗီလာအသင်းက အသာရနေတာကိုတွေ့ရမှာပါ။ အကျောပေးမှုမှာလဲ အိမ်ရှင်ဆီဗီလာအသင်းက သရေရလဒ်ဆိုတစ်ဝက်ဆုံးရှုံးရမဲ့ အခြေအနေက အိမ်ရှင်မရှုံးနိုင်ဘူးလို့ သုံးသပ်ရသလိုထိပ်တိုက်တွေ့ဆုံမှု ၂၂ ကြိမ်မှာလဲ ဆီဗီလာအသင်းက အကြိမ် ၂၀ ရှုံးပွဲမရှိခဲ့တာကြောင့် အခုပွဲမှာ အဘက်ဘက်ကသာနေတဲ့ ဆီဗီလာအသင်းနဲ့ပဲလက်တွဲရမှာပါ။

### ဆီဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ကော်ဒိုဗာ | ၀ | - | ၀ | ဆီဗီလာ |
| ဆီဗီလာ | ၂ | - | ၁ | စီအူတာ |
| နီမီဂျန် | ၁ | - | ၂ | ဆီဗီလာ |
| အုထရက် | ၀ | - | ၁ | ဆီဗီလာ |
| လေဗာကူဆင် | ၂ | - | ၁ | ဆီဗီလာ |

### ဗယ်လ်ကာနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ပဲလေ့စ် | ၁ | - | ၀ | ဗယ်လ်ကာနို |
| ဟက်စ် | ၂ | - | ၁ | ဗယ်လ်ကာနို |
| ဖီရင်နူ | ၂ | - | ၁ | ဗယ်လ်ကာနို |
| ချာလီရွိုစ် | ၂ | - | ၃ | ဗယ်လ်ကာနို |
| အစ်ဝှစ် | ၃ | - | ၀ | ဗယ်လ်ကာနို |

# ရာဇီတို့ရွာ တစ်နေ့တာခရီး ပျော်ပျော်ရွှင်ရွှင်ပြီး

သက်နိုင်(ပြင်ဦးလွင်)

ပြင်ဦးလွင်မြို့နယ်အတွင်း ဒုဋ္ဌဝတီမြစ်ကမ်းဘေးမှာရှိနေတဲ့ ရာဇီတို့ရွာ၊ ကျောက်ဆည်မြို့နယ်အတွင်းမှာရှိနေတဲ့ စွန်ရဲအင်းခရီးစဉ်မှာ စွန်ရဲအင်းကို ရောက်ရှိနေကြပါပြီ။ ရောက်လာခဲ့ကြတဲ့အချိန်က နေ့လယ်စာ ထမင်းစားချိန် ဖြစ်နေတာကြောင့် ထမင်းစားသောက်ပြီးမှ အင်းပတ်ဝန်းကျင်နဲ့ အင်းအတွင်းကို လှေ့လာလည်ပတ်ခွင့်ရကြတယ်။ အင်းအတွင်းမှာ လှေအပျော်စီးကြရင်း ကြာပန်းတွေပွင့်နေတဲ့နေရာ ကြာတောကိုသွားဖို့အတွက် စက်လှေငှားတဲ့အခါ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းကြရပါတယ်။ အင်းအတွင်း ပြေးဆွဲပေးနေတဲ့ စက်လှေကြီးအရေအတွက်က ခြောက်စီးသာရှိနေပြီး လာရောက်လေ့လာလည်ပတ်ကြတဲ့ ခရီးသွားဧည့်သည်တွေက အလွန်များပြားနေလို့လဲ စောင့်ရတဲ့အချိန်တွေကြာနေခဲ့ရတယ်။ စွန်ရဲအင်းရှိရာကို ရောက်ရောက်ချင်း ထမင်းမစားခင်ကတည်းက စက်လှေစီးကြဖို့အတွက် စာရင်းပေးထားမယ်ဆိုရင် ထမင်းစားရင်း၊ အနီးဝန်းကျင်မှာ လေ့လာကြရင်းနဲ့ ဒီလောက်ထိ စောင့်နေရမှာမဟုတ်ပါဘူး။ ဒါပေမဲ့ မိမိတို့က ထမင်းစားသောက်ပြီးမှ စာရင်းပေးလိုက်ရတာကြောင့် မိမိတို့ရဲ့ရှေ့မှာ အဖွဲ့ ၁၀ ဖွဲ့ကျော်ထိဖြစ်သွားခဲ့ရတယ်။ ဒီလို စောင့်ဆိုင်းကြရတာကလဲ ဧည့်သည်တွေ အလွန်များပြားနေတဲ့အတွက်ကြောင့်ပါ။

အင်းပတ်ဝန်းကျင်မှာ လေ့လာကြရင်း၊ ဓာတ်ပုံတွေ ရိုက်ကြရင်း၊ ထိုင်လိုက်ထလိုက် စောင့်ကြရင်းနဲ့ အချိန်တစ်နာရီကျော်စောင့်ပြီးမှ လှေစီးခွင့်ရကြတော့တယ်။ မိမိတို့ လှေစောင့်နေကြရင်းနဲ့ တစ်စီးပြီးတစ်စီး ကမ်းကိုကပ်လာကြတဲ့လှေတိုင်းမှာ ကြာပွင့်နီကြီးတွေပါလာကြတာကြောင့် ကြာတောကြီးအတွင်းမှာ ကြာပွင့်တွေ လျော့နည်းသွားတာကို တွေးတော စဉ်းစားမိပြီး နှမြောနေခဲ့ရတယ်။ အခုမိမိတို့အလှည့်ကို ရောက်ရှိလာပါပြီ။ စက်လှေက လူဆယ်ယောက်ထက် ပိုစီးခွင့်ပြုမထားပါဘူး။ စက်လှေခုတ်မောင်းချိန်က အသွား ၁၅ မိနစ်၊ အပြန် ၁၅ မိနစ်နဲ့ ကြာတောထဲမှာ လည်ပတ်ဖို့၊ ကြာပန်းခူးဖို့ နောက်ထပ်အချိန် အနည်းငယ် ထပ်မံခွင့်ပြုပေးထားတယ်။ စက်လှေခုတ်မောင်းနေရင်းနဲ့ ကြာပန်းတွေခူးတဲ့အကြောင်းကို မေးမြန်းစုံစမ်းကြည့်တော့ လှေတစ်စီးကို ကြာပွင့်ခုနစ်ပွင့် ခူးယူခွင့်ပြုထားကြောင်း သိလိုက်ရတယ်။ အင်းအတွင်းကို ခေါက်တုံ့ခေါက်ပြန်သွားလာနေတဲ့ လှေအစီးအရေအတွက်နဲ့ တွက်ကြည့်ရင် တစ်ရက်၊ တစ်ရက် ကုန်ဆုံးသွားတဲ့ ကြာပွင့်တွေ မနည်းလှပါဘူး။ ဒါပေမဲ့ ကြာပွင့်တွေက နေ့စဉ်နဲ့အမျှ အများအပြားပွင့်နေကြောင်း စက်လှေသမားက ပြောပြတယ်။

အင်းရေပြင်ကျယ်ကြီးကို ဖြတ်သန်းပြီး ခုတ်မောင်းနေတဲ့စက်လှေက ၁၅ မိနစ်လောက်အကြာမှာ ကြာတောအတွင်းကို ရောက်ရှိလာခဲ့သလို စက်ကိုလဲ ရပ်ထားလိုက်တယ်။ စက်လှေသမားက ကြာပွင့်တွေရှိတဲ့နေရာကို လှေနဲ့ဝါးလုံးထောက်တိုးသွားရင်း ကြာပွင့်တွေ ခူးပေးတယ်။ ခူးပေးထားတဲ့ ကြာပွင့် ခုနစ်ပွင့်ကိုလဲ ကြာရွက်ကြီးနဲ့ ကြာပန်းစည်းကြီးပုံစံလုပ်ပေးတယ်။ မိမိတို့ရဲ့လှေက တပည့်တွေအပါအဝင် အခြားလှေတွေက ဧည့်သည်တွေကော ကြာပန်းစည်းကြီးကို တစ်ယောက်တစ်လှည့် ကိုင်ရင်းဓာတ်ပုံရိုက်နေကြတာနဲ့ ကြာတောကြီးအတွင်းမှာ အချိန်အတော်ကုန်နေရတယ်။ လှေဆိပ်မှာ ဒီလိုအချိန်တွေကြောင့် လှေစောင့်ရတာ ပိုကြာမြင့်နေတယ်။ ဒါပေမဲ့ ဘယ်သူပဲဖြစ်ဖြစ် ရောက်တုန်းရောက်ခိုက် လည်ချင်ပတ်ချင်၊ ဓာတ်ပုံတွေရိုက်ယူချင်ကြမှာပါ။ လှေစီးကြဖို့အတွက် တမျှော်မျှော်နဲ့ စောင့်နေကြသူတွေအတွက်ကတော့ ကြာတောကြီးအတွင်းကနေ လှေတွေပြန်ထွက်လာပြီးမှ စီးကြရမှာ ဖြစ်ပါတယ်။

မိမိတို့ ဆရာတပည့်အဖွဲ့ကလဲ ကြာပန်းတွေခူးအပြီး၊ ဓာတ်ပုံတွေရိုက်အပြီး ပြန်ထွက်ကြတော့မဲ့ အချိန်မှာ စက်လှေကတော်တော်နဲ့ နှိုးမရတာကြောင့် ကြာတောထဲမှာ အချိန်ကြာကြာ ထပ်မံနေကြရတယ်ဆိုပြီး တပည့်တွေက ပျော်ရွှင်သွားကြတယ်။ ဒါပေမဲ့ စက်လှေက ပြင်ရင်း၊ ပြင်ရင်းနဲ့ အချိန်တစ်နာရီကျော်ကြာသွားခဲ့တဲ့ထိ ပြန်ကောင်းမလာသေးလို့ ပျော်



ရာဇီတို့ရွာခရီးစဉ်တွင် လေ့လာလည်ပတ်ခဲ့သော ဆင်ခေါင်းတောင်ကို တွေ့ရစဉ်။

စရာကနေ စိတ်ညစ်စရာတွေ ဖြစ်လာခဲ့ရတယ်။ ကြာတောကိုလာကြတဲ့ စက်လှေတွေအားလုံးက လူအပြည့်ဖြစ်နေကြတာကြောင့် လှေကြုံလိုက်ပြီး စီးလို့လဲမရ၊ ပျက်နေတဲ့ မိမိတို့စက်လှေကို ဆွဲယူသွားလို့လဲမရနဲ့ ဒုက္ခဖြစ်နေကြရတယ်။ နောက်ထပ်အချိန်အနည်းငယ်ကြာပြီးမှ စက်ပြင်ဆရာတစ်ယောက်ရောက်လာလို့ ပျက်နေတဲ့စက်ကို ပြင်ဆင်နိုင်ခဲ့တယ်။

စက်လှေက ကမ်းရှိရာကို ပြန်လည်ခုတ်မောင်းလာနိုင်ခဲ့ပြီး မိမိတို့ကလဲ ရှေ့ခရီးကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ ခရီးစဉ်အရ ဆင်ခေါင်းတောင်ရှိရာကို သွားရောက်ကြပြီး ရေချိုး၊ ရေကစားကြမှာပါ။ ဒါပေမဲ့ တပည့်တွေထဲက သုံးယောက်က ဆင်ခေါင်းတောင်ကိုသွားရင် ကျောက်ဆည်မြို့အနီးက ရွှေသိမ်တော်ဘုရားကို ရောက်မှာလား၊ ရောက်မယ်ဆိုရင် ခဏလောက်ဝင်ရောက်ပြီး ဘုရားဖူးချင်တယ်ဆိုတာကြောင့် ရွှေသိမ်တော်ရှေ့ကနေ ဖြတ်သန်းသွားမှာဖြစ်ကြောင်းနဲ့ ဝင်ရောက်ပေးမယ်ဆိုပြီး ပြောကြားထားလိုက်ရတယ်။ သွားရင်းလာရင်းနဲ့ ခရီးစဉ်အတွင်းမှာမပါတဲ့ ရွှေသိမ်တော်ဘုရားကို ဝင်ရောက်ကြရအုံးမှာပါ။

စွန်ရဲအင်းကနေ ရွှေစာရံ-ကျောက်ဆည် ဖြတ်လမ်းအတိုင်း ဆက်လက်မောင်းနှင်လာတဲ့အခါ ကျေးရွာတွေ အဆက်မပြတ် တည်ရှိနေတာကို တွေ့မြင်နေရသလို စက်ရုံတွေ၊ အလုပ်ရုံတွေ၊ လျှပ်စစ်ဓာတ်အားလိုင်းခွဲနေရာတွေကိုလဲ တွေ့မြင်နေရတယ်။ စွန်ရဲအင်းနဲ့ ကျောက်ဆည်မြို့အဝင် ရန်ကုန်-မန္တလေးလမ်းဟောင်းက ခြောက်မိုင်ကျော်၊ ခုနစ်မိုင်လောက်သာရှိနေတာကြောင့် လမ်းဟောင်းပေါ်ကို မကြာခင်မှာရောက်လာခဲ့ကြတယ်။ လမ်းဟောင်းပေါ်ကိုရောက်တာနဲ့ ရွှေသိမ်တော်ဘုရားက အလွန်နီးကပ်နေပါပြီ။ မိနစ်ပိုင်းလေးအတွင်းမှာ ရွှေသိမ်တော်ရှိရာကို ရောက်လာခဲ့ကြတယ်။ ကားရပ်နားစခန်းမှာ ကားရပ်လိုက်တာနဲ့ တပည့်သုံးယောက်က အပြေးအလွှားဆင်းသွားကြပြီး ဘုရားဖူးရင်း ကန်တော့ပွဲသွားထိုးကြတော့တယ်။ မိမိက ကျန်ရစ်ခဲ့တဲ့တပည့်တွေကို သူတို့တွေ ကန်တော့ပွဲထိုးရခြင်း အကြောင်းကို မေးမြန်းစုံစမ်းကြည့်တော့ တက္ကသိုလ်ဝင် (Grade-12) စာမေးပွဲ မဖြေဆိုခင်က စာမေးပွဲအောင်မြင်ရေးအတွက် ရည်မှန်းပြီး ကန်တော့ပွဲ ထိုးခဲ့ပြီးဖြစ်ကြောင်းနဲ့ အခုစာမေးပွဲအောင်မြင်သွားကြတဲ့အခါ အဓိဋ္ဌာန်အတိုင်း နောက်ထပ်ကန်တော့ပွဲ လာရောက်ထိုးရခြင်းဖြစ်ကြောင်းတွေကို ရှင်းပြကြတယ်။

မကြာဘူး ခဏပဲလို့ပြောပြီး ကန်တော့ပွဲသွားထိုးတဲ့တပည့်တွေက အချိန်တစ်နာရီကျော်ကြာသွားတဲ့ထိ ပြန်ထွက်လာခြင်းမရှိဘူး။ စောင့်ရင်း၊ စောင့်ရင်းနဲ့ နောက်ထပ်မိနစ်ပေါင်းများစွာကြာမှ ပြန်ရောက်လာခဲ့ကြတယ်။ ဘာလို့ ဒီလောက်ထိ ကြာနေရတာလဲဆိုပြီး မေးမြန်းကြည့်တော့ ရှေ့ကလူတွေကို စောင့်နေကြရတာဖြစ်ကြောင်းနဲ့ အခုစာမေးပွဲအောင်လို့ ဒုတိယအကြိမ် လာရောက်ကန်တော့ပွဲထိုးရတာက အလွန်မြန်ဆန်နေကြောင်း၊ စာမေးပွဲမဖြေခင်လာရောက်ပြီး ကန်တော့ပွဲထိုးခဲ့တုန်းက တစ်နေကုန်ကြာတဲ့ထိ စောင့်ဆိုင်းခဲ့ကြရကြောင်းတွေကို ပြောပြကြတယ်။ စာမေးပွဲမဖြေခင်လာရောက်ပြီး ကန်တော့ပွဲထိုးကြတဲ့ကျောင်းသား၊ ကျောင်းသူအရေအတွက်က အလွန်များပြားနေတာ ထင်ရှားနေပါတယ်။ ဒါပေမဲ့ အောင်စာရင်းထွက်တဲ့အခါ ကန်တော့ပွဲတွေ လျော့နည်းသွားရတာက အဓိဋ္ဌာန်ပြုပြီး ကန်တော့ပွဲလာရောက်ထိုးကြတဲ့ ကျောင်းသား၊ ကျောင်းသူတိုင်း မအောင်မြင်ကြဘူးဆိုတာကလဲ ထပ်မံထင်ရှားနေပြန်ပါတယ်။ တကယ်တော့ စာမေးပွဲဖြေဆိုကြမဲ့ ကျောင်းသား၊ ကျောင်းသူတွေက သင်ခန်းစာတွေအားလုံးကို သေသေချာချာ လေ့လာ ကျက်မှတ်ထားကြမယ်ဆိုရင် ဒီလို အဓိဋ္ဌာန်ပြုကန်တော့ပွဲတွေ ထိုးစရာမလိုဘဲ အောင်မြင်ကြရမှာ ဖြစ်ပါတယ်။

တပည့်တွေကန်တော့ပွဲထိုးပြီး ပြန်လာကြတာနဲ့ ဆင်ခေါင်းတောင်ရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ ဒီနေရာကို မိမိသွားလာနေတဲ့ ခရီးစဉ်လမ်းကြောင်းအတိုင်း ဟံမြင့်မိုရ်လမ်းခွဲကနေ ဝင်ရောက်မောင်းနှင်ခြင်းမပြုဘဲ ကျောက်ဆည်မြို့ရှောင်လမ်းကနေ မောင်းနှင်လာခဲ့တယ်။ မြို့ရှောင်လမ်းကနေတစ်ဆင့် စက်မှုဇုန်တွေကို ဖြတ်ကျော်ပြီး သံရွာကိုရောက်ရှိသွားမှာပါ။ ဒီလမ်းကြောင်းက ခရီးမိုင်တိုတောင်းတဲ့အပြင် လမ်းရှင်း၊ လမ်းကောင်းဖြစ်နေသလို မြင်စိုင်းမြို့ဟောင်းမှာရှိတဲ့ နန်းဦးစေတီတော်ကြီးကို ဖူးမြော်လေ့လာနိုင်ကြပါတယ်။ ခရီးစဉ်လမ်းကြောင်းအတိုင်းမောင်းလာခဲ့ပြီး မြင်စိုင်းမြို့ဟောင်းကို ရောက်တာနဲ့ စေတီတော်ကြီးကို ခဏတာ ဖူးမြော်ကြရတယ်။ အချိန်နောက်ကျနေပြီဖြစ်လို့ သေသေချာချာအချိန်ပေးပြီး လေ့လာချိန်တော့ မရကြပါဘူး။ နန်းဦးစေတီကြီးကို ဖူးမြော်ပြီးတာနဲ့ ရှေ့ခရီးကို ဆက်ခဲ့ကြတယ်။ မကြာခင်မှာ သံရွာကို ရောက်ရှိလာတာကြောင့် ဆင်ခေါင်းတောင်နဲ့ မဝေးတော့ပါဘူး။

သံရွာကနေ ဟံမြင့်မိုရ်- ရှာငံ- တောင်ကြီး- ရပ်စောက်လမ်းအတိုင်း မောင်းလာခဲ့ပြီး ညနေ ၄ နာရီ မိနစ် ၃၀ မှာ ဆင်ခေါင်းတောင်ကို ရောက်လာခဲ့ကြတယ်။ ဆင်ခေါင်းတောင်ဆိုပေမဲ့ တောင်ပေါ်ကို တက်ရောက်လေ့လာကြရမှာမဟုတ်ဘဲ တောင်ခြေမှာစီးဆင်းနေတဲ့ ရေလွှတ်မြောင်းကြီးအတွင်းမှာ ရေချိုးရေကစားကြရမှာဖြစ်ပါတယ်။ ဆင်ခေါင်းတောင်နေရာကို မကြာခဏ ရောက်ရှိနေတာဖြစ်လို့ ဘယ်နေရာမှာရေချိုး၊ ရေကစားရင် အဆင်ပြေတယ်ဆိုတာကို သိရှိနေပြီးဖြစ်တဲ့အတွက် ရေပြင်လဲကျယ်၊ ရေလဲတိမ်တဲ့ နေရာတစ်ခုမှာ ကားကိုရပ်လိုက်တယ်။ တပည့်တွေကိုလဲ ရေချိုး၊ ရေကစားချိန် တစ်နာရီ အချိန်ပေးမယ်။ ညနေ ၅ နာရီ မိနစ် ၃၀ မှာ ပြန်ကြမယ်ဆိုပြီး ကြိုတင်သတိပေးထားလိုက်ရတယ်။

ဆင်ခေါင်းတောင်ခြေမှာရှိနေတဲ့ ရေလွှတ်မြောင်းကြီးက မြို့ကြီးဆည်ကနေ လာခဲ့တာပါ။ ရေတွေက ဆည်ရေတွေဖြစ်နေတဲ့အပြင် မြောင်းကြီးဖြတ်သန်းစီးဆင်းလာတဲ့ အောက်ခံကျောက်မြေမျက်နှာသွင်ပြင်က ကျောက်စိုင်၊ ကျောက်ခဲတွေဖြစ်နေတာကြောင့် ရေတွေက အမြဲကြည်လင်သန့်ရှင်းနေတယ်။ အရင်တုန်းက ဒီနေရာမှာ ဈေးဆိုင်တန်းတွေ၊ အပန်းဖြေနားနေစရာ စားသောက်ခန်းတွေ၊ လာရောက်လည်ပတ်ကြသူတွေနဲ့ နေ့စဉ်စည်ကားနေခဲ့ပေမဲ့ ဈေးဆိုင်တန်းတွေမရှိတော့တဲ့ နောက်ပိုင်းမှာ လာရောက်လည်ပတ်ကြသူတွေလဲ မရှိကြတော့ဘဲ တိတ်ဆိတ်ခြောက်ကပ်သွားခဲ့ရတယ်။ ဒါကြောင့် လွတ်လွတ်လပ်လပ် ရေဆော့ကစားလို့ရသွားကြပါပြီ။ ဒါ့ပြင် တပည့်တွေရေထဲမှာ ပျော်ပါးဆော့ကစားနေတဲ့အချိန်မှာ အခြားလာရောက်လည်ပတ်ကြသူတွေမရှိကြဘဲ ရေလာချိုးကြတဲ့ ဒေသခံရွာသူရွာသားတစ်ယောက်၊ နှစ်ယောက်သာ ရှိနေကြတယ်။

ဒါကြောင့်လဲ တပည့်တွေအားလုံးက သတ်မှတ်အချိန်ပြည့်တဲ့ထိ ရေထဲကနေ ပြန်မတက်ချင်ကြသေးတာကြောင့် နောက်ထပ်အချိန် ၁၅ မိနစ်ထပ်ပေးလိုက်ရတယ်။ ၁၅ မိနစ် ပြည့်တဲ့အခါမှာလဲ မတက်ချင်၊ တက်ချင်နဲ့ ပြန်တက်လာခဲ့ကြတယ်။ အပြန်ခရီးမှာ သံရွာလမ်းအတိုင်း မောင်းလာခဲ့ကာ ရွာအတွင်းမှာရှိနေတဲ့ ကြီးလဲကြီး၊ မြင့်လဲမြင့်၊ လှလဲလှတဲ့ လက်ပံပင်ကြီးအနီးမှာ ကားကိုခဏရပ်ပေးပြီး လေ့လာကြည့်ရှုရင်း အမှတ်တရ ဓာတ်ပုံရိုက်တာတွေ လုပ်ကြတယ်။ ဒီလက်ပံပင်ကြီးက သက်တမ်းလဲရင့်လှပါပြီ။ တပည့်တွေကို အချိန်မှတ်ခိုင်းပြီး အပင်ကြီးကို တစ်ပတ်လမ်းလျှောက်ခိုင်းလိုက်တာ စက္ကန့် ၅၀ ကြာမြင့်ခဲ့တယ်။ လက်ပံပင်ကြီးကို လေ့လာကြည့်ရှုပြီး သံရွာကနေ ထွက်လာခဲ့ကြတယ်။ အပြန်ခရီးမှာ ညနေစာထမင်းကို အုန်းချောရွာမှာ စားသောက်ခဲ့ပြီး ပြင်ဦးလွင်ကို ဆက်လက်မောင်းနှင်လာခဲ့တာ ည ၈ နာရီ ထိုးမှပြန်ရောက်ကြတယ်။ ဒီတစ်နေ့တာခရီးကတော့ ချောချောမွေ့မွေ့၊ အောင်အောင်မြင်မြင် ပျော်ပျော်ရွှင်ရွှင် ဖြစ်ခဲ့ကြရပါတယ်။

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတရုပ်ရှင်ရုံ၌ အချစ်ဈေးရုပ်ရှင်ဇာတ်ကားမိတ်ဆက်ပြသပွဲ ပြုလုပ်



**ရန်ကုန် ဩဂုတ် ၁၃**

Bellarie Productionက ရိုက်ကူးထုတ်လုပ်သည့် အချစ်ဈေး ရုပ်ရှင်ဇာတ်ကား မိတ်ဆက်ပြသပွဲကို ဩဂုတ် ၁၂ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတရုပ်ရှင်ရုံ၌ ပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ထားသူ သရုပ်ဆောင် နိုင်းနိုင်းက ပြောပြ၍ သိရသည်။

အချစ်ဈေး ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မိုးနီလွင်က ရေးသားပြီး ဒါရိုက်တာ ပြည့်ဖြိုးနိုင်(PPN)က Bellarie Production အတွက် တာဝန်ယူ ပုံဖော် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားမှာ ကျွန်တော်က ပေးထားတဲ့ ကာရိုက်တာအတိုင်း သစ္စာရှိရှိ သရုပ်ဆောင်ထားပါတယ်။ ဒီဇာတ်ကားနဲ့ ပတ်သက်ပြီး ကြည့်ရတဲ့ပရိသတ်တွေအနေနဲ့ ကြိုက်နှစ်သက်ကြမှာပါ။ ကျေနပ်တယ်ဆိုတဲ့ အသံမျိုးကြားချင်ပါတယ်။ ကြားလဲကြားရလိမ့်မယ်လို့ထင်ပါတယ်။ ဒီဇာတ်ကားက ကျွန်တော်တို့သုံးယောက်စလုံး ပထမဆုံးဆုံရတဲ့ ဇာတ်ကားဖြစ်တဲ့အတွက် တော်တော်လေးထူးခြားမယ်လို့ ထင်ပါတယ်"ဟု သရုပ်ဆောင် နိုင်းနိုင်းက ပြောပြသည်။

အချစ်ဈေး ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နိုင်းနိုင်း၊ နေတိုး၊ ဇော်ဦး၊ ဇင်မျိုး၊ ကိုဇော်၊ ဝတ်မှုံရွှေရည်၊ ချောရတနာ၊ အေဇာ်၊ လင်းလပြည့်ထက်၊ ဧည့်သည် သရုပ်ဆောင် သားညီနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Crawl နောက်ဆက်တွဲဇာတ်ကားသစ်၌ မေဆင်ဂွတ်ဒင်း၊ အမ်မလီရပ်တို့ပါဝင်မည်

**နယူးယောက် ဩဂုတ် ၁၃**

Paramount ရုပ်ရှင်ကုမ္ပဏီ၏ Crawl နောက်ဆက်တွဲဇာတ်ကားသစ်၌ မင်းသား မေဆင်ဂွတ်ဒင်း၊ မင်းသမီး အမ်မလီရပ်တို့ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဩဂုတ် ၁၂ ရက် သတင်းများအရ သိရသည်။

Crawl (2019) နောက်ဆက်တွဲ ဇာတ်ကားသစ်ကို ဒါရိုက်တာ အလက်ဇန်းဒါးအက်ဂျာက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

ဒါရိုက်တာ အလက်ဇန်းဒါးအက်ဂျာသည် မူလ Crawl(2019) ဇာတ်ကားကို ရိုက်ကူးပေးခဲ့သည့် ဒါရိုက်တာဖြစ်သည်။


Crawl(2019)ဇာတ်ကားသည် ဟာရီကိန်းမုန်တိုင်း တိုက်ခတ်ချိန်အတွင်း ဖလော်ရီဒါပြည်နယ်ရှိ နေအိမ်ထဲ ပိတ်မိနေစဉ် မိကျောင်းတစ်ကောင်၏ အန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသည့် သားအဖနှစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

ရိုက်ကူးထုတ်လုပ်မှု စရိတ် အမေရိကန်ဒေါ်လာ ၁၄ သန်းသာရှိခဲ့သည့် Crawl(2019) သည် စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၉၁ ဒသမ ၅ သန်းထိရရှိခဲ့သည်။

Crawl နောက်ဆက်တွဲဇာတ်ကားသစ် ရိုက်ကူးထုတ်လုပ်မှုကို ဩဂုတ်လကုန်ပိုင်းတွင် ဟန်ဂေရီနိုင်ငံ၌ စတင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**





# တေးသံရှင် မေခလာ၊ ထွန်းအိန္ဒြာဗိုတို့၏ The Divas Power Concept (Day 2) တေးဂီတဖျော်ဖြေပွဲကို တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Bar ၌ ပြုလုပ်မည်

**ရန်ကုန် ဩဂုတ် ၁၃**

တေးသံရှင် မေခလာ၊ ထွန်းအိန္ဒြာဗိုတို့၏ The Divas Power Concept (Day 2) တေးဂီတဖျော်ဖြေပွဲကို ဩဂုတ် ၁၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Bar ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် မေခလာက ပြောပြ၍ သိရသည်။

တေးသံရှင် မေခလာ၊ ထွန်းအိန္ဒြာဗိုတို့၏ The Divas Power Concept(Day 2) တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Transporter Bar ၏ ပင်တိုင်တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးမည်ဖြစ်ပြီး Transporter Bar ၏ ပင်တိုင်တေးသံရှင်များကလည်း အားဖြည့်သီဆိုပေးသွားမည်ဖြစ်ကြောင်း သိရသည်။




"Transporter Bar မှာ ချစ်ငယ်နဲ့ မခိုင်တို့အတွဲရဲ့ ဒုတိယမြောက် ဖျော်ဖြေပွဲကတော့ လာမဲ့ ဩဂုတ် ၁၆ ရက်ညမှာ Live Performance Round 2 ရှိပါမယ်။ ပထမပွဲတုန်းက ခြေချစရာနေရာမရှိတဲ့ထိ အားပေးကြမ်းခဲ့တဲ့ ပရိသတ်တွေနဲ့ ခန်းမပြည့်လို့ ပြန်သွားရသူတွေအတွက် ထပ်မံဖျော်ဖြေပေးအုံးမှာမို့ ဆက်ဆက်ကြွလှမ်းခဲ့ကြဖို့ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် မေခလာက ပြောပြသည်။

တေးသံရှင် မေခလာ၊ ထွန်းအိန္ဒြာဗိုတို့၏ The Divas Power Concept (Day 2) တေးဂီတဖျော်ဖြေပွဲကို Transporter Bar ၌ ဩဂုတ် ၁၆ ရက် ညနေ ၆ နာရီမှ စတင်ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Mime ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား ဂျွန်ဒေးဗစ်ဝါရှင်တန် ပါဝင်မည်ဖြစ်

**နယူးယောက် ဩဂုတ် ၁၃**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Mime အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား ဂျွန်ဒေးဗစ်ဝါရှင်တန် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၁၂ ရက် သတင်းများအရ သိရသည်။

Mime ဇာတ်ကားသည် သဘာဝလွန် ထိတ်လန့်သည်းဖို ဇာတ်ကား အမျိုးအစားဖြစ်ပြီး အဆိုပါဇာတ်ကားကို မင်းသမီး ဒါရိုက်တာ နီကာတူဂျူဆူက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ စတီဖင်ဟားမန်းက တာဝန်ယူရေးသားပေးထားသည်။

လက်ရှိတွင် Mime ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးပေ။

မင်းသား ဂျွန်ဒေးဗစ်ဝါရှင်တန်သည် Blackkklansman၊ Tenet နှင့် The Creator ဇာတ်ကားများ၌ ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# အလုံမြို့နယ်ရှိ အိမ်တော်ရာစေတီတော်၌ အတ္တစီးချင်း ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားပြုလုပ်

**ရန်ကုန် ဩဂုတ် ၁၃**

Mahar TV ရုပ်သံလိုင်းနှင့် Mahar Application တို့၏ Mahar Original Series အဖြစ် ရိုက်ကူးထုတ်လုပ်မည့် အတ္တစီးချင်း ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေး အခမ်းအနားကို ဩဂုတ် ၁၂ ရက်က ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ အိမ်တော်ရာစေတီတော်၌ ပြုလုပ်ခဲ့ကြောင်း ဒါရိုက်တာ ကျော်နှင်းဆီက ပြောပြ၍ သိရသည်။

အတ္တစီးချင်း ရုပ်သံဇာတ်လမ်းတွဲ၏ဝတ္ထုဇာတ်လမ်းကို ညမွှေးပန်းက ရေးသားပြီး သံသာဦး၊ မုဒြာနှင့် အိစုခိုင်တို့က ဇာတ်ညွှန်းရေးသား၍ လွင်မင်းအံ့က ဇာတ်ညွှန်းမွမ်းမံထားကာ ဒါရိုက်တာ ကျော်နှင်းဆီက တာဝန်ယူပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲက အတ္တစီးချင်းဆိုတဲ့အတိုင်း လူတိုင်းမှာ ချမ်းသာသာ၊ ဆင်းရဲရဲပေါ့နော် အတ္တတွေရှိကြတယ်။ မိသားစုတွေရဲ့ အိမ်ထောင်ရေးဇာတ်ကိုမှ ဒီအတ္တတွေမှာ လောဘတွေ၊ မောဟတွေကြောင့် ဖြစ်လာမဲ့ အကျိုးဆက်တွေရှိသလို မထင်မှတ်ထားလောက်တဲ့ အကြောင်းအရာလေးတွေပါပါတယ်။ ဇာတ်လမ်းဇာတ်အိမ်က သရုပ်ဆောင်အများကြီးနဲ့ဆိုတော့ အတ္တတွေ မတူညီတာကို တွေ့ရမှာပါ။ အတ္တတွေကြောင့် ဘယ်လောက်ပူလောင်ရမလဲဆိုတာ မြင်တွေ့ရမှာပါ"ဟု ဒါရိုက်တာ ကျော်နှင်းဆီက ပြောပြသည်။

အတ္တစီးချင်း ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် မင်းဘုန်းမြတ်၊ ဘုန်းရှိန်ခန့်၊ မင်းဦး၊ မင်းတော်ဝင်၊ ဟိန်းသစ်စ၊ အာဒံဦး၊ မေမြင့်မိုရ်၊ နန်းခင်ဇေယျာ၊ ထွန်းပုလဲရတနာ၊ မျိုးသန္တာထွန်း၊ မြတ်ကေသီအောင်၊ နေရည်ဝင်းလှဲ၊ ချိုမဒီသွင်၊ ဘေဘေးနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Vice President Daw Nan Ni Ni Aye addresses first coordination meeting of Steering Committee for 27th Myanmar Traditional Cultural Performing Arts Competition



**Vice President Daw Nan Ni Ni Aye addresses the first coordination meeting of the Steering Committee for the 27th Myanmar Traditional Cultural Performing Arts Competition.**

**Nay Pyi Taw August 13**

The first working coordination meeting of the Steering Committee for the 27th Myanmar Traditional Cultural Performing Arts Competition (2026) was held this afternoon at the Cultural Treasure Hall of the Ministry of Hotels, Tourism and Culture in Nay Pyi Taw. Vice President Daw Nan Ni Ni Aye, Patron of the Steering Committee, attended the meeting and delivered remarks.

The meeting was attended by members of the Steering Committee, including Union Ministers, the Chairman of the Nay Pyi Taw Council, Deputy Ministers, State and Region Government Ministers, heads of departments, subject-matter experts and other officials.

In her opening remarks, Vice President Daw Nan Ni Ni Aye said the meeting was important for preserving Myanmar's traditional cultural heritage, passing it on to younger generations and further promoting national culture. She noted that Myanmar has preserved its ancient cultural traditions for thousands of years, with traditional singing, dancing, writing and musical arts serving as valuable intangible cultural heritage that reflects the spirit, beliefs, culture and way of life of the Myanmar people.

She stressed that, amid rapid technological development and increasing global cultural exchanges, it is necessary not only to preserve, rediscover and promote Myanmar's traditional cultural heritage but also to make it appealing to younger generations so that it can be effectively passed on to them. She said the Myanmar Traditional Cultural Performing Arts Competition should not be viewed merely as a contest to determine winners and losers. Rather, it is an important national cultural event that can help identify and nurture new generations of artists, preserve and develop traditional arts, foster appreciation of national culture and strengthen national resilience.

She said the 27th competition should be organized in a more systematic and qualitative manner, drawing on the valuable experiences of previous competitions. She called for clear and precise rules and regulations, fair, transparent and professional judging, and accurate assessment of contestants' abilities. She added that the State has consistently encouraged the preservation and development of Myanmar's cultural heritage and arts, as well as the promotion of Myanmar's national culture on the international stage. She therefore urged all relevant stakeholders to work together to ensure that the competition becomes a successful event that reflects national unity, cultural dignity and Myanmar's artistic traditions.

The Vice President also stressed the need for thorough preparations and effective arrangements to successfully hold the competition. She called for the centrally organized event to reflect the national cultural characteristics and traditions of the Myanmar people and urged attendees to openly and cordially share their views and suggestions.

Next, Chairman of the Steering Committee and Union Minister for Hotels, Tourism and Culture U Maung Myint explained the competition's work plans and prize-awarding arrangements. Secretary of the Steering Committee and Deputy Minister U Aye Tun reported on completed, ongoing and planned tasks.

Following this, officials from relevant sectors reported on preparations and measures being undertaken to successfully organize the 27th Myanmar Traditional Cultural Performing Arts Competition. Vice President Daw Nan Ni Ni Aye discussed and coordinated the necessary matters, delivered concluding remarks and brought the meeting to a close. MNA

# Farmers grow more than 1,000 acres of rainfed paddy in Kyaukmyaung Sub-Township this year

**Kyaukmyaung August 13**

More than 1,000 acres of monsoon paddy have been planted in Kyaukmyaung Sub-Township of Sagaing Region, during this year's monsoon cropping season, according to records from the Kyaukmyaung Sub-Township Agriculture Department Office.

During the 2026-2027 monsoon cropping season, Kyaukmyaung Sub-Township set a target to cultivate 4,054 acres of monsoon paddy. Cultivation began in July this year, and a total of 1,312 acres have been planted so far.

"This year, Kyaukmyaung Sub-Township has set a target to cultivate more than 4,000 acres of monsoon paddy during the monsoon cropping season. More than 1,000 acres have been planted as of today. We are taking measures to ensure that the target acreage is fully cultivated. We will provide the necessary technologies and seeds for monsoon paddy cultivation. We are also conducting field activities to help farmers plant monsoon paddy on time," said Daw Po, Head of the Kyaukmyaung Sub-Township Agriculture Department.

During this year's monsoon cropping season, the relevant Agriculture Department and local farmers are working together to ensure that monsoon paddy is systematically cultivated without difficulties.

In the sub-township, monsoon paddy farmers are being provided with agricultural technology, awareness on preventing pest infestations, guidance to prevent crop damage and losses, and reminders to ensure that harvested paddy is transported under shelter in a timely manner.

To ensure successful growth and good yields of the monsoon paddy cultivated in Kyaukmyaung Sub-Township this year, staff from the Agriculture Department are conducting field activities and providing technical guidance on selecting and cultivating quality and pure seeds, monitoring for pest infestations, harrowing and weeding, removing off-type plants, and systematically applying fertilizers.

206

# Dabayin Township sees expansion of sown acreage for green gram

**Dabayin August 13**

Local farmers from Dabayin Township of Sagaing Region cultivated green gram exceeding the target cultivation, according to the township Agriculture Department.

During the 2026-2027 monsoon cropping season, Dabayin Township set a target to cultivate 14,949 acres of green gram. Farmers began cultivation in May this year, and local farmers planted 19,101 acres of crops to date.

"This year, Dabayin Township set a target to cultivate 14,949 acres of green gram during the monsoon cropping season, and 19,101 acres have already been planted. At present, the cultivated acreage has exceeded the target. We are providing awareness and extension services to encourage the expansion of green gram cultivation and educating farmers on the use of quality and pure seeds to achieve good yields," said Daw Aye Myat Mon, Head of the Dabayin Township Agriculture Department.

This year, the Dabayin Township Agriculture Department has been providing green gram farmers with guidance on obtaining quality and pure seeds suitable for local conditions, proper cultivation methods, prevention of pest infestations, systematic use of fertilizers and measures to achieve good yields.

During this year's monsoon cropping season, the department is also working in cooperation with farmers to provide the quality and pure seeds, agricultural inputs and post-harvest technology needed to improve the yield and quality of pulse crops. 206

# Farmers plant vegetables exceeding the target cultivation in Wetlet Township



This photo depicts a vegetable patch in Wetlet Township.

**Wetlet August 13**

Cultivation of vegetables in Wetlet Township of Sagaing Region exceeded the target sown acreage this monsoon, according to the township Agrculture Department.

During the 2026-2027 monsoon cropping season, Wetlet Township set a target to cultivate 4,225 acres of vegetables. Vegetable cultivation began in May this year, and 4,356 acres have been planted to date.

"This year, Wetlet Township set a target to cultivate 4,225 acres of vegetables during the monsoon cropping season, and 4,356 acres have already been planted. At present, the cultivated acreage has exceeded the target. The vegetables include mustard, chilli, spices, potatoes, cauliflower, eggplant and cabbage. Farmers are being provided with technical guidance to grow all vegetables in accordance with Good Agricultural Practices (GAP). They are also being given guidance on cultivating vegetables in a health-conscious manner with minimum chemical residues," said Daw Khin San, Head of the Wetlet Township Agriculture Department.

This year, the Wetlet Township Agriculture Department has been providing vegetable farmers with technical training on GAP-based cultivation, guidance to ensure that vegetables produced from the farms are safe and healthy for consumption, and assistance to encourage farmers to expand vegetable cultivation.

Vegetables of various kinds are cultivated seasonally every year in Wetlet Township. As the crops have been successfully cultivated, farmers are able to earn income for their families. The Township Agriculture Department is providing farmers who plan to grow vegetables with awareness and technical guidance on proper cultivation methods, prevention of pest infestations, and the preparation and use of organic fertilizers, natural pesticides and pest repellents. 206

# Kani Township completes cultivation of more than 5,000 acres of rainfed blue phaseolus this year

**Kani August 13**

More than 5,000 acres of croplands have been placed under blue phaseolus plants in Kani Township of Sagaing Region this monsoon, according to the township Agriculture Department.

During the 2026-2027 monsoon cropping season, Kani Township has set a target to cultivate 7,260 acres of rainfed blue phaseolus. Farmers began cultivation in May this year, and 5,395 acres have been planted to date.

"This year, Kani Township has set a target of cultivating more than 7,000 acres of blue phaseolus during the monsoon cropping season. More than 5,000 acres have been planted as of today. We are taking measures to ensure that the target acreage is fully cultivated. We are providing awareness and extension services to encourage the expansion of cultivation, as well as educating farmers on the use of quality and pure seeds to achieve good yields," said Daw Saw Thandar Nwe, Head of the Kani Township Agriculture Department.

This year, the Kani Township Agriculture Department is providing farmers cultivating blue phaseolus with guidance on obtaining quality and pure seeds suitable for local conditions, proper cultivation methods, pest and disease prevention, systematic use of fertilizers and measures to achieve good yields.

During this year's monsoon cropping season, the department is also working in cooperation with farmers to provide the quality and pure seeds, agricultural inputs and post-harvest technology needed to improve the yield and quality of various pulses. 206

# More than 30,000 acres of pigeon pea grown in Budalin Township

**Budalin August 13**

Local farmers cultivated 30,612 acres of pigeon pea as monsoon crops in Budalin Township of Sagaing Region this monsoon, according to the township Agriculture Department.

During the 2026-2027 monsoon crop cultivation season, 34,500 acres of pigeon pea have been targeted for cultivation in Budalin Township. Cultivation began in May this year, and 30,612 acres have been planted to date.

"During this year's monsoon crop cultivation season, 34,500 acres of pigeon pea were targeted for cultivation in Budalin Township, and 30,612 acres have already been planted. Efforts are being made to meet the targeted acreage. Assistance is also being provided to improve the yield of pigeon pea. Farmers grow pigeon pea both as a standalone crop and as an intercropped crop," said U Phyo Wai, Head of the Budalin Township Agriculture Department.

This year, the Budalin Township Agriculture Department has been conducting field awareness activities for pigeon pea farmers, providing guidance on selecting and cultivating quality and pure seeds, using proper cultivation methods, preventing pest infestations and increasing crop yields.

The Township Agriculture Department in Budalin Township is also disseminating technologies for the combined use of urea and borax to help pigeon pea farmers reduce the cost of purchasing foliar fertilizers. The use of urea and borax helps reduce cultivation costs, protect plants from pest infestations and promote healthy plant growth. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 5,000 acres of vegetables planted in Monywa Township

**Monywa August 13**

The Department of Agriculture in Monywa Township stated that local farmers grew5,793 acres of vegetables in Monywa Township of Sagaing Region this year.

Local authorities earmarked cultivation of 9,300 acres of vegetables in the township in 2026-27 monsoon cultivation season but local farmers planted 5,793 acres of crops against the target cultivation.

During this year's monsoon crop cultivation season, more than 9,000 acres of vegetables were planned to be cultivated in Monywa Township, of which more than 5,000 acres have already been planted. Efforts are being made to ensure that the targeted acreage is fully cultivated. The crops include mustard, chilli, herbs and spices, potato, cabbage, eggplant and cauliflower. Farmers are being provided with technical assistance to enable them to grow all vegetables in accordance with Good Agricultural Practices (GAP). They are also being provided with agricultural technologies to ensure that all vegetables are grown in a health-conscious manner with minimal chemical residues," said U Soe Thet Aung, Head of the Monywa Township Agriculture Department.

This year, the Monywa Township Agriculture Department has been providing vegetable farmers with technical training on GAP-based cultivation methods, as well as guidance on producing vegetables from their farms that are safe and healthy for consumption. Efforts are also being made to encourage farmers to expand vegetable cultivation.

A variety of seasonal vegetables are cultivated annually in Monywa Township. The vegetable crops have been successfully grown, providing income for farming families. The Township Agriculture Department is also raising awareness among farmers who plan to grow vegetables about proper cultivation methods, prevention and control of pest infestations, and the preparation and use of organic fertilizers, organic pesticides and natural pest repellents.

206

# တောင်ကိုရီးယားနိုင်ငံက K2 ပင်မတိုက်ပွဲဝင်တင့်ကားများ အဆင့်မြှင့်တင်ရေးစီမံကိန်းတွင် ကန်ဒေါ်လာ ၂ ဒသမ ၄၃ ဘီလီယံ သုံးစွဲရန်စီစဉ်နေ



တောင်ကိုရီးယားနိုင်ငံသည် စစ်မြေပြင်တွင် ဒရုန်းများနှင့် တင့်ဖျက်လက်နက်များ၏ ခြိမ်းခြောက်မှုများကို ကာကွယ်တုံ့ပြန်နိုင်ရန်အတွက် K2 ပင်မ တိုက်ပွဲဝင်တင့်ကားများ အဆင့်မြှင့်တင်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၃ ဘီလီယံသုံးစွဲရန် စီစဉ်နေကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ K2 ပင်မတိုက်ပွဲဝင်တင့်ကားများ အဆင့်မြှင့်တင်ရေးစီမံကိန်းအရ Hyundai Rotem ကုမ္ပဏီက ထုတ်လုပ်ထားပြီး လူသုံးဦးသာလိုအပ်သည့် ခေတ်မီပင်မ တိုက်ပွဲဝင်တင့်ကားဖြစ်သည်။ K2 ပင်မတိုက်ပွဲဝင်တင့်များတွင် Active Protection System (APS) ကာကွယ်ရေးစနစ်၊ ဒရုန်းများနှင့် ဖောက်ခွဲရေးကိရိယာများကို တားဆီးနှောင့်ယှက်နိုင်သည့် Jamming စနစ်နှင့် အဝေးထိန်း လက်နက်စနစ် (Remote-Controlled Weapon Station – RCWS) တို့ တပ်ဆင်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးပစ္စည်းရယူရေးအုပ်ချုပ်မှုအဖွဲ့ (DAPA) က ထုတ်ပြန်ထားသည်။ အဆိုပါ အဆင့်မြှင့်တင်ရေးစီမံကိန်းကို ၂၀၂၈ ခုနှစ်မှ ၂၀၄၆ ခုနှစ်ထိ အကောင်အထည်ဖော်သွားရန်စီစဉ်ထားကြောင်းလည်း ကာကွယ်ရေးပစ္စည်းရယူရေး အုပ်ချုပ်မှုအဖွဲ့ (DAPA) က ထုတ်ပြန်ထားကြောင်း သိရသည်။

မြောက်ကိုရီးယားသည် ဒရုန်းခြိမ်းခြောက်မှုကို တန်ပြန်ရန် K2 တင့်ကားများ အဆင့်မြှင့်တင်ရေးစီမံကိန်းသည် မြောက်ကိုရီးယား၏ အသေခံတိုက်ခိုက်ရေးဒရုန်း (Suicide Drone) ထုတ်လုပ်ရေးအစီအစဉ် တိုးချဲ့ချိန်တွင် ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

အသေခံတိုက်ခိုက်ရေးဒရုန်းများသည် တင့်ကားများ(SuicideDone) အပေါ်ပိုင်းမှ ထိုးဖောက်တိုက်ခိုက်နိုင်ခြင်းကြောင့် ခေတ်မီတင့်ကားများအတွက် အရေးပါသော ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်နေသည်။ အကြောင်းမှာ တင့်ကားများ၏ အပေါ်ဘက်သံချပ်ကာသည် ရှေ့ဘက်နှင့် ဘေးဘက်သံချပ်ကာများထက် အလွန်ပါးလွှာလေ့ရှိသောကြောင့်ဖြစ်သည်။

K2 ပင်မတိုက်ပွဲဝင်တင့်ကားအဆင့်မြှင့်တင်ရေးစီမံကိန်း (K2 Tank Performance Upgrade Project) သည် စစ်မြေပြင်တွင် ဒရုန်းများ၏ တိုက်ခိုက်ရေးအခန်းကဏ္ဍမြင့်တက်လာမှုနှင့်အတူ တင့်ဖျက်လက်နက်များ၏ ခြိမ်းခြောက်မှုများကို တုံ့ပြန်နိုင်ရေးအတွက် တောင်ကိုရီးယား၏ သံချပ်ကာတပ်ဖွဲ့များကို ခေတ်မီစနစ်များဖြင့် ပြန်လည်မြှင့်တင်နေခြင်းကို ဖော်ပြနေသည်။

အထူးသဖြင့် APS၊ ဒရုန်းနှောင့်ယှက်ရေးစနစ်နှင့် အဝေးထိန်းလက်နက်စနစ်များ ပေါင်းစပ်တပ်ဆင်ခြင်းသည် အနာဂတ် တင့်စစ်ဆင်ရေးများတွင် ရှင်သန်နိုင်စွမ်းနှင့် တိုက်ခိုက်ရေးစွမ်းရည်မြှင့်တင်ရန် တောင်ကိုရီးယား၏ အာရုံစိုက်ဆောင်ရွက်လာမှုကို ထင်ရှားစွာပြသနေကြောင်း သိရသည်။

**South Korea Plans $2.43B K2 Tank Upgrade to Counter Drone Threat ကို ဘာသာပြန် ဆိုထားပါသည်။**

# ယူကရိန်းကုမ္ပဏီ Zvook က ဒရုန်းရှာဖွေရေး အသံထောက်လှမ်းရေးစနစ်ကို ရွေ့လျားယာဉ်ပေါ်တွင် တပ်ဆင်စမ်းသပ်ခဲ့

ယူကရိန်းနိုင်ငံ Zvook ကုမ္ပဏီသည် ဝင်ရောက်လာသော Shahed တိုက်ခိုက်ရေးဒရုန်းများ အသံထောက်လှမ်းရေးစနစ်နားထောင်ခြင်းဖြင့် ရှာဖွေသိရှိနိုင်သည့် ဒရုန်းရှာဖွေရေးကို ရွေ့လျားယာဉ်ပေါ်တွင် တပ်ဆင်စမ်းသပ်ခဲ့ကြောင်း Defence Blog သတင်းဌာနက ဩဂုတ် ၁၁ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

Lviv မြို့အခြေစိုက် ယူကရိန်းကာကွယ်ရေးနှင့် အာကာသနည်းပညာ ထုတ်လုပ်ရေးကုမ္ပဏီ Zvook သည် NATO ၏ BATT26 စစ်ရေးလေ့ကျင့်ခန်းအတွင်း ၎င်း၏ဒရုန်းရှာဖွေရေးအသံ ထောက်လှမ်းရေးစနစ်ကို ရွေ့လျားနေသော ယာဉ်ပေါ်တွင် ပထမဆုံးအကြိမ် တပ်ဆင်စမ်းသပ်ခဲ့သည်။ အဆိုပါစမ်းသပ်မှုကို လတ်ဗီးယားတပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး၊ ဆက်သွယ်ရေးတာဝါတိုင်များကဲ့သို့ နေရာများအတွက် ဖန်တီးထားသည့် ဒရုန်းရှာဖွေရေးစနစ်သည် လမ်းမပေါ်တွင် ရွေ့လျားနေစဉ်တွင်လည်း အလားတူထိရောက်စွာ လုပ်ဆောင်နိုင်ခြင်း ရှိ၊ မရှိကို စမ်းသပ်ခဲ့ခြင်းဖြစ်သည်။

Zvook ကုမ္ပဏီ၏ အသံထောက်လှမ်းခြင်းနည်းစနစ်သည် ရေဒါကဲ့သို့ အချက်ပြလှိုင်းများ ထုတ်လွှင့်၍ ရှာဖွေခြင်းမဟုတ်ဘဲ အသံကိုနားထောင်ခြင်းဖြင့် ရှာဖွေသိရှိသည့် Passive Detection နည်းလမ်းကို အသုံးပြုထားသည်။ ဒရုန်းများ၏ မော်တာနှင့် ပန်ကာများမှ ထွက်ပေါ်သည့် ထူးခြားသော အသံများကို ခွဲခြားသိရှိခြင်းဖြင့် ဒရုန်းများကို ရှာဖွေနိုင်ခြင်းဖြစ်သည်။ ထိုနည်းလမ်းသည် ရေဒါအချက်ပြမှုများ ထုတ်လွှင့်ခြင်းကြောင့် မိမိ၏တည်နေရာကို ရန်သူ တိုက်ခိုက်နိုင် သည့် အန္တရာယ်ကရှောင်ရှားနိုင်စေသည်။

Zvook ကုမ္ပဏီ၏ ကိုယ်စားလှယ်များက BATT26 စစ်ရေးလေ့ကျင့်ခန်း စမ်းသပ်မှုကို လက်တွေ့ကာကွယ်ရေးနည်းပညာ ဆန်းသစ်တီထွင်မှု မည်သို့ပေါ်ပေါက်လာသည်ကိုပြသသည့် လေ့လာမှုတစ်ရပ်အဖြစ် ဖော်ပြခဲ့သည်။ ၎င်းစမ်းသပ်မှုတွင် အဓိကစိန်ခေါ်မှုမှာ နိုင်ငံစုံစစ်ရေးလေ့ကျင့်မှုတွင် စနစ်အမျိုးမျိုးကို တူညီသည့် စစ်ဆင်ရေးပတ်ဝန်းကျင်တစ်ခု၌ ပေါင်းစပ်အသုံးပြုရင်း မမျှော်လင့်ထားသည့် အခြေအနေတစ်ရပ် ပေါ်ပေါက်လာခြင်းကို အခွင့်အလမ်းအဖြစ် အသုံးချခဲ့ခြင်းဖြစ်ကြောင်း ရှင်းပြခဲ့သည်။

ယူကရိန်းနိုင်ငံအတွင်း Zvook ကုမ္ပဏီ၏ အဓိကကွန်ရက်သည် ရေဒီယိုတာဝါတိုင်များနှင့် အလားတူ အခြေခံအဆောက်အအုံများပေါ်တွင် အမြဲတမ်းတပ်ဆင်ထားသည့် Sensor များကို အဓိကအသုံးပြုထားပြီး၊ Sensor များကို မြေပြင်အထက် ၁၀ မီတာမှ ၁၂ မီတာ ခန့်အမြင့်တွင် တပ်ဆင်ထားသည်။ ၎င်း Sensor များကို ရုရှားနှင့် ယူကရိန်း နယ်စပ်တစ်လျှောက်ရှိ ဝင်ရောက်လာနိုင်သည့် လမ်းကြောင်းများ အနီးတွင် မဟာဗျူဟာမြောက် တပ်ဖြန့်ချထားပြီး၊ လူနေထူထပ်သည့်ဒေသများ သို့မဟုတ် အရေးကြီး အခြေခံအဆောက်အအုံများသို့ မရောက်ရှိမီ ဝင်ရောက်လာသော Shahed ဒရုန်းများ၊ ခရုဇ်ဒုံးကျည်များနှင့် အနိမ့်ပျံသန်းသည့် လေယာဉ်များကို ရှာဖွေတွေ့ရှိနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။





ဒရုန်းရှာဖွေရေးစနစ်များ ပုံသေတပ်ဆင်ထားသည့်ကွန်ရက်မှ ရှာဖွေတွေ့ရှိသည့် အချက်အလက်များကို ၁၂ စက္ကန့်ခန့်အတွင်း ယူကရိန်း၏ အခြေအနေဆိုင်ရာ အသိပညာပေးစနစ်ထံ ပေးပို့နိုင်ကြောင်း သတင်းများက ဖော်ပြခဲ့ကြသည်။ ထို့ကြောင့် Tablet များ တပ်ဆင်ထားသည့် မိုဘိုင်းလေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့များသည် ခြိမ်းခြောက်မှုများကို အကွာအဝေးတစ်ခုအတွင်း ရှိနေစဉ်ကြိုတင်သတိပေးချက်ရရှိပြီး ကြားဖြတ်တားဆီးနိုင်ရန် အချိန်ရရှိစေသည်။

အဆိုပါ ရှာဖွေတွေ့ရှိနိုင်စွမ်းကို ရွေ့လျားယာဉ်ပေါ်တွင် တပ်ဆင်အသုံးပြုနိုင်သည့် မိုဘိုင်းဗားရှင်းအဖြစ် ပြောင်းလဲနိုင်ပါက လုံးဝကွဲပြားခြားနားသည့် အသုံးချနိုင်မှုများ ပေါ်ပေါက်လာမည်ဖြစ်သည်။ စစ်ယာဉ်တန်းများ၊ မိုဘိုင်းကွပ်ကဲရေးစခန်းများ သို့မဟုတ် လျင်မြန်စွာ လှုပ်ရှားတိုက်ခိုက်နိုင်မည့် တပ်ဖွဲ့များတွင် ဒရုန်းရှာဖွေရေး အသံထောက်လှမ်းမှုစနစ်ကို အသုံးချနိုင်မည်ဖြစ်သည်။ ၎င်းစနစ်များ ပုံသေတပ်ဆင်ထားသော တာဝါတိုင်များဖြင့် မလုပ်ဆောင်နိုင်သည့် ရွေ့လျားစစ်စခန်းသည် ဒရုန်းကျူးကျော်ဝင်ရောက်မှုများ ဖြစ်ပေါ်လာပြီး ခြိမ်းခြောက်မှုပုံစံများလည်း ဆက်လက်ပြောင်းလဲနေသဖြင့် စစ်မြေပြင်တွင် တာဝန်ထမ်းဆောင်နေသောတပ်ဖွဲ့များအတွက် အသုံးဝင်မည်ဖြစ်ကြောင်း သိရသည်။

**Ukrainian firm tests mobile version of its acoustic drone detector ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စွန်တာပြာပဲ ၅၃၉၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကနီ ဩဂုတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စွန်တာပြာပဲ ၅၃၉၅ ကေ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စွန်တာပြာပဲကေ ၇၂၆၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၃၉၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကနီမြို့နယ်မှာ စွန်တာပြာပဲကေ ၇၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ကေ ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စွန်တာပြာပဲစိုက်ကေတိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြသည်။

ကနီမြို့နယ်တွင် စွန်တာပြာပဲ စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေး စသည့် အသိပညာပေးလုပ်ငန်းများဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

စွန်တာပြာပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စွန်တာပြာပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြ၍ သိရသည်။ (၂၀၆)


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ကံမမြို့နယ် ဇီးတောကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး



ကံမ ဩဂုတ် ၁၃

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ဇီးတောကျေးရွာအုပ်စု ဇီးတောကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကံမမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းကိုနိုင်က ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကံမမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဝန်ထမ်းက အတိုးနှုန်းနှင့် ကာလ သတ်မှတ်ချက်များ၊ ချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဦးမင်းကိုနိုင်က ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဇီးတောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် ၂၇ ဒသမ ၅၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၆ ဒသမ ၄၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၃ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း ကံမမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းကိုနိုင်ထံမှ သိရသည်။ **ဆက်လူ**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကဏန်းပျော့ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဖျာပုံ ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကဏန်းပျော့ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူသူဝင်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ကဏန်းပျော့ ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကဏန်း ပျော့ ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ကဏန်းပျော့များကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က ဒီဘက်ကနေတင်ပို့တဲ့ ရေထွက်ကုန် အဓိကဈေးကွက်တစ်ခုပါ။ ပြီးခဲ့တဲ့ဇူလိုင်လအတွင်း ကဏန်းပျော့ပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ကဏန်းပျော့တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဒီဘက်က ကဏန်းပျော့တွေကို ရန်ကုန်ဈေးကွက်က ဒေသဈေးကွက်အပြင် အခြားဒေသတွေကို ပြန်လည်တင်ပို့ ရောင်းချနေတယ်လို့ သိရပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူသူဝင်းက ပြောပြသည်။



ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ကဏန်းပျော့ တစ်ပိဿာလျှင် အရွယ်အစားနှင့် လတ်ဆတ်မှုပေါ်မူတည်၍ ငွေကျပ် ၂၅၅၀၀ မှ ၃၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူသူဝင်းက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# မော်လမြိုင်မြို့နယ် ကော့ခပိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

မော်လမြိုင် ဩဂုတ် ၁၃

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကော့ခပိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာသင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများကို မိတ်ဆက်ရှင်းပြောကြားပြီး စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ဆက်လက်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက်ရှင်းလင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသား၊ ရပ်မိရပ်ဖများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း ကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာသင်းထံမှ သိရသည်။

အေးမြတ်


တိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်အိမ်ထောင်စုများကို တစ်ပတ်စာဆန်ရိက္ခာဖိုးငွေ၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာနှင့် ကြက်ဥထောက်ပံ့ပေးအပ်

**မန္တလေး ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တလင်းကြီးကျေးရွာအုပ်စု ဝဲကြီးဆင်ရွာကျေးရွာ ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်အိမ်ထောင်စု ၂၉၅ စု၊ လူဦးရေ ၉၅၀ အတွက် ငွေကျပ် ၇၈ သိန်းတန်ဖိုးရှိ တစ်ပတ်စာဆန်ရိက္ခာဖိုးငွေ၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာနှင့် ကြက်ဥတို့ ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။



အဆိုပါ ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့တွင် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ တွေ့ဆုံအားပေးစကားပြောကြားသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုများကြောင့် သဘာဝဘေးအန္တရာယ်များပိုမိုဖြစ်ပွားလျက်ရှိပြီး သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်မှုလျော့နည်းစေရေး အဓိကဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခု ရေဘေးသင့်ဒေသ၌ နှစ်စဉ်ရေလွှမ်းမိုးလေ့ရှိသည့်အတွက် ဒေသနေပြည်သူများအနေဖြင့် အတွေ့အကြုံအထိုက်အလျောက်ရှိပြီး ကြိုတင်ပြင်ဆင်မှုအသင့်ရှိသောကြောင့် အသက်ဆုံးရှုံးမှုမရှိခြင်းဖြစ်ကြောင်း၊ သို့သော် ယခင်နှစ်များကထက် ရေလွှမ်းမိုးမှုပမာဏ ပိုမိုသည့်အတွက် စခန်းများတွင် နေထိုင်သည့်ကာလအနည်းငယ်ကြာမြင့်နိုင်ပါကြောင်း၊ ရေကြီးရေလျှံမှုနှင့်ဆက်စပ်ကြုံတွေ့ရလေ့ရှိသော ဝမ်းပျက်ဝမ်းလျှောအပါအဝင် အခြားသောရောဂါအန္တရာယ်များမဖြစ်စေရေး အထူးသတိပြုဆောင်ရွက်ကြရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဖလမ်းမြို့ရှိ ပျက်စီးသွားသည့် ဌာနဆိုင်ရာရုံးများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ဖလမ်း ဩဂုတ် ၁၃**

အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဖလမ်းမြို့ရှိပျက်စီးသွားသည့် ဌာနဆိုင်ရာရုံးများကို အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါရုံးများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ယနေ့တွင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီအဖွဲ့ဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံး အမိုးလဲလှယ်နေမှု၊ မြို့နယ်ဦးစီးမှူးရုံး အဆောက်အအုံနံရံများနှင့် ပြတင်းတံခါးများပြင်ဆင်နေမှု၊ မြို့နယ်အခွန်ဦးစီးဌာနရုံး ကြမ်းခင်းများ ပြန်လည်ပြုပြင်နေမှု၊ မြို့နယ်သမဝါယမဦးစီးဌာနရုံး ဝန်ထမ်းအိမ်ရာ အမိုးနှင့်ကြမ်းခင်းများ ပြန်လည်ပြုပြင်နေမှုနှင့် ရုံးအဆောက်အအုံ အမိုးများလဲလှယ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရန် မှာကြားသည်။

အလားတူ တီးတိန်မြို့နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးအဆောက်အအုံ၊ မြို့မရဲစခန်းအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲနှစ်ထပ်၊ မြို့နယ်သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနပိုင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း စားရိပ်သာအဆောက်အအုံ၊ တီးတိန်မြို့ ခုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံအဆောက်အအုံပြတင်းတံခါးမှန်များ ပြင်ဆင်နေမှုနှင့် မြို့နယ်လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသည့် မြို့တွင်းမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကော်မတီအတွင်းရေးမှူးသည် တစ်စိတ်တစ်ပိုင်းပြုပြင်ရမည့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းနည်းပြအိပ်ဆောင်၊ ခုတင် (၅၀)ဆံ့ပြည်သူ့ဆေးရုံ၊ မြို့နယ်လျှပ်စစ်ရုံးပြုပြင်ခြင်းနှင့် မြို့နယ်ဥပဒေရုံးပြုပြင်ပြီးစီးမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ရှေ့ဖုံးမှအဆက်

ပြည်နယ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဘာသာရပ်ဆိုင်ရာ အကဲဖြတ်ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မျိုးဆက်သစ်များထံသို့ လက်ဆင့်ကမ်းပေးခြင်းနှင့် အမျိုးသားယဉ်ကျေးမှုကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အလွန်အရေးပါသည့် အစည်းအဝေးတစ်ရပ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ရှေးဟောင်းယဉ်ကျေးမှုအစဉ်အလာများကို နှစ်ပေါင်းထောင်ချီထိန်းသိမ်းလာခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊အဆိုပါယဉ်ကျေးမှုအမွေအနှစ်များထဲတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များသည် မြန်မာလူမျိုးတို့၏ စိတ်ဓာတ်၊ အတွေးအခေါ်၊ ယဉ်ကျေးမှုနှင့် လူနေမှုဘဝများကို ထင်ဟပ်ဖော်ပြနေသည့် အဖိုးတန်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များပင်ဖြစ်ကြောင်း။

ယနေ့ခေတ်တွင် နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် ကမ္ဘာလုံးဆိုင်ရာယဉ်ကျေးမှုကူးလူးယှက်နွယ်ဖလှယ်မှုများသည် အရှိန်အဟုန်မြင့်တက်လာသည်နှင့်အမျှ မိမိတို့၏မူရင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြန်လည်ဖော်ထုတ်မြှင့်တင်ခြင်းတို့အပြင် မျိုးဆက်သစ်များ စိတ်ပါဝင်စားလာစေပြီး လက်ဆင့်ကမ်းလွှဲပြောင်းပေးအပ်နိုင်ရန် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲများကိုကျင်းပပေးခြင်းသည် အနိုင်အရှုံးကိုသာ ဦးတည်ယှဉ်ပြိုင်ခြင်းမဟုတ်ဘဲ မျိုးဆက်သစ်အနုပညာရှင်များ ဖော်ထုတ်ပေးနိုင်ရန်၊ ရိုးရာအနုပညာရပ်များရှင်သန်ဖွံ့ဖြိုးစေရန်၊အမျိုးသားယဉ်ကျေးမှုကိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်များ တိုးပွားစေရန်နှင့် နိုင်ငံတော်၏အမျိုးသားရေးကိုယ်ခံစွမ်းအားကိုမြှင့်တင်ပေးနိုင်ရန်စသည်တို့အတွက် အရေးပါသည့် အမျိုးသားအဆင့်ယဉ်ကျေးမှုပွဲတော်ကြီးတစ်ရပ်ဖြစ်ကြောင်း။

ယခုကျင်းပမည့် ၂၇ ကြိမ်မြောက်ပြိုင်ပွဲသည် ယခင်ကျင်းပခဲ့သည့်ပြိုင်ပွဲများ၏ ကောင်းမွန်သည့်အတွေ့အကြုံများကို အခြေခံပြီး ပိုမိုစနစ်ကျနစွာဖြင့် အရည်အသွေးရှိရှိကျင်းပနိုင်ရေးကို ရည်မှန်းထားရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းတိကျစွာ ချမှတ်ဆောင်ရွက်ရန်၊ အကဲဖြတ်မှုများကို မျှတပွင့်လင်းပြီး ပညာရှင်ဆန်စွာဆောင်ရွက်နိုင်ရန်နှင့် ပြိုင်ပွဲဝင်များ၏ အရည်အချင်းကို မှန်ကန်စွာသုံးသပ်အကဲဖြတ်နိုင်ရန် အထူးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊နိုင်ငံတော်အနေဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးရေး၊အနုပညာရပ်များဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားယဉ်ကျေးမှုကို နိုင်ငံတကာအလယ်တွင် ဂုဏ်ယူစွာဖော်ဆောင်နိုင်ရေးတို့အတွက် အစဉ်တစိုက်အားပေးမြှင့်တင်လျက်ရှိကြောင်း၊ထို့ကြောင့် ယခုကျင်းပမည့်ပြိုင်ပွဲကိုလည်း အမျိုးသားစည်းလုံးညီညွတ်မှု၊ ယဉ်ကျေးမှုဂုဏ်သိက္ခာနှင့်မြန်မာ့အနုပညာအစဉ်အလာများကို ပိုမိုထင်ဟပ်ဖော်ဆောင်ပြီး အောင်မြင်သည့်ပြိုင်ပွဲတစ်ရပ်ဖြစ်လာစေရေးအတွက် အားလုံးက စိတ်ရင်းစေတနာအပြည့်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကောင်းမွန်သည့် စီစဉ်ဆောင်ရွက်မှုများ၊ လိုအပ်သည့် ကြိုတင်ပြင်ဆင်ကြိုးပမ်းအားထုတ်မှုများနှင့် ကျင်းပဆောင်ရွက်နိုင်ရန်သာမက ဗဟိုအဆင့်ကျင်းပသည့် ယခုပြိုင်ပွဲကြီးသည် မြန်မာနိုင်ငံသားများ၏ အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ထင်ဟပ်ဖော်ပြနေသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်စေရန်အတွက်လည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် ရင်းနှီးပွင့်လင်းစွာ ဝိုင်းဝန်းဆွေးနွေးတင်ပြပေးကြရန် အလေးအနက်တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ပြိုင်ပွဲကျင်းပမည့် လုပ်ငန်းအစီအမံများနှင့် ဆုများပေးအပ်ချီးမြှင့်မည့်အခြေအနေများကိုလည်းကောင်း၊ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအေးထွန်းက ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် လုပ်ငန်းတာဝန်များ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆေးဝါးအမည်သစ် ခြောက်မျိုးကို သုတေသနပြုစမ်းသပ်အောင်မြင်ခဲ့သည့်အတွက် ဂုဏ်ပြုပွဲကျင်းပ



**နေပြည်တော် ဩဂုတ် ၁၃**

၁၉၈၂ ခုနှစ်မှ ယနေ့အချိန်ထိ သုတေသနဌာနသည် ဆေးဝါးအမျိုးအစား ၆၆ မျိုးကို အောင်မြင်စွာစမ်းသပ်ဖော်ထုတ်နိုင်ခဲ့ပြီး ယခုတီထွင်မှုများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)၏ ခွင့်ပြုချက်ရရှိရုံသာမက ပြည်တွင်းဆေးဝါးစက်ရုံများသို့ နည်းပညာလွှဲပြောင်းပေးအပ်နိုင်ခဲ့၍ ပြည်တွင်းထုတ်လုပ်မှုကို အားကောင်းစေပြီး ပြည်ပမှတင်သွင်းမှုအပေါ်မှီခိုမှုကို လျှော့ချနိုင်ခဲ့ကြောင်း၊ ဆေးဝါးအမျိုးအစားသစ်ခြောက်မျိုးဖြစ်သည့် ဆီးချိုရောဂါကုသဆေးနှစ်မျိုး၊ အိတ်ချ်အိုင်ဗွီ(HIV)ရောဂါကုသဆေးတစ်မျိုး၊ အရိုး၊ အကြောအဆစ်ရောဂါကုသဆေး တစ်မျိုး၊ ကင်ဆာရောဂါကုသဆေးတစ်မျိုး၊ မေ့ဆေး တစ်မျိုးတို့ကို အောင်မြင်စွာတီထွင်နိုင်ခဲ့ကြောင်း ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ သုတေသနဌာန၌ ကျင်းပသည့် ဆေးဝါးအမည်သစ် ခြောက်မျိုးကို သုတေသနပြုစမ်းသပ်၍ အောင်မြင်ခဲ့သည့်အတွက်ကျင်းပသည့် ဂုဏ်ပြုအခမ်းအနားမှ သိရသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ယခုကဲ့သို့စမ်းသပ်အောင်မြင်မှုသည် ပြည်သူ့ကျန်းမာရေးအတွက် ကြီးမားသောခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း၊ စမ်းသပ်အောင်မြင်ခဲ့သော ဆေးဝါးခြောက်မျိုးနှင့်ပတ်သက်သည့် ရောဂါဝေဒနာခံစားနေရသော လူနာများအတွက် ဘေးကင်းလုံခြုံပြီး အရည်အသွေးမြင့်၊ ချိုသာသောဈေးနှုန်းဖြင့် ဆေးဝါးများရရှိခြင်းသည် တန်ဖိုးဖြတ်၍မရသော အကျိုးကျေးဇူးတစ်ရပ်ဖြစ်ကြောင်း၊ ဆေးဝါးများကိုပြည်တွင်း၌ပင် ထုတ်လုပ်နိုင်ခြင်းကြောင့် မိမိတို့၏ ပြည်သူများသည် အချိန်မီ၊ ကုန်ကျစရိတ်သက်သာစွာဖြင့် ယုံကြည်စိတ်ချရသောကုသမှုကိုရရှိနိုင်မည်ဖြစ်ပြီး ပြည်ပဆေးဝါးများအပေါ် မှီခိုမှုကြောင့်ဖြစ်ပေါ်လေ့ရှိသော ငွေကြေးအခက်အခဲများကိုလည်း သက်သာစေနိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ပိုမိုကောင်းမွန်သော ဆေးဝါးအမျိုးအစားသစ်များကို ဆက်လက်တီထွင်ထုတ်လုပ်ရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆေးဝါးအမည်သစ်ခြောက်မျိုးကိုအောင်မြင်စွာ စမ်းသပ်ဆောင်ရွက်ခဲ့သည့် ပညာရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်၍ သုတေသနဌာနအတွင်း ဆေးဝါးအမည်များ ထပ်မံထုတ်လုပ်နိုင်ရေးအတွက်သုတေသနလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် စက်မှုကဏ္ဍနှင့် MSME များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် မျိုးဆက်သစ်လူငယ်များ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာတက္ကသိုလ်(ရန်ကုန်)တွင် အင်ဂျင်နီယာပညာရပ်များကို တက်ရောက်သင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့ပြင် အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမြန်မာ့ဆေးဝါးလုပ်ငန်းတို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများက သံမဏိများ ထုတ်လုပ်နိုင်ရေးအတွက် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ သံမဏိများ ထုတ်လုပ်နေမှု၊ ဆေးဝါးများ ထုတ်လုပ်နေမှုအခြေအနေတို့ကို ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ပုံမှန်အစည်းအဝေး(၁/၂၀၂၆-၂၀၂၇) ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၃**

ယှဉ်ပြိုင်မှုဆိုင်ရာ တိုင်ကြားလာသည့် အမှုကိစ္စများနှင့်စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်မှုအခြေအနေ၊ ယှဉ်ပြိုင်မှုဥပဒေပါပြဋ္ဌာန်းချက်များ ခိုင်မာအားကောင်းစေရေး ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ပြည်တွင်း၊ပြည်ပ ပူးပေါင်းဆောင်ရွက်မှု၊ ဒစ်ဂျစ်တယ်ဈေးကွက်နှင့် ဆက်စပ်သည့် ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ပုံမှန်အစည်းအဝေး(၁/၂၀၂၆-၂၀၂၇)တွင် ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးကို ယနေ့နံနက်ပိုင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။



အစည်းအဝေးတွင် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ယှဉ်ပြိုင်မှုဥပဒေ အကောင်အထည်ဖော်ဆောင်ရွက်မှု ပိုမိုထိရောက်စေရေးအတွက် ယှဉ်ပြိုင်မှုဆိုင်ရာ အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ တိုင်ကြားမှုများကိုဥပဒေနှင့်အညီ စနစ်တကျစိစစ်ဖြေရှင်းဆောင်ရွက်ရေးနှင့် စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်များ ပိုမိုအားကောင်းလာစေရေးတို့ကို အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များအနေဖြင့် ယှဉ်ပြိုင်မှုဥပဒေဆိုင်ရာ အသိပညာများပိုမိုသိရှိနားလည်လာစေရေးနှင့်တရားမျှတသော ယှဉ်ပြိုင်မှုပတ်ဝန်းကျင်တွင် ပါဝင်ဆောင်ရွက်နိုင်စေရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်ဈေးကွက်စီးပွားရေးများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အညီ နိုင်ငံတကာအတွေ့အကြုံများနှင့် အကောင်းဆုံးအလေ့အကျင့်များကို လေ့လာအသုံးချ၍ မြန်မာနိုင်ငံ၏ ယှဉ်ပြိုင်မှုဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် မူဝါဒဆိုင်ရာလမ်းညွှန်ချက်များကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍လည်း ယှဉ်ပြိုင်မှုဥပဒေပါပြဋ္ဌာန်းချက်များကို ခိုင်မာအားကောင်းစေရေးဆောင်ရွက်ကြရန် ပြောကြားသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

◆ **နေရာကွက်၍ မိုးကြီးနိုင်မှ**

ဩဂုတ် ၁၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေ မှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်-ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေတို့တွင်ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင်နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။

(မိုး/ဇလ)

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းတို့ဖြစ်ပေါ်နိုင်

**နေပြည်တော် ဩဂုတ် ၁၃**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊မိုးထစ်ချုန်းခြင်း၊မိုးကြိုးပစ်ခြင်း၊လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားကြောင်း သိရသည်။ (မိုး/ဇလ)

# ပြည်သူအားလုံး စုစည်းညီညွတ်ဖို့ လို

ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ရအောင် လုပ်ပါမယ်၊ ဒီလိုနဲ့ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

## ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ငဝန်တာကျိုးပေါက်မှုကြောင့် ဆက်စပ်ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း



နေပြည်တော် ဩဂုတ် ၁၃ ရောဝတီတိုင်းဒေသကြီး လေးမျက်နှာ မြို့နယ် ငဝန်တာကျိုးပေါက်မှုကြောင့် ဆက်စပ်ရေဘေးသင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ယနေ့ မွန်းလွဲ ၁ နာရီတွင် Myanmar New Power Investment Group Company Limited က ငွေကျပ်သိန်း ၂၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကွန်ဟိန်းမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို သွားရောက်တွေ့ဆုံ စားသောက်ဖွယ်ရာများ ပေးအပ်

နေပြည်တော် ဩဂုတ် ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ယနေ့ မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကွန်ဟိန်းမြို့ရှိ နယ်မြေခံတပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

ယင်းနောက် တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

## လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၆၂/၂၀၂၆**

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၅ ရက်

(၂၀၂၆ ခုနှစ် ဩဂုတ်လ ၁၃ ရက်)

**လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ကချင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရအား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ (င)၊ (စ)၊ ပုဒ်မ ၂၆၄ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ (စ)၊ (ဆ)၊ ပုဒ်မ ၅၆ ပုဒ်မခွဲ(က) တို့အရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီးစိုးရန်နောင်အား ကချင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) ပါမောက္ခချုပ် ဒေါက်တာဥမ္မာစံအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ၂၀၂၆ ခုနှစ် ဩဂုတ် ၁၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၀၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် ကာလလျှော့ပေါ့ခွင့်ပြုသူများ**

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ဖွံ့ဖြိုးတိုးတက်သော အိန္ဒိယ ၂၀၄၇ (Viksit Bharat 2047)-ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံ ဖြစ်လာစေရေးအတွက် လမ်းပြမြေပုံ

(ဤဆောင်းပါးပါ အယူအဆများသည် စာရေးသူ၏ ကိုယ်ပိုင်အမြင်များသာ ဖြစ်ပါသည်။)

အိန္ဒိယအစိုးရသည် မိမိကိုယ်တိုင်အတွက်သာမက တစ်မျိုးသားလုံးအတွက်ပါ အလွန်အရေးကြီးသော ပန်းတိုင်တစ်ခုကို သတ်မှတ်ထားခြင်းမှာ ချီးကျူးဖွယ်ရာဖြစ်ပါသည်။ ထိုပန်းတိုင်မှာ အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရရှိသည့် နှစ် ၁၀၀ ပြည့်မြောက်မည့် ၂၀၄၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံကို "ဖွံ့ဖြိုးတိုးတက်သော အိန္ဒိယ" (Viksit Bharat) ဖြစ်လာစေရန်ဖြစ်သည်။ "Viksit Bharat"ဟူသော ဝေါဟာရသည်ဖွံ့ဖြိုးတိုးတက်ပြီးသော နိုင်ငံတစ်နိုင်ငံကို ညွှန်းဆိုသည်ဟု အများက သဘောတူကြသော်လည်း ပြည်သူ့မူဝါဒရည်ရွယ်ချက်များအတွက် ထိုသဘောတရားတွင် မည်သည့်အချက်များ ပါဝင်နေသည်ကို အသေးစိတ်ခွဲခြမ်းစိတ်ဖြာကြည့်ရန် လိုအပ်ဆဲဖြစ်ပါသည်။ အောက်ပါတို့သည် ထိုသို့ခွဲခြမ်းစိတ်ဖြာရန် ကြိုးပမ်းချက်များ ဖြစ်ကြသည်။

**ဒေါ်လာ ၁၀ ထရီလီယံတန် စီးပွားရေး**

အိန္ဒိယနိုင်ငံသည် စုစုပေါင်း ပြည်တွင်းထုတ်ကုန် (GDP)အပိုင်းတွင် ကမ္ဘာ့စတုတ္ထမြောက် အကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်နေသည်ကို ဂုဏ်ယူထိုက်သော်လည်း ၁ ဒသမ ၅ ဘီလီယံနီးပါး ချဉ်းကပ်လာနေသော လူဦးရေအတွက် လက်ရှိ GDP ဒေါ်လာ ၄ ဒသမ ၅ ထရီလီယံမှာ လိုအပ်သည်ထက် ပိုမိုနည်းပါးနေဆဲဖြစ်သည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံသည် စကားလုံး၏ စစ်မှန်သော အဓိပ္ပာယ်အတိုင်း "ဖွံ့ဖြိုးတိုးတက်သော နိုင်ငံ" ဖြစ်လာစေရန်အတွက် GDP ကို အနည်းဆုံး ဒေါ်လာ ၁၀ ထရီလီယံထိ ရောက်ရှိအောင် သိသိသာသာ တိုးတက်စေရမည်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် အချက်အချို့ကို ဆောင်ရွက်နိုင်ပါက ဤသည်မှာ လုံးဝအကောင်အထည်ဖော်နိုင်သော ကိစ္စဖြစ်သည်။ ပထမအချက် – ကျွန်ုပ်တို့၏ GDP ၏ ၄၀ ရာခိုင်နှုန်းမှာ နိုင်ငံခြားကုန်သွယ်မှုဖြစ်သဖြင့် နိုင်ငံတကာကုန်သွယ်မှုတွင် ကျွန်ုပ်တို့၏ ပါဝင်မှုပမာဏကို နှစ်ဆတိုးမြှင့်ရမည်ဖြစ်သည်။ သီးသန့်အားဖြင့် နှစ်ရာခိုင်နှုန်းဝန်းကျင်၌သာ ရှိနေသော ကမ္ဘာ့ပို့ကုန်များတွင် ကျွန်ုပ်တို့၏ ပါဝင်မှုဝေစုကို ၁၀ ရာခိုင်နှုန်းထိ မြှင့်တင်ရမည်ဖြစ်သည်။ ဒုတိယအချက်–နောက်ဆုံးနှစ်အတွင်း ဒေါ်လာ ဘီလီယံ ၁၀၀ နီးပါးရှိခဲ့သော ကျွန်ုပ်တို့၏ တိုက်ရိုက်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု(FDI) ကိုလည်း ဆဆပွား တိုးတက်လာစေရမည်။ အထက်ပါ နှစ်ချက်လုံးဖြစ်မြောက်လာစေရန်အတွက် အိန္ဒိယအစိုးရသည် မြေယာ၊ လုပ်သား၊ လျှပ်စစ်ဓာတ်အား၊ စိုက်ပျိုးရေး၊ အခြေခံအဆောက်အအုံနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အတားအဆီးများကဲ့သို့သော နယ်ပယ်များတွင် နက်ရှိုင်းသော စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရမည်ဖြစ်သည်။

**အားလုံးပါဝင်နိုင်သော စီးပွားရေးတိုးတက်မှု**

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း GDP လျင်မြန်စွာ တိုးတက်ရမည်ဆိုသည်မှာ မေးခွန်းထုတ်စရာမလိုသော်လည်း ထိုမျှနှင့်တင် မလုံလောက်ပါ။ စီးပွားရေးတိုးတက်မှုသည် အားလုံးပါဝင်နိုင်သော တိုးတက်မှုဖြစ်ရမည်။ ဆိုလိုသည်မှာ လူမှုစီးပွားပိရမစ်၏ အောက်ခြေ၌ရှိနေသော ဆင်းရဲသော ပြည်သူများထံသို့ပါ တိုးတက်မှုအကျိုးဆက်များ စိမ့်ဝင်ရောက်ရှိရမည်ဖြစ်သည်။ အစိုးရသည် "Pradhan Mantri Garib Kalyan Yojana" ကဲ့သို့သော အလွန်ကောင်းမွန်သည့် စီမံကိန်းများကိုရေးဆွဲဆောင်ရွက်ခဲ့သည်။ သို့သော် ထိုထက်ပို၍ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းသည် ဗဟိုအစိုးရသာမက ပြည်နယ်အစိုးရများပါ သေချာပေါက်ဆောင်ရွက်ရမည့် အမျိုးသားရေး ဆောင်ပုဒ်တစ်ခုဖြစ်လာရမည်။ အစိုးရတစ်ရပ်တည်းသို့မဟုတ် တရားဝင် စီးပွားရေးကဏ္ဍတစ်ခုတည်းက လိုအပ်သောအလုပ်အကိုင်အားလုံးကို မပေးနိုင်သည့်အတွက် လူငယ်များကို အလုပ်ရှာဖွေသူများသက်သက်မဟုတ်ဘဲ လုပ်ငန်းရှင်များနှင့် အလုပ်အကိုင်ဖန်တီးပေးနိုင်သူများဖြစ်လာစေမည့် ဂေဟစနစ်တစ်ခုကို ဖန်တီးပေးရန် အလွန်အရေးကြီးပါသည်။ လက်ရှိ စီးပွားရေးမညီမျှမှုအဆင့်များသည် ရေရှည်ထိန်းသိမ်းထား၍ မရနိုင်သောကြောင့် လူ့အဖွဲ့အစည်းကို ပိုမိုတန်းတူညီမျှရှိစေရန် ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။

**ကျွမ်းကျင်မှုမြှင့်တင်ရေး**

ကျွန်ုပ်တို့၏ပညာရေးစနစ်သည် ကြက်တူရွေးနှုတ်တိုက်ကျက်မှတ်ခြင်းအပေါ် လွန်စွာမှီခိုနေရပြီး အလုပ်ခွင်တွင် တိုက်ရိုက်လုပ်ကိုင်နိုင်စွမ်းမရှိသေးသည့် ဘွဲ့ရထောင်ပေါင်းများစွာကိုနှစ်စဉ်မွေးထုတ်ပေးနေသည်မှာ ထင်ရှားလှပါသည်။ ဤအကြောင်းအရာတွင် ဘွဲ့ရများအတွက် ကျွမ်းကျင်မှုသင်တန်းများပေးခြင်းနှင့် ကျွမ်းကျင်မှုများကို ပြန်လည်မြှင့်တင်ပေးခြင်းတို့သည် မရှိမဖြစ်လိုအပ်လာပါသည်။ အသက်မွေးဝမ်းကျောင်း သင်တန်းများ၊ စက်မှုတက္ကသိုလ်ပူးပေါင်းဆောင်ရွက်မှုများ၊ ဘွဲ့ရများအတွက် (အတုမဲ့ဉာဏ်ရည် AI အပါအဝင်) နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများ လေ့ကျင့်ပေးခြင်းစသည့် အယူအဆများကို အမျိုးသားရေးမစ်ရှင်အဆင့် အရေးပါမှုဖြင့် ဆောင်ရွက်ရမည် ဖြစ်သည်။ ပညာရေးဆိုင်ရာ အသုံးစရိတ်များကို အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍနှစ်ခုလုံးတွင် အထူးသဖြင့် အမျိုးသားပျမ်းမျှအဆင့်ထက် နောက်ကျကျန်နေသည့် ပြည်နယ်များတွင် အဆမတန်တိုးမြှင့်ရမည်ဖြစ်သည်။ တစ်ပြိုင်နက်တည်းမှာပင် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံး၌ သုတေသနနှင့် ဖွံ့ဖြိုးရေး(R&D) ကို အဓိကအရေးပါသော ဦးစားပေးအဖြစ် ထားရှိရမည်။ ၁ ဒသမ ၅ ဘီလီယံနီးပါးရှိသော လူဦးရေသည် အိန္ဒိယအတွက် လူဦးရေဆိုင်ရာအမြတ်အစွန်းတစ်ခု ဖြစ်လာနိုင်သည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် ထိုလူဦးရေသည် အသိပညာအခြေပြုစီးပွားရေးစနစ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်လောက်အောင် လုံလောက်သော ကျွမ်းကျင်မှုရှိမှသာလျှင် ထိုသို့ဖြစ်နိုင်ပေလိမ့်မည်။

**ကျန်းမာရေး**

အိန္ဒိယ၏ ကျန်းမာရေး စောင့်ရှောက်မှုစနစ်သည် ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲခြင်းနှင့် အခြေခံအဆောက်အအုံတိုးချဲ့ခြင်းတို့ကြောင့် သိသာထင်ရှားသော ပြောင်းလဲမှုများကို ကြုံတွေ့နေရသည်။ သို့သော် မြင့်မားလာသော ဆေးဝါးကုန်ကျစရိတ်များနှင့် နာတာရှည်ရောဂါခံစားရမှု ပိုမိုများပြားလာခြင်းတို့ကြောင့် စိန်ခေါ်မှုများ ရှိနေဆဲဖြစ်သည်။ အစိုးရသည် နိုင်ငံအတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်ရာတွင် ကြီးမားသော သက်ရောက်မှုများဖြစ်ပေါ်စေခဲ့သည့် Ayushman Bharat နှင့် Ayushman Arogya Mandir စီမံကိန်းများကဲ့သို့သော အရေးပါသော ကြိုးပမ်းမှုများကို ဆောင်ရွက်ခဲ့သည်။ ဒေါက်တာနှင့် လူနာအချိုးအစား ကွာဟချက်ကို လျှော့ချရန်အတွက် ၂၀၁၄ ခုနှစ်မှစ၍ ဆေးတက္ကသိုလ်ဝင်ခွင့်အရေအတွက်ကို နှစ်ဆကျော်ထိ တိုးမြှင့်ခဲ့သည်။ အိန္ဒိယကို ကမ္ဘာလုံးဆိုင်ရာ ဆေးဝါးကုသမှုဆိုင်ရာ ခရီးသွားလုပ်ငန်း ဗဟိုချက် (Medical Tourism Hub) တစ်ခုဖြစ်လာစေရန်လည်း အောင်မြင်စွာ ကြိုးပမ်းနိုင်ခဲ့သည်။ ဤသည်တို့ရှိလင့်ကစား ကြီးမားသော စိန်ခေါ်မှုများ ကျန်ရှိနေဆဲဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် အစိုးရ၏သုံးစွဲမှုမှာ မျှော်မှန်းထားသည့် အဆင့်များထက် နောက်ကျကျန်နေဆဲဖြစ်သည်။ အိန္ဒိယသည် နှလုံးရောဂါနှင့် ဆီးချိုရောဂါတို့အတွက် ကမ္ဘာ့မြို့တော် ဖြစ်လာမည့် အန္တရာယ်နှင့်လည်း ရင်ဆိုင်နေရသည်။ ထို့ကြောင့် အိန္ဒိယသည် ပြည်သူအများစုအတွက် ရရှိနိုင်သော၊ စေတနာ့ဝန်ထမ်း ထောက်ပံ့နိုင်သော၊ အရည်အသွေးကိုမောင်းနှင်နိုင်သော ပြည်သူ့ကျန်းမာရေး အခြေခံအဆောက်အအုံများဖြစ်လာစေရန် ၎င်း၏ကြီးမားသောပြုပြင်ပြောင်းလဲမှုများကို ဆက်လက်လုပ်ဆောင်ရန်လိုအပ်ပါသည်။ အမျိုးသားကျန်းမာရေးမစ်ရှင် (National Health Mission)သည် ချီးကျူးဖွယ်ရာ အလုပ်ကိုလုပ်ဆောင်နေပြီး ၎င်းကို ပိုမိုအားကောင်းစေရန်နှင့် စနစ်တကျရှိစေရန်အတွက်သာ လိုအပ်ပါသည်။

**ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု**

အိန္ဒိယသည် တိုးတက်ရေးအတွက် ကာဗွန်ထုတ်လုပ်မှုမြင့်မားသောလမ်းကြောင်းကို လျှောက်လှမ်းခဲ့ကြသည့် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ သို့မဟုတ် ယနေ့ထက်ထိ ကမ္ဘာ့ကျန်ရှိသော နိုင်ငံများအားလုံးပေါင်းထက် ကျောက်မီးသွေးကို ပိုမိုမီးရှို့နေသည့် နိုင်ငံအချို့၏ နည်းလမ်းများကို အတုမယူသင့်ပေ။ အိန္ဒိယသည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအပေါ် အခြေခံ၍ ဝင်ငွေမြင့်မားသော စီးပွားရေးနိုင်ငံဖြစ်လာစေရန် ကာဗွန်ထုတ်လုပ်မှုနည်းပါးသော လမ်းကြောင်းကို လျှောက်လှမ်းနိုင်သည့် တစ်ခုတည်းသော အဓိကစီးပွားရေးနိုင်ငံဖြစ်သည်။ အိန္ဒိယသည် ကမ္ဘာကြီးက ထိုသို့ဖြစ်စေချင်၍ သာမက မိမိနိုင်ငံသားများသည် အခွင့်အရေးတစ်ခုအနေဖြင့် ထိုသို့ရရှိထိုက်သောကြောင့်ဖြစ်သည်။

**နိဂုံး**

အိန္ဒိယသည် ၂၀၄၇ ခုနှစ်တွင် "ဖွံ့ဖြိုးတိုးတက်သော အိန္ဒိယ" (Viksit Bharat) ဖြစ်လာစေရန် အမှန်တကယ်ပင် အနေအထားကောင်း၌ ရှိနေပါသည်။ သို့သော် နိုင်ငံအနေဖြင့် မစ်ရှင်အဆင့် လုပ်ဆောင်ရန်လိုအပ်ပြီး ဤအမျိုးသားရေးကြိုးပမ်းမှုတွင် မည်သည့်အခွင့်အလမ်းကိုမျှ လက်လွတ်မခံစေရန်အတွက် အစိုးရတစ်ရပ်လုံး ပါဝင်သော ချဉ်းကပ်မှုစနစ် လိုအပ်ပါသည်။ မည်သို့ပင် တွက်ဆသည်ဖြစ်စေ လာမည့်နှစ် ၂၀ သည် အိန္ဒိယသမိုင်းတွင် အရေးအပါဆုံးသော ကာလတစ်ခုဖြစ်လာပေလိမ့်မည်။

**ဒေါက်တာ မိုဟန်ကူးမား**

(ပြင်သစ်နိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီးဟောင်း၊ လက်ရှိ O.P. Jindal Global University ၏ ကျောင်းအုပ်ကြီး/ပါမောက္ခ)

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ တစ်ခါတစ်ရံရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ်ကျရောက်နိုင်သည့် လေပြင်းတိုက်ခတ်မှုအန္တရာယ်၊ ရေကြီးရေလျှံမှုအန္တရာယ်နှင့် မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်–

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုး နှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှကင်းလွတ်နိုင်ရေးကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနကသတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၆) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် တစ်ပိုင်တစ်နိုင် ကနဦးမီးငြိမ်းသတ်နိုင် သောမီးသတ်ဆေးဘူးများကို အလွယ်တကူရယူနိုင်သောနေရာတွင်ထားရှိပြီး အဆင်သင့်အနေအထားဖြစ်နေရန်နှင့် မီးတားလမ်းများပြုလုပ်ထားရှိရန်၊

(၇) သိုလှောင်ထားသော တိရစ္ဆာန်အစာများကိုရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှုအမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူ ရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

# ဥပဒေဘာသာပြန်ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များ၏ ၁၈ ကြိမ်မြောက် အစည်းအဝေးကျင်းပ



နေပြည်တော် ဩဂုတ် ၁၃

ဥပဒေဘာသာပြန်ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များ၏ ၁၈ ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်၁၀ နာရီက ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြီး မြန်မာဘာသာသို့ ပြန်ဆိုပြီးဖြစ်သည့် The Public Servants Inquiries Act၊ The Usurious Loans Act၊ The Myanmar Carriage of Goods by Sea Act နှင့် The Evidence Act တို့ကို ဆွေးနွေးအတည်ပြုမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် ဥပဒေဘာသာပြန်ကော်မရှင်ဥက္ကဋ္ဌ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက အင်္ဂလိပ်ကိုလိုနီလက်ထက်က အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သော ဥပဒေများအနက် ဥပဒေဘာသာပြန်ကော်မရှင်က ဘာသာပြန်ဆိုရန် တာဝန်ရှိသည့် ဥပဒေစုစုပေါင်း ၁၃၇ ခုရှိကြောင်း၊ ဘာသာပြန်ဆိုရန် မလိုအပ်တော့သည့် ဥပဒေ ၅၆ ခုရှိသဖြင့် ဘာသာပြန်ဆိုရမည့် ဥပဒေစုစုပေါင်း ၈၁ ခုရှိကြောင်း၊ ထိုဥပဒေများအနက်မှ ဥပဒေ ၅၉ ခုကို မြန်မာဘာသာပြန်ဆိုကာ အတည်ပြုထုတ်ပြန်ပြီးဖြစ်ကြောင်း၊ အဆိုပါဘာသာပြန်ဆိုမှုများသည် မူရင်းအင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထားသည့် ဥပဒေကဲ့သို့ တရားဝင်အတည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ဆဲဥပဒေ ၂၂ ခုအနက်မှ ၁၈ ခုကို ဘာသာပြန်ဆိုပြီးစီးပြီဖြစ်ပြီး လေးခုမှာ ဘာသာပြန်ဆိုဆဲဖြစ်ကြောင်း၊ ဥပဒေ ၃၃ ရပ်ကို မြန်မာဘာသာ ပြန်ဆိုအတည်ပြုခဲ့ပြီး ဥပဒေဘာသာပြန်စာအုပ် အမှတ် (၉)မှ (၁၆)ထိ စာအုပ်ရှစ်အုပ် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ကြောင်း၊ ယခင် ၁၇ ကြိမ်မြောက် အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုခဲ့သော ဥပဒေငါးခုကို စာအုပ်အမှတ် (၁၇) အဖြစ် မကြာမီ ပုံနှိပ်ထုတ်ဝေနိုင်တော့မည်ဖြစ်ကြောင်း၊ ဘာသာပြန်ဆိုချက်များ ဆီလျော်မှန်ကန်မှုရှိစေရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

အစည်းအဝေးကို ယနေ့မှ ဩဂုတ် ၁၄ ရက်ထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များမှ အဖွဲ့ဝင်များ စုံလင်စွာ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား အမျိုးသမီးရေးရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်မှုဆက်လက်မြှင့်တင်ရေး ဆွေးနွေး



နေပြည်တော် ဩဂုတ် ၁၃

မြန်မာ - ဘယ်လာရုစ် နှစ်နိုင်ငံအကြား အမျိုးသမီးရေးရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်မှု ဆက်လက်မြှင့်တင်ရေးတို့ကို အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌ Ms. Olga Chemodanova ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံစဉ် ဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းက အမျိုးသမီးရေးရာဝန်ကြီးဌာန ဧည့်ခန်းမ၌ ကျင်းပခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံလူဦးရေ၏ ၅၃ ရာခိုင်နှုန်းခန့်မှာ အမျိုးသမီးများဖြစ်ကာ ကျေးလက်နေ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်း(National Strategic Plan for Advancement of Women-NSPAW) အကောင်အထည်ဖော်ရေးနှင့် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် လူမှုဘဝလုံခြုံရေးအတွက် အမျိုးသမီးရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးကဏ္ဍများတွင် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် အခြားနိုင်ငံများ၏ အတွေ့အကြုံကောင်းများကို လေ့လာလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ Ms. Olga Chemodanova က ၂၀၂၆ ခုနှစ်ကို ဘယ်လာရုစ်သမ္မတနိုင်ငံ၏ အမျိုးသမီးများနှစ်အဖြစ်သတ်မှတ်ထားကြောင်း၊ အမျိုးသမီးများကို ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးတစ်ဦးအနေဖြင့် မိမိ၏မိသားစု၊ ကလေးသူငယ်များကို မည်သို့ကာကွယ်စောင့်ရှောက်ရမည်ကို သိရှိရန် အသိပညာပေးအစီအစဉ်များ ထည့်သွင်းဆောင်ရွက်ရန်နှင့် ကျန်းမာရေးသည် အရေးကြီးသည့်အတွက် အမျိုးသမီးများ ကျန်းမာရေးအသိပညာရရှိရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဘဏ်များက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ MSME လုပ်ငန်းများသို့ ၎င်းတို့၏ ငွေကြေးရန်ပုံငွေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဩဂုတ် ၁၃

မြန်မာနိုင်ငံတော် ဗဟိုဘဏ်များတွင် ပြည်သူများ စုဆောင်းထားသော အပ်နှံငွေများကို နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှုကဏ္ဍများသို့ ထိရောက်စွာစီးဆင်းရောက်ရှိစေရေးသည် ဘဏ်လုပ်ငန်းကဏ္ဍ၏ အရေးကြီးသည့် လုပ်ငန်းဆောင်ရွက်ချက်တစ်ခုဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် ဘဏ်များအနေဖြင့် Financial Intermediary ဖြစ်ရုံသာမက နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ထုတ်လုပ်မှုမြှင့်တင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးတို့အတွက် အရေးပါပြီး တာဝန်ရှိသည့် မောင်းနှင်အားတစ်ရပ်အဖြစ် ဆက်လက်ရပ်တည်နိုင်မည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၌ ကျင်းပသည့် ဘဏ်များက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ MSME လုပ်ငန်းများသို့ ၎င်းတို့၏ ငွေကြေးရန်ပုံငွေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်းသည့် အစည်းအဝေးတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၏ ပြောကြားချက်အရ သိရသည်။

ထို့ပြင် ဘဏ်များအနေဖြင့် ပြည်သူများ၏ အပ်နှံငွေများကို လက်ခံပြီး စီးပွားရေးလုပ်ငန်းများသို့ ချေးငွေအဖြစ် ပြန်လည်ခွဲဝေထုတ်ချေးပေးရခြင်းဖြစ်သည့်အတွက် အဆိုပါချေးငွေ၏ ဆုံးရှုံးနိုင်ခြေကိုလျှော့ချနိုင်ရေးနှင့် အရည်အသွေးကောင်းမွန်သည့် Quality Loan များ ဖြစ်ပေါ်စေရေးသည်လည်း အရေးကြီးကြောင်း၊ ချေးငွေ၏အရည်အသွေးနှင့် ပြန်လည်ပေးဆပ်နိုင်စွမ်းကို အလေးထားစောင့်ကြည့်ရန် လိုအပ်မည်ဖြစ်ကြောင်း ဗဟိုဘဏ်ဥက္ကဋ္ဌက ဆွေးနွေးပြောကြားခဲ့ပြီး ဘဏ်များအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုဘဏ္ဍာနှစ်မှစတင်၍ ပိုမိုထိရောက်စွာ ရင်းနှီးမြှုပ်နှံရေးနှင့် ချေးငွေထုတ်ချေးပေးနိုင်ရေးအတွက် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် နည်းလမ်းများကို ဦးစားပေးကဏ္ဍတစ်ခုချင်းစီအလိုက် မှာကြားသည်။

ထို့နောက် တက်ရောက်လာသည့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများက တွေ့ကြုံရသည့် အခက်အခဲများ၊ ၎င်းတို့၏ ငွေကြေးရန်ပုံငွေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်မည့် အစီအစဉ်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည့်အစီအစဉ်များကို ဆွေးနွေးတင်ပြရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဧရာဝတီ၊ သံလွင်၊ စစ်တောင်း၊ ဒုဋ္ဌဝတီမြစ်ရေအခြေအနေ

နေပြည်တော် ဩဂုတ် ၁၃

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂၇ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁၅ စင်တီမီတာခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် စင်တီမီတာ ၆၀ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ငါးစင်တီမီတာခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၈၅ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ငါးစင်တီမီတာခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကိုးစင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စင်တီမီတာ ၃၀ ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၉၈ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁၀ စင်တီမီတာခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂၄ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ငါးစင်တီမီတာခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၉၃ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁၅ စင်တီမီတာခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ဘားအံမြို့နယ်၊ ဆိပ်သာမြို့၊ မဒေါက်မြို့၊ မြစ်ငယ်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရွှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားသည်။ (မိုး/ဇလ)

# ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးမှ ရေဘေးသင့် ပြည်သူများအတွက် လိုအပ်သည့်အကူအညီများကို တတ်နိုင်သမျှဆက်လက်ပံ့ပိုးပေးသွားမည်

ပုသိမ် ဩဂုတ် ၁၃

ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးမှ ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သည့်အကူအညီများကို တတ်နိုင်သမျှဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ရေဘေးသင့်ပြည်သူများအနေဖြင့် ရင်ဆိုင်နေရသည့် အခက်အခဲများကို စိတ်ဓာတ်မကျဘဲ အချင်းချင်းဖေးမကူညီရင်း အတူတကွ ကျော်ဖြတ်နိုင်မည်ဟု ယုံကြည်ကြောင်း ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်က ယနေ့တွင် လေးမျက်နှာမြို့နယ် ခမောက်စုကျေးရွာ ပြည်သူများနှင့် တွေ့ဆုံစဉ် အားပေးစကားပြောကြားသည်။

အဆိုပါကျေးရွာ ပြည်သူများနှင့်တွေ့ဆုံစဉ် ဆန်ရိက္ခာ၊ ဆီ၊ ရေသန့်၊ စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ပြီး ပြည်သူများ၏တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့ကလည်း အားပေးစကားပြောကြားကြပြီး ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရေး၊ အစာအဆိပ်သင့်မှုမဖြစ်စေရေး၊ မြွေအန္တရာယ်ကာကွယ်ရေးနှင့် တုပ်ကွေးကာကွယ်ဆေးထိုးပေးမည့်အစီအစဉ်များကို အသိပညာပေးဆွေးနွေးကာ လေးမျက်နှာမြို့နယ် ပညာရေးဌာနမိသားစုများနှင့် ရေဘေးသင့်ပြည်သူများအတွက် အင်္ဂပူမြို့နယ် ပညာရေးဌာနမိသားစုများက တာဝန်ရှိသူများထံ အလှူငွေများ ပေးအပ်ကြသည်။



အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် လေးမျက်နှာမြို့နယ် မိဿလင်ကုန်းကျေးရွာပြည်သူများအတွက် ဆန်ရိက္ခာ၊ ဆီ၊ ရေသန့်၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် ဟင်္သာတမြို့နယ် နိဗ္ဗာန်စံပြကျေးရွာရှိ အမျိုးသားပညာဝန် ဦးဖိုးကျား အထိမ်းအမှတ် သုတစွယ်စုံစာကြည့်တိုက်တွင် ဦးဖိုးကျား၏ စာအုပ်များ၊ မှတ်တမ်းဓာတ်ပုံများ ထိန်းသိမ်းထားရှိမှုနှင့် ပြည်သူများ စာအုပ်ငှားရမ်းဖတ်ရှုမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါခရီးစဉ်အတွင်း လေးမျက်နှာမြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များကို တွေ့ဆုံအားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# မကွေးမြို့ရှိ ရေဘေးရှောင်ပြည်သူများကို ထောက်ပံ့ပစ္စည်းများ ပေးအပ်




မကွေး ဩဂုတ် ၁၃

မကွေးမြို့ရှိ ဆားရွှေကင်းရပ်ကွက်၊ အောင်မေတ္တာရပ်ကွက်၊ မြို့ဟောင်းရပ်ကွက်၊ ဆုံရပ်ရပ်ကွက်၊ မယ်လှတောင် ကျေးရွာအုပ်စု သဘော်ဆိပ်ကျေးရွာ၏ အနိမ့်ပိုင်းနေရာများသို့ ရောဝတီမြစ်ရေ ဝင်ရောက်လာမှုကြောင့် ရေဘေးလွတ်ရာ စခန်းများသို့ အိမ်ထောင်စု ၁၂၇ စုမှ ပြည်သူ ၅၁၅ ဦး ပြောင်းရွှေ့ခဲ့ရသည်။

အဆိုပါ ရေဘေးရှောင်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မကွေးမြို့ အောင်မေတ္တာရပ်ကွက်၊ သာသနပါလဓမ္မာရုံ၌ သွားရောက်ထောက်ပံ့ပေးသည်။

ရေဘေးရှောင်အိမ်ထောင်စုများအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ရေသန့်တို့ကိုလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးက ရေဘေးရှောင်ပြည်သူ ၅၁၅ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၂၆၂၅၀၀၀ ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၁၃

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များ ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယမန်နေ့ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေ အေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်း၍ နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များ ကမ်း၍လည်းကောင်း၊ အိုးစည် ဒိုးပတ် အတီးအမှုတ်အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)



ရှေ့တန်းပြန် နိုင်ငံ့သားကောင်း
တပ်မတော်သားများကို
ဌာနဆိုင်ရာတာဝန်ရှိသူများ၊
လူမှုရေးအသင်းအဖွဲ့များနှင့်
ဒေသခံပြည်သူများက
သောင်းသောင်းဖြဖြ
ဂုဏ်ပြုကြိုဆိုကြစဉ်။

# ငါးမွေးမြူရေးကန်များရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံ အနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် -

- ➢ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ➢ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ➢ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ➢ လိုအပ်ပါက ငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ➢ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ➢ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများ လွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ➢ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေ ပါရန်၊
- ➢ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ➢ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ် မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင် ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ➢ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီ တောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

၂၀၂၆-၂၀၂၇ ပညာသင်နှစ်
ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ
(၁၀-၈-၂၀၂၆) ရက်နေ့မှ (၁၄-၈-၂၀၂၆) ရက်နေ့ထိ

၁။ ကျောင်းအခြေပြု ကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်း၊
၂။ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊
၃။ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊
၄။ ကျောင်းအခြေပြု ရောဂါကာကွယ်ရေးလုပ်ငန်း၊
၅။ ကာယပညာနှင့် အားကစားလုပ်ငန်း၊
၆။ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ် ကင်းဝေးရေးလုပ်ငန်း၊
၇။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျောင်းမှပြည်သူတွင်းသို့ မှုမှန်လူနေမှုဘဝပဟန်များ ရောက်ရှိရေးလုပ်ငန်း၊
၈။ နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်း၊
၉။ သင်တန်းနှင့် သုတေသနလုပ်ငန်း။



ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |


# တိုင်းဒေသကြီးအဆင့် စားရေရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမြှင့်တင်ရေးအတွက် အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆) ကျင်းပ





**မန္တလေး ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီးအဆင့် စားရေရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမြှင့်တင်ရေးအတွက် အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆)ကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးအဆင့် စားရေရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေး၊မွေးမြူရေးကဏ္ဍမြှင့်တင်ရေး အတွက် အကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ကော်မတီဝင်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ တက်ရောက်ကြပြီး ခရိုင် ရုံးခုမှ Video Conferencing ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အတွင်းရေးမှူး ဦးဉာဏ်လင်းထွေးက စားရေရိက္ခာမူဝါဒကော်မရှင် (၁/၂၀၂၆) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီး အဆင့် စားရေရိက္ခာဖူလုံရေးနှင့်စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမြှင့်တင်ရေးအတွက် အကောင်အထည်ဖော်ရေး ကော်မတီဝင်များဖြစ်သည့် တိုင်းဒေသကြီးစိုက်ပျိုးရေး ဦးစီးဌာန၊ တိုင်းဒေသကြီးမွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနတို့မှ ဦးစီးမှူးများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးအဆင့် စားရေရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ မြှင့်တင်ရေးအတွက် အကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် အကြံပြုဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

❑ **လေးမျက်နှာမြို့မှ**

ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သည်။

ထို့ကြောင့် အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံပြည်သူများစုပေါင်း၍ ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ ရေဘေးသင့်ပြည်သူများကို ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများလိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ဝေန်ပန်းတာမှ ရေဝင်လမ်း ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ဝေန်ပန်းတာရေဝင်လမ်းကို (Geobags) အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)





အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံပြည်သူများစုပေါင်း၍ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများနှင့် ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းတို့ဆောင်ရွက်စဉ်။

■ **မုန်တိုင်းငယ်မှ**

အဆိုပါမုန်တိုင်းငယ်သည် မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်-အနောက်မြောက်ဘက် ၃၁၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ကန်နင်းမြို့၏ အနောက်မြောက်ဘက် ငါးမိုင်ခန့်နှင့် ကိုးလ်ကတ္တားမြို့၏ အရှေ့တောင်ဘက် ၂၅ မိုင်ခန့်အကွာကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါမုန်တိုင်းငယ်သည် နောက် ၂၄ နာရီအတွင်း အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်ကာ ဂျက်ခမ်းပြည်နယ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ မြစ်ဝကျွန်းပေါ် ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက် လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ (မိုး/၈လ)


**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# ပြည်သူတွေအနေနဲ့လည်း လိုအပ်တဲ့ကုသမှုတွေ ဆောင်ရွက်နိုင်အောင် ပြည်သူ့ဆေးရုံတွေ၊ ပုဂ္ဂလိကဆေးရုံတွေအနေနဲ့ ပြင်ဆင်ဆောင်ရွက်ထားရှိပြီးဖြစ်တဲ့အတွက်ကြောင့် စိုးရိမ်ပူပန်မှု မဖြစ်ကြဘဲ အနီးစပ်ဆုံးပြည်သူ့ဆေးရုံတွေနဲ့ သက်ဆိုင်ရာဆေးရုံတွေကို သွားရောက်ကုသမှုခံယူနိုင်ပါကြောင်း ပြောကြားလိုပါတယ်

ဒေါက်တာမိုးနိုင်

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကုသမှုခံယူနေသည့် လူနာ ၁၈၂ ဦးရှိရာ ဝမ်းရောဂါပိုးတွေ့ရှိခဲ့သည့် လူနာ ၆၃ဦးရှိပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဝမ်းပျက်ဝမ်းလျှောလူနာများကို စနစ်တကျ ပြုစုစောင့်ရှောက်ကုသမှုပေးလျက်ရှိသည်။**



ဒေါက်တာ အောင်လင်းအေး



ဒေါက်တာ နန္ဒဝင်း



ဒေါက်တာ မင်းဇော်ဦး



ဒေါက်တာ မိုးနိုင်

ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ပွားသည့် လူနာများကို ကုသမှုပေးလျက်ရှိသည့် အခြေအနေနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ပြောကြားချက်များကို စုစည်းဖော်ပြအပ်ပါသည်-

**ဒေါက်တာ အောင်လင်းအေး**
**ဒုတိယဆေးရုံအုပ်ကြီး**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

အခု နှစ်ရက်၊ သုံးရက်အတွင်းမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော လူနာများပြားလာတဲ့အတွက် ဆေးရုံရဲ့ အရေးပေါ်ဌာန၊ ဆေးရုံအုပ်ချုပ်မှုအဖွဲ့၊ သက်ဆိုင်ရာဆရာဝန်ကြီးတွေ၊ ကျန်းမာရေးဝန်ကြီးဌာနနဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုခံယူပြီးတော့ ကုသမှုတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဆေးရုံကြီးက ကုသရေးဌာနအောက်မှာ ရှိတဲ့အတွက်ကြောင့် အဓိကလုပ်ငန်းက လူနာတွေကုသတဲ့ လုပ်ငန်းပါ။ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် သေဆုံးမှုမရှိစေရေးကို အထူးဂရုစိုက်ပြီး ကုသမှုတွေ ပေးနေပါတယ်။ ဝမ်းပျက်ဝမ်းလျှောရောဂါက ကူးစက်ရောဂါဖြစ်တဲ့အတွက်ကြောင့် ရောဂါသည်တွေနဲ့ တစ်ပါတည်း ပါလာတဲ့ လူနာစောင့်တွေ၊ သူတို့ကို ကုသပေးတဲ့ ကျန်းမာရေးဝန်ထမ်းတွေ (ဆရာဝန်တွေ၊ သူနာပြုဆရာမတွေ၊ အကူဝန်ထမ်းတွေ) အကုန်လုံးကို ဒီရောဂါကူးစက်မှု မရှိအောင် ကာကွယ်ထိန်းချုပ်တဲ့ လုပ်ငန်းတွေကို အထူးဆောင်ရွက်ပါတယ်။ အရင်လည်း ပုံမှန်ဆောင်ရွက်တာရှိပါတယ်။

ပြည်သူ့ကျန်းမာရေး ပြဿနာဖြစ်တဲ့အတွက်ကြောင့် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဌာနနဲ့ ပူးပေါင်းပြီးတော့ အထူးအလေးထားဆောင်ရွက်ပါတယ်။ ပုံမှန်ဖြစ်ပွားမှုလည်း ရှိပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ နှစ်ရက်၊ သုံးရက်အတွင်းမှာတော့ သိသိသာသာ များပြားလာတဲ့အတွက်ကြောင့် အထူးဂရုစိုက်ပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လူနာတွေရဲ့ ကျန်းမာရေးအခြေအနေ ကောင်းပါတယ်။ ဒီနေ့ဆိုရင်လည်း ဆေးရုံ ဆင်းမယ့်လူနာတွေ ရှိပါတယ်။ မနေ့ကလည်း ဆေးရုံဆင်းတဲ့ လူနာတွေ ရှိပါတယ်။ ရောဂါ မဖြစ်ပွားအောင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းမှာ သုံးပွင့်ဆိုင်ဆိုတာရှိတယ်။ ရောဂါဖြစ်စေတဲ့ ပိုး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အစားအသောက်၊ သောက်သုံးရေသန့်ရှင်းရေး လုပ်ငန်းတွေအပေါ် မူတည်ပါတယ်။ ခုခံအား ကျဆင်းနေသူတွေ၊ အသက်ကြီးသူတွေ၊ တစ်ကိုယ်ရေ သန့်ရှင်းရေး မကောင်းသူတွေမှာ ပိုပြီးဖြစ်နိုင်ပါတယ်။

ပြည်သူတွေကို အကြံပြုချင်တာက တစ်ကိုယ်ရေကျန်းမာရေးကို ဂရုစိုက်ဖို့၊ လတ်တလောမှာ ရေကို ကျိုချက်သောက်သုံးဖို့၊ ယင်နားစာတွေ မစားဖို့နဲ့ ခုခံအားကောင်းမွန်အောင် ပြုမူနေထိုင်ဖို့ အကြံပြုလိုပါတယ်။

လူနာစောင့်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေ အပါအဝင် ကြိုတင်ကာကွယ်ဆေး Doxycycline 100 mg ကို တိုက်ကျွေးပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေလည်း အကုန်လုံးနီးပါး သောက်ပြီးပါပြီ။ လာရောက်ပြသတဲ့ ပြင်ပလူနာ၊ အတွင်းလူနာ၊ လူနာစောင့်တွေကိုလည်း Doxycycline 100 mg တိုက်ကျွေးပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနေနဲ့ လူနာတွေ အားလုံးကို လက်ခံကုသပေးနေပါတယ်။ လူနာတွေ ရောက်ရှိလာရင် ခုတင်အခက်အခဲ မရှိအောင် စီမံထားပါတယ်။ လူနာတွေကိုလည်း Guidelinesနဲ့အညီ သီးခြားဆောင် သုံး/လေးဆောင် စီစဉ်ထားပြီး ကုသပေးနေပါတယ်။ ရောဂါဖြစ်ပွားလာရင် ရန်ကုန်ဆေးရုံကြီးကို ပြည်သူတွေ လာရောက်ကုသကြပါ။

ဝမ်းပျက်ဝမ်းလျှော ရောဂါအပြင် နေ့စဉ်ကုသပေးနေတဲ့ရောဂါတွေအတွက် အတွင်း လူနာ ၁၃၀၀၊ ၁၄၀၀၊ ၁၅၀၀ လောက်နဲ့ ပြင်ပလူနာ တစ်ရက် ၂၅၀၀ ရှိပါတယ်။ ခွဲစိတ်မှုတွေကိုလည်း အချိန်မပျက် ပုံမှန်ဆက်လက် လုပ်ဆောင်နေပါတယ်။ အခု ဖြစ်လာတဲ့ ဝမ်းပျက်ဝမ်းလျှောအတွက်လည်း သတ်မှတ်ထားတဲ့ စံနှုန်းအတိုင်း ပြင်ဆင်ကုသပေးနေတယ်ဆိုတာ အသိပေးပြောကြားလိုပါတယ်။

**ဒေါက်တာ နန္ဒဝင်း**
**ဌာနမှူး၊ ရန်ကုန်တိုင်းဒေသကြီး**
**ပြည်သူ့ကျန်းမာရေးနှင့်**
**ကုသရေးဦးစီးဌာန**

ဝမ်းပျက်ဝမ်းလျှော ရောဂါကတော့ နှစ်စဉ်မိုးဦးကျအချိန်တိုင်းမှာ ဖြစ်လေ့ဖြစ်ထရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွက် စိန်ခေါ်မှုရှိတဲ့ ရောဂါတစ်ခုလည်း ဖြစ်ပါတယ်။ ဩဂုတ်လ ၈၊ ၉၊ ၁၀ မှာ လမ်းမတော်မြို့နယ်ကနေပြီးတော့ ဝမ်းပျက်ဝမ်းလျှော ဖြစ်တဲ့သူ အယောက် ၂၀၊ လသာမြို့နယ် ကနေပြီးတော့ အယောက် ၂၀ နဲ့ ကျွန်တော်တို့ ဒဂုံဆိပ်ကမ်းမြို့နယ်မှာလည်း ၁၄ ယောက် အစုလိုက် တွေ့ခဲ့ပါတယ်။ လူနာတွေကို အစုလိုက်တွေ့တာနဲ့ ဘာကြောင့် ဆိုတာ လိုက်ရှာပါတယ်။ တစ်ဦးတစ်ယောက်ချင်းစီတွေ့တဲ့အခါမှာ ဒါသည် ဒီတစ်ဦးတစ်ယောက်ရဲ့ အပြုအမူ အနေအထိုင်၊ အစားအသောက် မကောင်းမွန်လို့၊ ကျန်းမာရေးနဲ့ ညီညွတ်အောင် မလိုက်နာနိုင်လို့ဆိုတာတွေ့ပေမယ့် အစုလိုက်ဖြစ်လာရင် ဘာကြောင့်ဖြစ်သလဲဆိုတာမျိုး လိုက်ကြည့်ရတယ်။

သူတို့ကို ကျွန်တော်တို့က Google ပေါ်မှာ ရိုက်သွင်းမှတ်တမ်းတင်စနစ်မျိုးတွေ အသုံးပြုပြီး တောက်လျှောက်ထောက်လှမ်းပြီးတော့ ကြည့်ရှုစောင့်ရှောက်ပါတယ်။ အဲဒီလို ကြည့်ရှုစောင့်ရှောက်တဲ့အခါမှာ ဒီလမ်းမတော်နဲ့ လသာမြို့နယ်မှာ ဖြစ်ပွားမှုတွေများတယ်။ လမ်းမတော်မြို့နယ် ၁ လမ်းကနေ ၂၄ လမ်းကြားမှာတင် ဒီလူနာတွေက စိပ်လာတာကို အုံ့ဩဖွယ်ရာ တွေ့ရတယ်။ ဒီနေရာကလည်း ရန်ကုန်မြို့ရဲ့ China Town ရှိတဲ့နေရာ ဖြစ်နေတယ်။

အားလုံးရဲ့စားသောက်မှုကိုကြည့်တဲ့အခါမှာ အားလုံးသည် အလွယ်တကူရတဲ့ ပြင်ပအစားအစာတွေကိုပဲ မှာယူစားသောက်နေတာကို တွေ့ရတယ်။ အစားအသောက်မှာ သုံးနေတဲ့ရေတွေကို လိုက်စစ်ရပါတယ်။ လမ်းဘေးမှာရှိတဲ့ ဆိုင်တွေက ရောက်တဲ့နေရာကနေ ရေပုံးလေးတွေနဲ့ခပ်ပြီး သေချာမဆေးကြောတဲ့အခါ ရေပုံးကနေ ရေအညစ်အကြေး ကပ်နေတဲ့ ရေကို သုံးတဲ့အခါမှာ အဆင်မပြေတာမျိုးလည်း ရှိတယ်။

မနေ့က ညနေ ၆ နာရီကနေ ဒီနေ့ မနက် ၆ နာရီအထိတော့ လူနာဦးရေ ၃၀ ပဲ တက်တယ်။ အရင်နေ့တွေနဲ့စာရင်တော့ နည်းနည်းကျလာပါပြီ။ စဉ်ဆက်မပြတ် ဆောင်ရွက်သွားမယ်ဆိုရင်တော့ ငါးရက်၊ တစ်ပတ်လောက်အတွင်းမှာ ဒီဖြစ်ပွားတဲ့လူနာတွေ လျော့ပါးသွားမှာပဲ ဖြစ်ပါတယ်။ ရောက်လာတဲ့ လူနာတွေ အသက်မဆုံးရှုံးစေဖို့ တတ်နိုင်သလောက် Zero death ဖြစ်အောင် ကုသရေးဦးစီးဌာနက ဆရာဝန်တွေ၊ ဆေးရုံကြီးတွေကလည်း ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ ရှိတဲ့ ဗဟိုအဆင့် ဆေးရုံကြီး ၁၈ ရုံနဲ့ ရန်ကုန်တိုင်းအောက်က ဆေးရုံ ၆၅ရုံမှာအားလုံးက ဝမ်းပျက်ဝမ်းလျှော ရောဂါအတွက်ကို အကုန်လုံးသင်တန်းတွေပေးပြီး ဆေးဝါးပစ္စည်း စုဆောင်းထားပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်သူလူထုအနေနဲ့ အစားသန့်၊ ရေသန့်၊ အဓိကအရေးကြီးပါတယ်။ အစားအသောက်ကို ပူပူနွေးနွေးနဲ့ စားသောက်တတ်ဖို့နဲ့ ပြီးတော့ ရောဂါဖြစ်ပွားလာရင်လည်း ကျန်းမာရေးဌာနကို ချက်ချင်းအကြောင်းကြားပြီးတော့ ကုသမှုခံယူမယ်ဆိုရင်တော့ ပြည်သူတွေ ဝမ်းပျက်ဝမ်းလျှောသာမက ကျန်တဲ့ မည်သည့် ရောဂါပဲဖြစ်ပါစေ ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အားလုံး ကျော်လွှားနိုင်မယ်လို့ ယုံကြည်မိပါတယ်။

**ဒေါက်တာမင်းဇော်ဦး**
**ပါမောက္ခ (ဌာနကြီးမှူး၊ ဆေးလက်တွေ့)**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

ဝမ်းပျက်ဝမ်းလျှော ရောဂါဆိုတာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ရောဂါတစ်ခုပါ။ တနင်္ဂနွေ၊ တနင်္လာနေ့ကစပြီး လူနာအရေအတွက် များလာတာကို သတိပြုမိပါတယ်။ ဆေးရုံအနီးပတ်ဝန်းကျင်မြို့နယ်တွေကလာတဲ့ လူနာတွေများလာတဲ့အတွက် တနင်္လာနေ့ကစပြီး ဝမ်းပျက်ဝမ်းလျှောနဲ့ ပတ်သက်လို့ ကျွန်တော်တို့ရဲ့ ဝန်ထမ်းတွေ၊ သူနာပြုတွေ၊ ဆရာဝန်တွေ၊ ဆေးဝါးစုဆောင်းခြင်းနဲ့ ဆေးရုံကြီးအဖွဲ့နဲ့ပူးပေါင်းပြီး လူနာတွေထားဖို့ သီးသန့်အဆောင်တွေ ပြင်ဆင်တာတွေကို ဆောင်ရွက်ခဲ့ပါတယ်။

နေ့စဉ် ကုသမှုပေးနေတဲ့ အပိုင်းမှာ ကျွန်တော်တို့မှာ ရှိတဲ့ ဆရာဝန်၊ သူနာပြုစတဲ့ လူအင်အားအားလုံးကို ထိရောက်စွာအသုံးပြုပြီး ဆောင်ရွက်နေတဲ့အတွက် အဆင်ပြေပါတယ်။ ဆေးဝါးအနေနဲ့လည်း ပြည့်စုံမှုရှိအောင် စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်က Zero Mortality (သေဆုံးမှု လုံးဝမရှိရေး) ပါ။ ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ အချိန်မီသာ ရောက်လာခဲ့ရင် ပျက်စီးဆုံးရှုံးမှု မရှိအောင် အတတ်နိုင်ဆုံး စောင့်ရှောက်ပေးပါတယ်။ အရင်နှစ်တွေရဲ့ အတွေ့အကြုံအရ တချို့ကသိပ်လွန်မှ ရောက်လာတာမျိုးရှိတတ်တယ်။ အဲဒါမျိုး မဖြစ်ဘဲ ဆေးဝါးကုသမှုနဲ့ စောင့်ရှောက်မှုကို စောစီးစွာ ကြိုတင်လာရောက် ခံယူမယ်ဆိုရင် ပြန်လည်ကျန်းမာလာမှာ ဖြစ်ပါတယ်။

ပြည်သူတွေအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနနဲ့ သတင်းမီဒီယာတွေက အမြဲအသိပေးနေတဲ့အတိုင်း အထူးသဖြင့် မိုးတွင်းကာလမှာ တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုစိုက်ပါ။ အစားအသောက်နဲ့ ပတ်သက်ရင် မလတ်ဆတ်တာတွေ၊ ယင်နားစာတွေနဲ့ အမှည့်လွန်တဲ့ အသီးအနှံတွေကို ဆင်ခြင်စားသောက်ပါ။ သောက်သုံးရေနဲ့ ပတ်သက်ရင် သန့်ရှင်းမှုရှိအောင် ရေကို သေချာကျိုချက်ပြီးမှ သောက်သုံးဖို့ ပြောချင်ပါတယ်။

လတ်တလော ဖြစ်ပွားနေတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ ပတ်သက်ပြီး ပြည်သူလူထုကြားမှာ စိုးရိမ်မှုတွေ မြင့်မားနေတာ သိရှိရပါတယ်။ လူနာအများကြီး ရောက်လာတာ မှန်သော်လည်း လူမှုကွန်ရက်ပေါ်မှာ ပြောနေကြသလို ရန်ကုန်ဆေးရုံကြီးမှာ လူနာတွေ ပြည့်ကျပ်နေတယ်၊ ပြင်ပလူနာ မကြည့်တော့ဘူး၊ အတွင်းလူနာ လက်မခံတော့ဘူးဆိုတဲ့ သတင်းတွေ မဟုတ်မှန်ကြောင်း ပြောချင်ပါတယ်။ ပြင်ပလူနာဌာနကိုလည်း ပုံမှန်အတိုင်းဆောင်ရွက်နေပြီး ရှိတဲ့အင်အားနဲ့ ဝမ်းပျက်ဝမ်းလျှောလူနာတွေကို စနစ်တကျ ပြုစုစောင့်ရှောက်ပေးနေတယ်ဆိုတာ အသိပေးပါရစေ။

**ဒေါက်တာမိုးနိုင်**
**ပါမောက္ခချုပ် (ဆေးရုံအုပ်ကြီး/ ကုသရေး)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

လတ်တလော ရန်ကုန်တိုင်းဒေသကြီးမှာ ဖြစ်ပွားနေတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါလူနာတွေနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်မှု၊ ကုသရေးဦးစီးဌာနရဲ့ ကြီးကြပ်မှုနဲ့ ရန်ကုန်တိုင်းအတွင်းမှာ ရှိနေတဲ့ ပြည်သူ့ဆေးရုံတွေ၊ ပုဂ္ဂလိကဆေးရုံတွေအနေနဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါ လူနာတွေ လက်ခံကုသနိုင်ဖို့အတွက် ပြင်ဆင်ဆောင်ရွက်ကာ ကုသမှုတွေ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

စာမျက်နှာ ၂၄ သို့

# ပြင်သစ်နိုင်ငံ မြောက်ပိုင်းကမ်းရိုးတန်းတွင် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပွားခဲ့သဖြင့် စခန်းချနေရာများမှ လူ ၁၂၀၀ ခန့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ



ပဲရစ် ဩဂုတ် ၁၃

ပြင်သစ်နိုင်ငံ မြောက်ပိုင်းကမ်းရိုးတန်းတွင် တောမီးလောင်ကျွမ်းမှုများဖြစ်ပွားခဲ့သဖြင့် စခန်းချနေရာများမှ လူ ၁၂၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

ပြင်သစ်နိုင်ငံ မြောက်ပိုင်းနှင့် ဒိဗာရေလက်ကြားတို့ ထိစပ်နေသည့် ပါ့စ်ဒီကာလေးစ် အုပ်ချုပ်ရေးဌာန၏ စီရင်စုမှ တောမီးတစ်ခုကို ယနေ့တွင် ထိန်းချုပ်နိုင်ခဲ့သော်လည်း ကျန်တောမီးတစ်ခုမှာ အခြေအနေပြင်းထန်နေကြောင်း သိရသည်။

လက်ရှိ အဆိုပါ တောမီးပြင်းထန်စွာ လောင်ကျွမ်းရာနေရာသို့ ဝင်ရောက်ရန် ခက်ခဲနေပြီး တောမီးသည် ကမ်းရိုးတန်း၏တောင်ဘက်သို့ ပျံ့နှံ့နေကြောင်း သိရသည်။

တောမီးဘေးသင့်သူများကို စခန်းချနေရာများမှ ခိုလှုံရာနေရာများသို့ ရွှေ့ပြောင်းပေးနေကြောင်း၊ လတ်တလော ပြင်သစ်နိုင်ငံအပါအဝင် ဥရောပတိုက်တစ်ဝန်းတွင် ပုံမှန်မဟုတ်သည့် တောမီးလောင်ကျွမ်းမှုရာသီနှင့် ရင်ဆိုင်နေရပြီး သစ်ပင်များမှာ အပူလှိုင်းများအတွင်း ခြောက်သွေ့လာခြင်းကြောင့် တောမီးဖြစ်ပွားနိုင်ခြေ မြင့်တက်လာကြောင်း သိရသည်။

တောမီးကြောင့် ပျက်စီးဆုံးရှုံးမှု ကုန်ကျစရိတ်များမှာ အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံထိ ရှိလာနိုင်သည်ဟု ပြင်သစ်နိုင်ငံ သဘာဝပတ်ဝန်းကျင်ဝန်ကြီး မိုနစ်ဘာဘတ်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : KZ

# တောင်ကိုရီးယားနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေ

ဆိုးလ် ဩဂုတ် ၁၃

တောင်ကိုရီးယားနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်မှု ဖြစ်ပေါ်နေကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံတွင် ပြီးခဲ့သော မေလကတည်းက အပူလှိုင်းဖြတ်သန်းနေပြီး အပူချိန်မြင့်တက်မှုကြောင့် သေဆုံးသူများ ရှိခဲ့ပြီး ကျန်းမာရေးလုံခြုံမှုကို ခြိမ်းခြောက် နေသည့်အတွက် အများပြည်သူသွားလာရာ နေရာများတွင် အအေးခံစင်တာ ၉၃၀၀၀ ထိ ဖွင့်လှစ်ပေးထားကြောင်း၊ အအေးခံစင်တာများ ဖွင့်လှစ်ထားရှိမှုကို ပြည်ထဲရေးဝန်ကြီး ယန်ဟိုဂျန်ကိုယ်တိုင် စစ်ဆေးမှုများပြုလုပ်နေပြီး ပြည်သူများ ဘေးကင်းရေး အတွက်လည်း သက်ဆိုင်ရာနယ်မြေခံ အာဏာပိုင်အဖွဲ့အစည်းများဖြင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

"ပုံမှန်မဟုတ်တဲ့ အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်နေတာဖြစ်ပါတယ်။ မေလကနေ လက်ရှိကာလထိ အပူချိန်မြင့်တက်မှုကြောင့် သေဆုံးသူတွေလဲ ရှိလာတယ်။ ဒါကြောင့် ပြည်သူတွေ အပူအအေးမျှတစွာ နေထိုင်နိုင်ဖို့အတွက် အများပြည်သူသွားလာလေ့ရှိတဲ့နေရာတွေမှာ အအေးခံစင်တာတွေ ဖွင့်လှစ်ပေးထားပါတယ်"ဟု ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အအေးခံစင်တာများကို ယခင်က အခြေခံအဆောက်အအုံများ၊ စာကြည့်တိုက်များနှင့် ကာယလုပ်သားများ၏ လုပ်ငန်းခွင်များ အနီးတွင်တည်ဆောက်ပေးခဲ့ခြင်း ဖြစ်သော်လည်း ယခုနှစ်တွင် အများပြည်သူ သွားလာလေ့ရှိသည့်နေရာများ၌ တိုးချဲ့ဖွင့်လှစ်ပေးထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ထိုင်းနိုင်ငံ ပြည်နယ်နှစ်ခုတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသဖြင့် ရေဘေးအန္တရာယ်အရေးပေါ်အခြေအနေ သတ်မှတ်

ဗန်ကောက် ဩဂုတ် ၁၃

ထိုင်းနိုင်ငံ ပြည်နယ်နှစ်ခုတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသဖြင့် ရေဘေးအန္တရာယ်အရေးပေါ်အခြေအနေ သတ်မှတ်လိုက်ကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မယ်လှောင်ရေလှောင်တမံ ရေလျှံတက်ခဲ့သည့်အတွက် နခွန်ဖနွမ်နှင့် ဘွမ်ကန်ပြည်နယ်တို့တွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင် နေရခြင်းဖြစ်ကြောင်း၊ မဲခေါင်မြစ်ဝှမ်း ရေလျှံတက်နေသည့်အတွက် မဲခေါင်မြစ်ဝှမ်း အနီးပတ်ဝန်းကျင်ရှိ လယ်ကွင်းများနှင့်စိုက်ခင်းများတွင် ရေလွှမ်းနေပြီး ဒေသခံတချို့လည်း ဘေးလွတ်ရာရွှေ့ပြောင်းနေရကြောင်း၊ မဲခေါင်မြစ်ဝှမ်း ရေလျှံနေသကဲ့သို့ အွန်မြစ်ရေ လျှံတက်မှုကြောင့်လည်း ရေကြီးရေလျှံမှုအခြေအနေ ဆိုးရွားလာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။



"မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မဲခေါင်မြစ်ဝှမ်းနဲ့ အွန်မြစ်ဝှမ်းတို့မှာ မြစ်ရေလျှံတက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ ရေဘေးအန္တရာယ်နဲ့ ဆိုးရွားစွာ ရင်ဆိုင်နေရတဲ့ ပြည်နယ်တွေကတော့ နခွန်ဖနွမ်နှင့် ဘွမ်ကန်ပြည်နယ်တို့ပဲဖြစ်ပါတယ်။ ဒေသတချို့မှာတော့ ရေပမာဏတစ်ကျဆင်းနေပြီဖြစ်ပါတယ်" ဟု သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အမေရိကန်နိုင်ငံ အလယ်ပိုင်းဒေသတွင် မုန်တိုင်းများတိုက်ခတ်ခဲ့သဖြင့် လူနေအဆောက်အအုံ ၇၂၉၀၀၀ ကျော် လျှပ်စစ်မီးပြတ်တောက်ခဲ့

ဝါရှင်တန် ဩဂုတ် ၁၃

အမေရိကန်နိုင်ငံ အလယ်ပိုင်းဒေသတွင် ပြင်းထန်သော မုန်တိုင်းများ တိုက်ခတ်ခဲ့သဖြင့် လူနေအဆောက်အအုံ ၇၂၉၀၀၀ ကျော် လျှပ်စစ်မီးပြတ်တောက်ခဲ့ကြောင်း အမေရိကန်နိုင်ငံ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု စောင့်ကြည့်ရေးဌာန Power-Outage.us ၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

အမေရိကန်နိုင်ငံ အလယ်ပိုင်းဒေသတွင် ပြင်းထန်သော မုန်တိုင်းများ တိုက်ခတ်ခဲ့သဖြင့် ဩဂုတ် ၁၂ ရက်ကစပြီး လူနေအဆောက်အအုံ ၇၂၉၀၀၀ ကျော် လျှပ်စစ်မီး ပြတ်တောက်ခဲ့ကြောင်း၊ အမေရိကန်နိုင်ငံ မြေပြန့်ဒေသ၊ အလယ်ပိုင်းဒေသနှင့် အရှေ့ပိုင်းဒေသများတွင် လေပြင်းများနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မိုးကြိုးမုန်တိုင်းများဖြစ်ပေါ်နေပြီး အဆိုပါ ဆိုးရွားသော ရာသီဥတုအခြေအနေသည် ဩဂုတ် ၁၄ ရက်ထိ ဆက်လက် ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသ ပညာရှင်များက ပြောကြားခဲ့သည်။

အဆိုပါ မုန်တိုင်းများကြောင့် အင်ဒီယားနား ပြည်နယ်အတွင်း လျှပ်စစ်မီး ပြတ်တောက်မှုနှင့် ကြုံတွေ့နေရသူ ၃ ဒသမ ၃ သန်းခန့်ရှိကြောင်း၊ အင်ဒီယားနား ပြည်နယ် လျှပ်စစ်ကုမ္ပဏီဖြစ်သော Northern Indiana Public Service Co (NIPSCO) က လျှပ်စစ်မီး ပြတ်တောက်မှုများမှာ မုန်တိုင်းကြောင့် လျှပ်စစ်ဓာတ်တိုင်များ၊ ဓာတ်အားလိုင်းများနှင့် သစ်ပင်များ လဲကျမှုဖြစ်ပွားပြီး ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် ပျက်စီးမှုများကို စစ်ဆေးနေပြီး ပြန်လည် ပြုပြင်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ဥရောပနိုင်ငံများတွင် ၂၀၂၄ ခုနှစ် နွေရာသီအတွင်း အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်ပြီး ဆုံးရှုံးမှု ကန်ဒေါ်လာ ဘီလီယံ ၁၈၀ ခန့်ရှိကြောင်း EU က ထုတ်ပြန်

ဘရပ်ဆဲလ် ဩဂုတ် ၁၃

ဥရောပနိုင်ငံများတွင် ၂၀၂၄ ခုနှစ်နွေရာသီအတွင်း အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်မှုဖြစ်ပေါ်ခဲ့ကာ အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်ပြီး ကဏ္ဍအသီးသီးတွင် ပျက်စီးဆုံးရှုံးမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ဘီလီယံ၁၈၀ ခန့်ရှိကြောင်း ဘယ်လ်ဂျီယံနိုင်ငံ အခြေစိုက် ဥရောပသမဂ္ဂအဖွဲ့အစည်း (EU) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဥရောပတိုက် တစ်တိုက်လုံး အတိုင်းအတာဖြင့် ကြီးမားသည့် ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပြီး အထူးသဖြင့် ကုန်ထုတ်လုပ်မှုအပိုင်းတွင် နစ်နာဆုံးရှုံးမှု မြင့်မားခဲ့ကြောင်း၊ ဥရောပတိုက်၏ GDP တစ်ရာခိုင်နှုန်းထိ ကျဆင်းသွားခဲ့ကြောင်း၊ အပူချိန်မြင့်တက်မှုနှင့် ဆက်စပ်ပြီး စီးပွားရေးကဏ္ဍတွင် ကြီးမားသည့် ဆုံးရှုံးနစ်နာမှုဖြင့် ရင်ဆိုင်ခဲ့ရကာ ကျန်းမာရေး လုံခြုံမှုလည်း ကျိုးပေါက်ခဲ့ကြောင်း သိရသည်။

"၂၀၂၄ ခုနှစ် နွေရာသီအတွင်း ဥရောပတိုက်မှာ အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်တွေ မြင့်တက်ခဲ့တယ်။ အပူချိန်မြင့်တက်မှုကြောင့် ကျန်းမာရေး လုံခြုံမှုကျိုးပေါက်ခဲ့ပြီး သေဆုံးသူ အမြောက်အမြားရှိခဲ့ပါတယ်။ အပူချိန်မြင့်တက်မှုနဲ့ ဆက်စပ်ပြီးတော့ စီးပွားရေးကဏ္ဍမှာ ကြီးမားတဲ့ နစ်နာဆုံးရှုံးမှုနဲ့ ရင်ဆိုင်ခဲ့ရတယ်။ အထူးသဖြင့် ကုန်ထုတ်လုပ်မှုအပိုင်းမှာ တော်တော်လေးကို နစ်နာဆုံးရှုံးခဲ့တယ်။ ဥရောပတိုက် တစ်တိုက်လုံး အတိုင်းအတာနဲ့ ဆုံးရှုံးနစ်နာမှုက အမေရိကန်ဒေါ်လာ ဘီလီယံ ၁၈၀ ခန့်ထိ ရှိခဲ့ပါတယ်။ ဥရောပတိုက် GDP ဟာ ပုံမှန်ထက် တစ်ရာခိုင်နှုန်းကျဆင်းသွားပါတယ်" ဟု ဥရောပသမဂ္ဂအဖွဲ့အစည်း (EU) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

# ကျန်းမာပျော်ရွှင်စွာ ပညာသင်ယူနိုင်ရေး

ညွန့်ဝင်း(နတ်တလင်း)

အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများ ကျန်းမာပျော်ရွှင်ရေးသည် ပညာကောင်းစွာသင်ယူနိုင်ရေးအတွက် အဓိကအချက်ဖြစ်သည်။ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဟု သိမှတ်ထားကြသည့်အတိုင်း ကျန်းမာမှသာ လူမှုကိစ္စအဝဝကို ကောင်းမွန်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။ ကျန်းမာသော လူ့အဖွဲ့အစည်းဖြစ်လာရေးသည်လည်း လူတစ်ဦးချင်းစီ၏ ကျန်းမာရေးအဆင့်မြှင့်တင်ပေးနိုင်မှုအပေါ်မူတည်သည်။ ကျန်းမာရေးစောင့်ရှောက်မှုများ၊ ကျန်းမာရေးအလေ့အကျင့်ကောင်းများသည် ကျောင်းသားအရွယ်မှစတင်၍ ဆောင်ရွက်နိုင်မှသာ အနာဂတ်လူ့အဖွဲ့အစည်းအတွက် အကျိုးဖြစ်ထွန်းမှုရလဒ်များ ရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းကျန်းမာရေးအဆင့်မြှင့်တင်မှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။

ကျောင်းကျန်းမာရေး အဆင့်မြှင့်တင်ရန် ကျောင်းသား၊ ကျောင်းသူများကို သိရှိလိုက်နာရမည့် ကျန်းမာရေး အလေ့အကျင့်ကောင်းများ၊ ရောဂါကာကွယ်တားဆီးရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများ၊ အာဟာရပြည့်ဝရေး မှတ်သားလိုက်နာရမည့် ဗဟုသုတများကို အသိပညာပေးဆောင်ရွက်ရမည်ဖြစ်သည်။ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုတွင် –

(၁) ကျောင်းအခြေပြု ကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်း
(၂) ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း
(၃) ကျောင်းကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း
(၄) ကျောင်းအခြေပြု ရောဂါကာကွယ်ရေးလုပ်ငန်း
(၅) ကာယပညာနှင့်အားကစားလုပ်ငန်း
(၆) ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ်ကင်းဝေးရေးလုပ်ငန်း
(၇) ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျောင်းမှပြည်သူတွင်းသို့ မူမှန်လူနေမှုဘဝဟန်များ ရောက်ရှိရေးလုပ်ငန်း
(၈) နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့်လူမှုရေးပံ့ပိုးမှုလုပ်ငန်း
(၉) သင်တန်းနှင့် သုတေသနလုပ်ငန်းတို့ ပါဝင်သည်။

ကျောင်းသားလူငယ်များ ပညာကောင်းစွာသင်ယူနိုင်ရန် ကျန်းမာကြံ့ခိုင်မှုရှိရမည်။ ကျန်းမာရေးကောင်းမှသာ ကျောင်းမှန်မှန်တက်၍ စာမှန်မှန်ကျက်နိုင်မည်။ ကျန်းမာရေးကောင်းမွန်ရန် ကိုယ်ခံအားကောင်းရမည်။ ကိုယ်ခံအားကောင်းလျှင် အနာရောဂါများ အလွယ်တကူ မဝင်ရောက်နိုင်။ ကိုယ်ခံအားကောင်းရန် ဆောင်ရမည့်၊ ရှောင်ရမည့် လုပ်ငန်းများကို ကျောင်းသားလူငယ်များ သိရှိနားလည်လိုက်နာနိုင်ရန် လိုအပ်ပေသည်။

ကျန်းမာရေး အသိပညာများကို ကျောင်းသား၊ ကျောင်းသူများ သိရှိလိုက်နာနိုင်ရေး၊ ဆက်စပ်ဝန်းကျင်နှင့် အသိုင်းအဝိုင်းအားလုံးလိုက်နာနိုင်ရေးအတွက် ပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရပေမည်။ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးသည် ကျန်းမာရေးအတွက် အခြေခံကျသော အချက်များတွင် ပါဝင်သည်။ ကျန်းမာရေးပူးပေါင်းအဖွဲ့များအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ တစ်ကိုယ်ရည်ကျန်းမာရေးကို ပုံမှန်စစ်ဆေးပေးခြင်း၊ ကျန်းမာရေးပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးရမည်။ ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးအတွက် အမှိုက်ပုံးများ စနစ်တကျထားရှိရန်၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်ရန် လိုအပ်သည်။ အမှိုက်အမျိုးအစားများခွဲခြား၍ အမှိုက်စို၊ အမှိုက်ခြောက်၊ ဆွေးမြည့်ခဲသော ပလတ်စတစ်ကဲ့သို့ အမှိုက်များကို သီးသန့်ပုံးများနှင့် ထည့်သိုခြင်းက စွန့်ပစ်မှုအတွက် လွယ်ကူစေပြီး ပတ်ဝန်းကျင်ကို အကျိုးပြုစေသည်။ ယင်လုံအိမ်သာများ စနစ်တကျသုံးစွဲရန်နှင့် အိမ်သာသန့်ရှင်းရေး နေ့စဉ်ဂရုစိုက်ကြပ်မတ်ဆောင်ရွက်ရန်၊ အိမ်သာတက်ပြီးလျှင် ဆပ်ပြာနှင့်ရေကိုသုံး၍ စနစ်တကျလက်ဆေးတတ်ရန်အတွက် ကျောင်းသား၊ ကျောင်းသူများကို ညွှန်ကြားပြသပေးရန် လိုအပ်ပေသည်။

ကျန်းမာရေးနှင့် ညီညွတ်သော ကျောင်းပတ်ဝန်းကျင်ဖြစ်ရန် အမြဲမြှင့်တင်ဆောင်ရွက်ကြရပေမည်။ စာသင်ခန်းတွင်းတွင် ယခင်က ကျောက်သင်ပုန်းနှင့် မြေဖြူကိုသာ အသုံးပြုခဲ့ရာမှ White Board နှင့် Marker Pen တို့ကို ပြောင်းလဲသုံးစွဲနိုင်အောင် ကြိုးစားခြင်းမျိုးဖြစ်သည်။ အတန်းအတွင်း၊ အပြင် နေ့စဉ်သန့်ရှင်းရုံမက ကျောင်းသား၊ ကျောင်းသူများ နေ့စဉ် သောက်သုံးရေသန့်ရှင်းရေးသည် အထူးလိုအပ်သည်။ သောက်သုံးရေသန့်ရှင်းရေး၊ ရေကောင်းရေသန့်ရရှိရေး စီမံဆောင်ရွက်ကြရပေမည်။ ကျန်းမာရေးနှင့် ညီညွတ်သောရေရရှိရန် ရေအရင်းအမြစ်များ၏ အရည်အသွေးကို စစ်ဆေးမှု ပုံမှန်လုပ်ပေးရန်နှင့် ဆီလျော်သောသန့်စင်မှု ပြုလုပ်ပေးနိုင်ရန် လိုအပ်သည်။ ကျောင်းများတွင် ရေသန့်စက်များ တပ်ဆင်ပေးခြင်းနှင့် အလျဉ်မီအောင် ရေသန့်ထုတ်လုပ်ပေးနိုင်ရေးအဆင့်ဆင့် ဆောင်ရွက်ကြရမည်။ သောက်သုံးရေအမြဲသန့်စင်နေရန် နေ့စဉ်အလှည့်ကျလဲလှယ်ခြင်း၊ သန့်ရှင်းရေး ပြုလုပ်ပေးခြင်းတို့ လိုအပ်ပေသည်။

ကျောင်းကျန်းမာရေးအတွက် ရောဂါကာကွယ်ရေးလုပ်ငန်းစဉ်များကလည်း အရေးကြီးသည်။ ရောဂါကာကာကွယ်ရေးတွင် ကူးစက်တတ်သော ရောဂါနှင့် မကူးစက်တတ်သောရောဂါတို့ကို ကာကွယ်နိုင်ရန် ကြိုတင်စီမံရမည်။ ခြင်ပေါက်ပွားမှုအများဆုံးဖြစ်သော မိုးရာသီတွင် ကျောင်းဝန်းကျင်ရေစီးရေလာကောင်းအောင် ရေမြောင်းများတူးဖော်ခြင်း၊ ဆယ်ခြင်းတို့ပြုလုပ်ရမည်။ ခြင်ပေါက်ပွားနိုင်မည့် ရွံ့ဗွက်၊ ရေအိုင်များဖို့ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများရှင်းခြင်း၊ ရေကန်များကို ခြင်လုံအောင်ဖုံးအုပ်ခြင်း၊ ရေလှယ်ခြင်း၊ သီတင်းပတ်နောက်ဆုံးရက်များတွင် ကျောင်းဝန်းကျင်နှင့် စာသင်ခန်းများကို ခြင်ဆေးဖြန်းခြင်းတို့ ပြုလုပ်ပေးခြင်းဖြင့် ခြင်ကြောင့်ဖြစ်သော သွေးလွန်တုပ်ကွေး၊ ငှက်ဖျားရောဂါများကင်းဝေးမည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအကြိမ် ပြည့်မီအောင်နှင့် အလစ်အလပ်မရှိအောင် ထိုးနှံပေးရေး၊ လက်ဆေးခြင်း၊ Mask နှင့် Face Shield တပ်ဆင်အသုံးပြုရေး ကြပ်မတ်ဆောင်ရွက်ပေးရန် လိုသည်။

❖ **ကျောင်းသားလူငယ်များ ပညာကောင်းစွာသင်ယူနိုင်ရန် ကျန်းမာကြံ့ခိုင်မှုရှိရမည်။ ကျန်းမာရေးကောင်းမှသာ ကျောင်းမှန်မှန်တက်၍ စာမှန်မှန်ကျက်နိုင်မည်။ ကျန်းမာရေးကောင်းမွန်ရန် ကိုယ်ခံအားကောင်းရမည်။ ကိုယ်ခံအားကောင်းလျှင် အနာရောဂါများ အလွယ်တကူမဝင်ရောက်နိုင်။ ကိုယ်ခံအားကောင်းရန် ဆောင်ရမည့်၊ ရှောင်ရမည့်လုပ်ငန်းများကို ကျောင်းသားလူငယ်ကလေးများ သိရှိ နားလည်လိုက်နာနိုင်ရန် လိုအပ်ပေသည်။ ကျန်းမာရေးအသိပညာများကို ကျောင်းသား၊ ကျောင်းသူများ သိရှိလိုက်နာနိုင်ရေး၊ ဆက်စပ်ဝန်းကျင်နှင့်အသိုင်းအဝိုင်းအားလုံးလိုက်နာနိုင်ရေးအတွက် ပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရပေမည်။** ❖

ကျောင်းသား၊ ကျောင်းသူများ အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ ဘေးအန္တရာယ်ကင်းဝေးစေရန် ဆောင်ရွက်ရမည်။ ကျောင်းသားလူငယ်များ အာဟာရပြည့်ဝစေရန် ထမင်း(ကစီဓာတ်) အပြင် ကြက်ဥ၊ နွားနို့၊ အဆီ၊အသား၊ ပဲမျိုးစုံ၊ သစ်သီးများ၊ ဟင်းသီးဟင်းရွက်များ စုံလင်မျှတအောင်စားသုံးရန် အသိပညာပေးရမည်။ အခြားနိုင်ငံများတွင် မူလတန်းအရွယ်ကလေးများကို နေ့စဉ်နို့တစ်ခွက်တိုက်ကျွေးသည့် အစီအစဉ်ပြုလုပ်လျက်ရှိကြောင်း သိရသည်။ နို့သည် အာဟာရပြည့် အရပ်ရှည်စေ၍ ကျန်းမာကြံ့ခိုင်စေသည်။ ဒုတိယကမ္ဘာစစ်ကာလက အရပ်ပုသော ဂျပန်လူမျိုးများသည် ယခုအခါ ကမ္ဘာ့စံချိန်မီအရပ်များဖြစ်နေကြောင်း တွေ့နိုင်သည်။ ၎င်းမှာ ဂျပန်တို့သည် ကျောင်းနေအရွယ်ကလေးငယ်များကို နို့ပုံမှန်တိုက်ကျွေးခြင်းနှင့်အတူ အာဟာရပြည့်ဝအောင် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် မြန်မာအားကစားသမား လူငယ်များသည် အခြားနိုင်ငံမှ အားကစားသမားများကဲ့သို့ သန်မာထွားကျိုင်းမှု ရှိရမည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းသားအရွယ် အာဟာရဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များကို အလေးပေးဆောင်ရွက်သင့်သည်။

မြန်မာနိုင်ငံ၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းအခြေပြု ကျောင်းကျန်းမာရေးသုတေသန (Global School Health Survey)ကို ဆောင်ရွက်ခဲ့သည်။ ထိုသုတေသနကို ဆောင်ရွက်ခြင်းမှာ ၁၃ နှစ်မှ ၁၇ နှစ်အတွင်း ကျောင်းသားလူငယ်များ အစားအသောက်ဆိုင်ရာ အလေ့အထများ၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ စိတ်ကျန်းမာရေး၊ ကိုယ်လက်လှုပ်ရှားကစားခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုနှင့် ပတ်သက်သော အသိပညာများ၊ မတော်တဆ ထိခိုက်ဒဏ်ရာရမှုများ စသည့်အကြောင်းခြင်းရာများကို သိရှိရန် ရည်ရွယ်သည်။ ကျောင်းကျန်းမာရေးလုပ်ငန်း၏ ရည်ရွယ်ချက်များမှာ–

(က) ကျောင်းသားလူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေး အဆင့်အတန်း မြင့်မား တိုးတက်လာစေရန်
(ခ) ကျောင်းသားလူငယ်များကို မှန်ကန်သော ကျန်းမာရေးပညာနှင့် အပြုအမူများ သိရှိနားလည်၍ ကိုယ်တိုင်ကျင့်သုံးတတ်စေရန်၊ တစ်သက်တာလုံး ကျန်းမာပျော်ရွှင်သောဘဝပိုင်ရှင်များ ဖြစ်လာစေရန်
(ဂ) ကျောင်းသားလူငယ်များ တွေ့ကြုံခံစားနေရသော ရောဂါပြဿနာများကို စောစီးစွာ ရှာဖွေကုသပေးရန်
(ဃ) ကျန်းမာရေးနှင့်ညီညွတ်၍ သန့်ရှင်းသာယာသောကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်များ ဖြစ်ထွန်းလာစေရန်
(င) အာဟာရပြည့်ဝ၍ ကာယ၊ ဉာဏ၊ စာရိတ္တ ကျန်းမာကြံ့ခိုင်သော မျိုးဆက်သစ်လူငယ်များ ဖြစ်ထွန်းလာရေးအတွက် ပြုစုပျိုးထောင်ပေးရန်
(စ) ထိရောက်အောင်မြင်သော ကျောင်းကျန်းမာရေးလုပ်ငန်းမှတစ်ဆင့် ကလေးသူငယ်အချင်းချင်း၊ မိသားစု၊ ရပ်ရွာ၊ မြို့နယ်နှင့် တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်းမြင့်မား တိုးတက်လာစေရန် တို့ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့၏ ပူးပေါင်းမှုဖြင့် ပြီးပြည့်စုံသော ကျောင်းကျန်းမာရေးစီမံချက် မဟာဗျူဟာ စီမံကိန်းများ အဆင့်ဆင့် ရေးဆွဲဆောင်ရွက်ခဲ့သည်။ ထိုစီမံကိန်းများအရ ကျောင်းသားလူငယ်များ တွေ့ကြုံခံစားနေရသည့် အဓိကကျန်းမာရေးပြဿနာများ၊ ကျန်းမာရေးလိုအပ်ချက်များကို ဖော်ထုတ်ကာ ဦးစားပေးနယ်ပယ်များ ရွေးချယ်ခြင်း၊ ရည်မှန်းချက်များ ချမှတ်ခြင်းနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များ ရေးဆွဲအကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်က ကျောင်းကျန်းမာရေးမြှင့်တင်ရန်အတွက် ကျန်းမာရေးစီမံချက်လုပ်ငန်းများ ချမှတ်ဆောင်ရွက်ရာတွင် ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် စာသင်ကျောင်းမှပြည်သူလူထုအတွင်းသို့ မူမှန်၊ ဘဝမှန်များရောက်ရှိရေးလုပ်ငန်း၊ ကာယပညာနှင့် အားကစားလုပ်ငန်း၊ သင်တန်းနှင့် သုတေသနလုပ်ငန်း၊ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းများနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်းများကို ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၏ အင်အားကိုအသုံးပြု၍ လှုပ်ရှားဆောင်ရွက်ခြင်းများ ကျောင်းကျန်းမာရေးနှင့် အဆင့်မြင့်ကျောင်းများ ဝိုင်းဝန်းကြိုးပမ်း တည်ထောင်ဆောင်ရွက်ခြင်းဖြင့် ကျန်းမာပျော်ရွှင်သော ကျောင်းသား၊ ကျောင်းသူများမှသည် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးပန်းတိုင်သို့ လှမ်းတက်နိုင်ရန် နှိုးဆော်တိုက်တွန်းရေးသားလိုက်ရပေသည်။

**ကိုးကား**

- **ကျောင်းကျန်းမာရေး စီမံချက်များ**
- **ကျန်းမာရေးအဖွဲ့ နယ်လှည့်ကွင်းဆင်းဟောပြောချက်များ**

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၃၁၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကျောက်မြောင်း သြဂုတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၃၁၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၀၅၄ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇူလိုင်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၃၁၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ စပါး ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲဖို့ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်" ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြ၍ သိရသည်။

(၂၀၆)

# မြဝတီမြို့နယ် ကျောက်လုံးကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မြဝတီ သြဂုတ် ၁၃

ကရင်ပြည်နယ် မြဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ကျောက်လုံးကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို သြဂုတ် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသူရလွင်၊ မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကျောက်လုံးကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသူရလွင်က စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကျောက်လုံးကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၆ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၂၀ ကို ငွေကျပ် ၁၃ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၁၂ ဒသမ ၅ သန်း၊ အခြားလုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၉ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား အသင်းသူ ၆၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၁ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကိုသက်

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ရေကြည် သြဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအောင်က ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ရေကြည်မြို့နယ်ကနေ ပေါ်ဆန်းဆန်တွေနဲ့ အခြားဆန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ပေါ်ဆန်းဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ တင်ပို့ အားကောင်းခဲ့တာဖြစ်ပါတယ်။ ပေါ်ဆန်းဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်တာတွေရှိပါတယ်။ အခြားဆန်တွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ တစ်လအတွင်းနဲ့ လတ်တလောမှာပါ ပေါ်ဆန်းဆန်က အရောင်းအဝယ် ပိုဖြစ်နေပါတယ်"ဟု ရေကြည်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအောင်က ပြောပြသည်။



ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပေါ်ဆန်းဆန် အိတ်ရေ ၁၀၀ လျှင် ငွေကျပ် ၁၂၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ပွင့်ဖြူမြို့နယ် လက်ခုပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပွင့်ဖြူ သြဂုတ် ၁၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ခုပ်ကျေးရွာအုပ်စု လက်ခုပ်ကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို သြဂုတ် ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှကြူနွဲ့က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများရရှိစေရန်၊ စီမံကိန်းမှတိုးပွားလာသော အတိုးငွေများဖြင့် ကျေးရွာအတွက် လိုအပ်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၃ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လက်ခုပ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၂ ဦးကို ငွေကျပ် ၁၉ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၃ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၆ ဒသမ ၀၅ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၅ ဒသမ ၂၅ သန်း စုစုပေါင်း အသင်းသားအသင်းသူ ၁၂၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၃ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# အုတ်တွင်းမြို့နယ် ကြို့ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်၍ ကော်မတီဖွဲ့စည်း

အုတ်တွင်း သြဂုတ် ၁၃

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ညောင်ပင်ကြီးကျေးရွာအုပ်စု ကြို့ကုန်းကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို သြဂုတ် ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်းမွေ့ရာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ် အကြောင်းအရာများ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီဝင်များရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့်ခံစားခွင့်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ကော်မတီဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက ပြောပြ၍ သိရသည်။

ကိုညီ

# တန်ရာတန်ကြေး

မောင်ခြိမ့်



ဩဂုတ် ၁၂ ရက်မှအဆက်

ရေစီးအားကောင်းရင် ကောင်းသလောက် အောက်ဘက်ကို မျောပါသွားတတ်တယ်။ ပြီးတော့ မြုပ်သွားတဲ့အချိန်မှာ စက်ကမသေသေးဘူးဆိုရင် ပန်ကာလည်သလောက် ဦးတည်ရာဘက်ထိုးပြီး သွားတတ်သေးတယ်။ ဒါကြောင့် ရေအောက်ရောက်သွားတဲ့စက်လှေဟာ ဘယ်နေရာမှာရှိမလဲဆိုတာ ခန့်မှန်းရတာ တော်တော်ခေါင်းစားရတယ်။

ဒါကြောင့် ရေစီးရေလာ၊ သောင်စွယ်ကမ်းပါး အနေအထားတွေကို လေ့လာရတယ်။ တွက်ဆရတယ်။ ချင့်ချိန်ရတယ်။ အချင်းချင်းလဲ ညှိနှိုင်းတိုင်ပင်ရသေးတယ်။ ပြီးတော့မှ လှေနှစ်စင်းလောက်နဲ့ ကျပ်လုံး၊ ငါးမူးလုံးနိုင်လွန်ကြိုးကြီးတွေထိပ်မှာ သံချိတ်ကောက်တွေတပ် ငန်းတိုက်ဆွဲပြီး ရှာကြရတယ်။ မြစ်ကြမ်းပြင်ကို တရွတ်တိုက်ဆွဲလာတဲ့ သံချိတ်ကြီးတွေငြိစရာနဲ့ တွေ့ရင်ငြိတယ်။ ချိတ်စရာနဲ့တွေ့ရင် ချိတ်ကရောဆိုပါတော့။

ချိတ်မိပြီ၊ ငြိပြီဆိုတိုင်း ကိုယ်ရှာနေတဲ့စက်လှေနဲ့ ငြိတာလား၊ ချိတ်နေတာလားဆိုတာ သေချာအောင် ဆင်းငုပ်ပေတော့။ ဆင်းစမ်းပေတော့။ အဲဒီလိုနဲ့ မချိတ်မချင်း မြစ်ကြောင်းကိုစုန်လိုက်၊ ဆန်လိုက် တစ်ခါတစ်ခါ ကန့်လန့်တိုက်ဆွဲလိုက်။ ဟာတော်ရုံဖွဲနဲ့၊ တော်ရုံကြံ့ခိုင်ရုံနဲ့ဘယ်လာဖြစ်မှာတုံး။ ပင်ပန်းလိုက်တာမှ ကျွမ်းသန္တာလန်ရော။

ဒေဝေါတို့အဖွဲ့ဟာ စက်လှေမြုပ်တဲ့နေရာနဲ့ အနီးတစ်ဝိုက် သမန်းချောင်းမြစ်တစ်ကြောမှာ ထက်၊ အောက်စုန်ဆန်မြေလှန်ပြီး ရှာလာလိုက်တာ သုံးရက်မြောက်တဲ့အထိပါပဲ။ မတွေ့သေးဘူး။ ချိတ်က တစ်ခုခုနဲ့ငြိတိုင်းငြိတိုင်း ဒေဝေါချည်းဒိုင်ခံဆင်းငုပ်ခဲ့တာ ဒေဝေါလဲ မြော့မြော့ပဲကျန်တော့တယ်။ လှေပေါ်ကနေ အားနဲ့လှော်၊ ကြိုးကိုင် လုပ်ရသူတွေလဲ ဘယ်လာသက်သာမှာလဲ။

ကိုချစ်မွှေးကတော့ လှေတစ်စင်းနဲ့လိုက်သာကြည့်တာ ဒေဝေါတို့ရေငုပ်အဖွဲ့ စားဖို့သောက်ဖို့ တစ်ပြားတစ်ချပ်မှ ထုတ်ပေးသေးတာမဟုတ်ဘူး။ ရှာလို့မတွေ့ရင် ပေးမဲ့ပုံမပေါ်ဘူး။ ဒေဝေါကိုလဲ တွေ့ရင် မင်းအတွက် ဘာညာဆိုတဲ့စကားကိုလဲမေ့ထားတဲ့အတိုင်း မတွေ့ရကောင်းလားဆိုပြီး ဟိန်းတာ၊ ဟောက်တာ၊ ဆူတာ၊ ဆဲတာသာ အပိုဆုရလိုက်သေးတယ်။

"ပေ့ာကောင်ဒေဝေါ မင်းလူကြီးကို မင်းကြည့်ပြောအုံးကွနော်။ ငါတို့လုပ်နေရတာ သုံးရက်ရှိသွားပြီ။ တစ်ကျပ်တစ်ပြားတောင် မပေးသေးဘူး။ ငါတို့အလုပ်ဖျက်ပြီးလာလုပ်ရတာ တို့အိမ်မှာ စားစရာမရှိတော့ဘူးကွ။ ငါတို့ကို သူခိုင်းတာမှန်သမျှ အလကားလုပ်ပေးရမဲ့သူတွေများ မှတ်နေသလားမသိဘူး၊ တောက်"

လူဖြောင့်စိတ်တို ကိုတင်သောင်းကြီးက ပြောတော့ အခြားရေငုပ်သမား၊ ကွန်သမားတွေကလဲ ထောက်ခံတယ်။

"အေး တစ်ပြားမှ မပေးရင်လဲရတယ်။ ဒါပေမဲ့ ချစ်မွှေးခေါင်းကို လေး၊ ငါးချက်ချုပ်ရလောက်အောင် ရိုက်ခွဲခဲ့မယ်"လို့လဲ ကြိမ်းဝါးကြသေးတယ်။

ဒေဝေါကတော့ အဆင်ပြေအောင် သူ့တာဝန်ထားပါလို့ ကွန်သမားတွေကို နှစ်သိမ့်ထားသလို "မတွေ့သေးဘူးလား၊ မတွေ့သေးဘူးလား"ဆိုပြီး မေးလိုက်၊ ဟောက်လိုက်၊ ဆဲလိုက်လုပ်နေတဲ့ ကိုချစ်မွှေးကိုလဲ သည်းခံပြီး ဆက်ဆံနေရသေးတယ်။

ဒေဝေါခေါင်းထဲမှာ ပေသီးခေါက်တဲ့ခုံကလေးသာ ရှိနေမယ်ဆိုရင် တွတ်ရချက်ရလွန်းလို့ တချောက်ချောက်အသံတွေ ဆူညံနေအောင်ထွက်လာမှာအမှန်ပဲ။

(၇)

ဒီနေ့ဟာ ဒေဝေါတို့ စက်လှေရှာနေတာ လေးရက်မြောက်တဲ့နေ့...

မြစ်ပြင်ကြီးကတော့ ဘာမှမသိသလိုမျိုး တဝေါဝေါစီးဆင်းမြဲစီးဆင်းနေတယ်။ မွန်းလွဲခဲ့ပြီဖြစ်ပေမဲ့ နေအပူရှိန်က ပြင်းထန်တုန်း။ နေရှိန်ကြောင့် တဖျပ်ဖျပ်ရောင်ပြန်တွေဟပ်နေတဲ့ ရေပြင်ကြီးကို မျက်စိမှေးပြီးကြည့်နေရတယ်။

ရေစိုလိုက်၊ နေလှန်းလိုက်နဲ့ ကွန်သမားတွေရဲ့ ကိုယ်က အရေပြားတွေဟာ မြွေတွေအရေခွံလဲသလိုမျိုး အဖတ်အဖတ်ကွာနေကြတယ်။ ကိုချစ်မွှေးကြီးကတော့ ဒီကနေ့ ဒေဝေါတို့အဖွဲ့ဆီရောက်မလာဘူး။ တစ်ခေါ်သာသာဝေးတဲ့ မြစ်ကမ်းစပ်က ငါးဒိုင်မှာ ကျန်နေခဲ့တယ်။ နေပူကို ကြောက်လို့လား၊ ရေအဆုံး ကုန်းတစ်ဝက် စကားအတိုင်း ဆုံးပြီလို့ စိတ်လျှော့လိုက်တာလားမဆိုနိုင်ဘူး။

ဒေဝေါက သူတို့ရှာပြီးသားမြစ်ပြင်တစ်နေရာကို ပြန်ရှာဖို့အချက်ပေးလိုက်တယ်။ ကွန်သမားတွေက သဘောမကျဘူး။ ဖွတ်ဖွတ်ကြေအောင်ရှာပြီးခဲ့တဲ့နေရာ။ အဲဒီနေရာမှာ ချိတ်မိလို့ရေအောက်ကို ဒေဝေါဆင်းငုပ်တိုင်း "သစ်ကျကြီးပါဗျ"ဆိုပြီး ပြန်ပြန်တက်လာခဲ့တဲ့နေရာမဟုတ်လား။

ဒါပေမဲ့ ဒေဝေါက အသက်ပင်ငယ်ပေမဲ့ သူတို့အဖွဲ့ခေါင်းဆောင်မဟုတ်လား၊ ဒီတော့ စိတ်မပါလက်မပါနဲ့ သံချိတ်တွေ ရေအောက်ချကြတယ်။ နေပူရှိန်အောက်မှာ ခြေကန်ပြီးလှော်ကြတယ်။ မြစ်ပြင်မှာ တရွတ်တိုက်ပြီးပါလာတဲ့ သံချိတ်က ရေအောက်မှာချိတ်စရာတွေ့တော့ချိတ်ပြီး လှေကိုအရှိန်သတ်တယ်။ ကြိုးကို တင်းတင်းဆွဲပြီး တောင့်ထားပေးတယ်။ ကဲကိုယ့်ဆရာ အပင်ပန်းခံပြီး ဆင်းငုပ်ချင်ငုပ်တော့လေဆိုတဲ့ မျက်နှာပေးနဲ့ ဒေဝေါကိုကြည့်ပြီး လှေပေါ်မှာထိုင်ကာ ဆေးလိပ်ဖွာနေကြတယ်။

ဒေဝေါက ရေထဲဆင်းဖို့ပြင်တယ်။ ရေပေါ်ကလှေရယ်၊ ရေအောက်က အရာဝတ္ထုတစ်စုံတစ်ခုရယ်ကို ဆက်သွယ်ထားတာကတော့ ငါးမူးလုံး နိုင်လွန်ကြိုးပဲ။ တဝေါဝေါထိုးဆင်းနေတဲ့ မြစ်ရေစီးကြောင့် ကြိုးဟာတုန်ခါနေတယ်။ မြစ်ပြင်ထဲမှာတော့ ဗေဒါပင်တွေ၊ ဒိုက်တွေ၊ အမှိုက်သရိုက်တွေ၊ အုန်းလက်ကြွေတွေ တသောသောမျောပါနေကြတယ်။

သူငုပ်ဆင်းမဲ့နေရာရဲ့အောက်ဘက်ကို စုန်သွားရင် မြစ်သုံးခွဆိုင်ကြီးဆီ ရောက်တယ်။ ရေကျချိန်မှာ ရေစီးနဲ့မျောပါလာသမျှဒိုက်တွေ၊ အမှိုက်တွေမှန်သမျှ သုံးခွဝဲကြီးရဲ့အောက်ဘက်ကို ဆက်မျောမသွားနိုင်ဘူး။ အဲဒီဝဲကြီးထဲမှာ တမေ့တမောမူးနောက်နေအောင် ချာလည်လှည့်နေကြရသေးတယ်။ အနည်းဆုံး သုံး၊ လေးနာရီလောက်တော့ကြာမယ်။

ရေပြည့်ခါနီး၊ ရေပြန်တက်ခါနီးတော့မှ မွှတ်မွှတ်လည်နေတဲ့ ဂျင်ကလေး အရှိန်ပျော့ပျော့လာသလိုမျိုး ဝဲကတော့ကြီး တဖြည်းဖြည်းနှေးနှေးလာတယ်။ အဲဒီတော့မှ ဝဲထဲမှာ ချာလည်လှည့်နေတဲ့ အမှိုက်တွေ၊ ဒိုက်တွေ၊ ဗေဒါတွေဟာ အောက်ဘက်ကို ဆက်ပြီးခရီးနှင်ကြရတယ်။ ကြိုက်ရာသွားခွင့်ရတော့တယ်။ ဝဲကတော့ကြီးက ဆွဲယူစုပ်မျိုထားသမျှ အကုန်ပြန်အန်ထုတ်လိုက်သလိုမျိုးပေ့ါ။

တစ်တောင်လောက်ရှည်ပြီး လက်မောင်းလောက်တုတ်တဲ့ညန်ဖော့ကြီး ခါးထိုးလို့ရေအောက်ကိုငုပ်ဆင်းသွားတဲ့ ဒေဝေါကို လှေပေါ်က ကွန်သမားတစ်စုက နားမလည်စွာ ငေးကြည့်ရင်း ကျန်ခဲ့ကြတယ်။

စောင်းကြိုးလိုတင်းပြီး တဆတ်ဆတ်တုန်ခါနေတဲ့ကြိုးရဲ့အဆုံးမှာ တွယ်ချိတ်နေတာဟာဘာလဲ။ ဘယ်သူကမှ အတတ်မပြောနိုင်ဘူး။ ဝါစိမ်းနီတံဆိပ် ဆေးပေ့ါလိပ်ကြီးကို ထောင်းထောင်းထအောင်ဖွာနေတဲ့ ကိုတင်သောင်းကြီးကတော့ ဒေဝေါငုပ်ဆင်းသွားရာ ရေပြင်တစ်ဝိုက်ကိုသာ လှမ်းကြည့်နေတယ်။ နွေနှောင်းရာသီပေမို့ မြစ်ပြင်မှာ လှိုင်းကြမ်းကြီးတွေတော့မရှိဘူး။ ဒါပေမဲ့ မြစ်ကြောင်းတစ်လျှောက် စုန်ဆင်းလာတဲ့ လေသရမ်းတွေကြောင့် တစ်ချီတစ်ချီမှာ လှိုင်းတွေ ဘောင်ဘင်ခတ်တတ်သေးတယ်။ ခပ်လှမ်းလှမ်းမှာ မြင်နေရတဲ့ ညိုဝါဝါသောင်စွယ်ရေစပ်မှာ ဘဲလိုလိုခပ်ညိုညို အကောင်တွေပျံလို့ဝဲလို့နေကြတယ်။ အဲဒီငှက်တွေဟာ ဟင်္သာတွေပဲ။ ပန်းချီကားထဲက ဟင်္သာရုပ်နဲ့ကတော့ တခြားစီပဲ။

ကမ်းစပ်ရေပြင်မှာတော့ မည်းမည်းတုတ်တုတ် တင်ကျီးငှက်တစ်အုပ် အစာရှာနေကြတယ်။ အချို့ငှက်တွေ ရေစပ်မှာခြေချောင်းကလေးတစ်ချောင်းထောက်ပြီး ပေါ်လာတဲ့ငါးကလေးတွေကို အသာကောက်ယူစားနေပေမဲ့ တင်ကျီးငှက်တွေကတော့ ရေထဲမှာ ဖင်ထောင်ပြီး တဖွားဖွားငုပ်လိုက်ပေါ်လိုက်နဲ့ ပင်ပင်ပန်းပန်းရှာစားနေကြရတယ်။

ဆယ်မိနစ်လောက်တော့ကြာမယ်။ ရေအောက်ကနေ ဒေဝေါဘွားခနဲပြန်ပေါ်လာတယ်။ ဝမ်းသာစရာစကားတစ်ခွန်းလဲပါလာတယ်။ သူတို့ရှာနေတဲ့ ပွဲထောင်စက်လှေတွေ့ပြီတဲ့။ ဒါပဲပြောပြီး လှေဝမ်းထဲမှာ ပက်လက်လှန်အမောဖြေနေတယ်။ နေတောင်စောင်းစပြုနေပြီ။ မြစ်ပြင်ကို အလျားလိုက်တိုက်နေတဲ့လေဟာ လေကြောင်းပြောင်းပြီး မြစ်ပြင်ကို ကန့်လန့်ဖြတ်တိုက်နေပြန်ပြီ။ ကမ်းစပ်က လမုပင်ကလေးတွေ၊ မိုးမခပင်ကလေးတွေ တန္ခဲ့နွဲ့ယိမ်းနေတာ ကြည့်လို့ကောင်းတယ်။ အလို ဒေဝေါပြုံးနေပါလား။

(၈)

ကိုချစ်မွှေးရဲ့ ငါးဒိုင်ကနေ ဒေဝေါတို့ပြန်လာချိန်မှာတော့ မှောင်ရီသန်းနေပြီ။ မြစ်ပြင်တစ်ဝိုက်ဆီမှာ ရေခိုးမြူငွေ့တွေ မှိုင်းမှိုင်းရီရီနဲ့ လွမ်းစရာကောင်းလောက်အောင် လှပနေပါတယ်။

ရေအောက်မှာ တစောင်းလဲနေတဲ့စက်လှေကို ဦးကြိုး၊ ပဲ့ကြိုး၊ ခါးလယ်ကြိုးတွေ မြဲမြဲချည်ပေးခဲ့တယ်။ အလျား ပေသုံးဆယ်၊ ဝမ်းဝငါးပေသာရှိတဲ့ ပွဲထောင်စက်လှေကလေးဆိုတော့ ရေပြန်အတက်မှာ လူအင်အားနိုင်နိုင်နဲ့ ဆွဲဖော်ရင်မခက်တော့ပါဘူး။ ဒါတွေကို ကိုချစ်မွှေးကြီး ဆက်လုပ်ပါလိမ့်မယ်။ ဒေဝေါတို့တာဝန်က ရေအောက်မှာကြိုးချည်ပေးဖို့ပါပဲ။

လှေလယ်မှာထိုင်လိုက်လာရင်း သူနောက်ဆုံးအခေါက်ငုပ်ခဲ့တုန်းက အဖြစ်တွေကို ပြန်စဉ်းစားနေတယ်။ ဒီစက်လှေကို ပထမနေ့ကတည်းက ဒေဝေါတွေ့ခဲ့တာပါ။ ဒါပေမဲ့ သူ့အဖော်တွေကို မပြောခဲ့ဘူး။ ပြီးတော့ ကိုချစ်မွှေးကိုလဲ မပြောဘူး။ ဘာလုပ်ရင်ကောင်းမလဲဆိုပြီး ကျန်တဲ့ရက်တွေမှာ သူစဉ်းစားနေခဲ့တာပါ။

ကိုချစ်မွှေးရဲ့စိတ်ဓာတ်ကို သူမကြိုက်ဘူး။ ဒါပေမဲ့ သူ့အကြွေးတွေရှိနေသေးတော့ မလှန်ရဲသေးဘူးပေ့ါ။ စက်လှေကိုဖော်ဖို့ သူ့ကိုခေါ်ပြောတုန်းက မြုပ်သွားတဲ့စက်လှေမှာ ငွေတွေထည့်ထားတဲ့လက်ဆွဲအိတ်ကြီးပါသွားသတဲ့။ စက်လှေအမိုးကိုင်းမှာ သေသေချာချာချည်ထားခဲ့တာတဲ့။ ရုတ်တရက် စက်လှေနစ်တော့ အသက်လု ရေကူးပြေးရင်းကျန်ရစ်ခဲ့သတဲ့။ အဲဒီငွေအိတ်သာပြန်ရရင် ဆုငွေကောင်းကောင်းပေးမယ်တဲ့။ ဘယ်သူ့ကိုမှမပြောဖို့လဲ သေသေချာချာမှာသေးတယ်။

စာမျက်နှာ ၂၉ သို့ á

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၅၇၉၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၅၇၉၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၆၃၀၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၇၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၆၀၀၀ ကျော် လျာထား စိုက်ပျိုးခဲ့ရာမှာ ၅၇၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေကို အများဆုံး စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAPနည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးပါတယ်" ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ရာ ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# လက်ပံတန်းမြို့နယ် ရှမ်းကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**လက်ပံတန်း ဩဂုတ် ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ လက်ပံတန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုးနှင့် ဝန်ထမ်းများက ရှမ်းကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် စာရင်းဇယားများ ဖြည့်သွင်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ရှမ်းကွင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၆၀ ကို ငွေကျပ် ၄၄ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သုတ**

**á စာမျက်နှာ ၂၈ မှအဆက်**

တစ်ရက်ကနေ နှစ်ရက်၊ နှစ်ရက်ကနေ သုံးရက်ထိ စက်လှေကို ရှာမတွေ့ဘူးလဲဆိုရော ကိုချစ်မွှေးဒေါသတွေ ပေါက်ကွဲတော့တာပဲ။ တကယ်တမ်းပြောရရင် စက်လှေကိုရှာလို့တွေ့သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ သူခိုင်းထားတဲ့ရေငုပ်သမားတွေကို အလုပ်သမားခတော့ ပေးသင့်တာပေါ့။ ကွန်သမားတွေဟာ အလုပ်ပျက်အကိုင်ပျက်နဲ့ သူ့စက်လှေကို လာရှာပေးရတာလေ။ သူတို့လုပ်ရတဲ့အလုပ်ကလဲ သာမန်လူတွေမလုပ်ရဲတဲ့အလုပ်၊ မလုပ်ဝံ့တဲ့အလုပ်၊ မလုပ်နိုင်တဲ့ အလုပ်ပဲမဟုတ်လား။

တကယ့်ကို သက်စွန့်ဆံဖျား ရေအောက်ငုပ်ရတဲ့အလုပ်။ ခေတ်မီစက်ကိရိယာတွေ၊ အထောက်အကူပစ္စည်းတွေ တစ်ခုမှပါတာမဟုတ်ဘူး။ သူတို့ရဲ့အတွေ့အကြုံတွေ၊ ခံနိုင်ရည်တွေ၊ ကျွမ်းကျင်မှုတွေ၊ သတ္တိတွေ၊ စွန့်စားမှုတွေနဲ့ပေါင်းစပ်ပြီး လုပ်ရတဲ့အလုပ်ဖြစ်တယ်။ တန်ရာတန်ကြေးမပေးဘဲခိုင်းတာဟာ အင်မတန်လူမဆန်တဲ့ အလုပ်မဟုတ်လား။

အဲဒီတော့ ဒေဝေါရဲ့ဗီဇအတိုင်း မနိုင်ရင်နိုင်တဲ့နည်းနဲ့ လုပ်ချင်တဲ့စိတ်တွေ ဘွားခနဲပေါ်လာတယ်။ ဒါပေမဲ့ ဖြစ်နိုင်မဖြစ်နိုင် သေသေချာချာစဉ်းစားတယ်။ ဘယ်လို လုပ်ရမလဲဆိုတာ အကွက်ချစီစဉ်တယ်။ သိသွားရင်မလွယ်ဘူးလေ ပိပိရိရိကြံစည်မှဖြစ်မှာ။

ဒါကြောင့်လဲ နောက်ဆုံးတစ်ကြိမ် ရေထဲအဆင်းမှာ ညန်ဖော့ကြီးယူသွားတယ်။ တုံးလုံးလဲနေတဲ့ စက်လှေထဲကို စွန့်စားပြီးဝင်တယ်။ စက်လှေအမိုးကိုင်းမှာ ချည်ထားတဲ့ငွေအိတ်ကို တွေ့အောင်ရှာတယ်။ ဇစ်ကိုဖွင့်ကြည့်တော့ ပလတ်စတစ်တွေနဲ့ အထပ်ထပ်ထုပ်ထားတဲ့ ငွေတွေကိုတွေ့တယ်။ လက်ဆွဲအိတ်ကြီးထဲ ရေတွေဝင်ပြီး လေးနေတော့ ရေပေါ်မပေါ်နိုင်သေးဘူး။ မြုပ်ပြီးမျောသွားမှာပဲ။ ဒါကြောင့် ကြိုးတစ်ချောင်းနဲ့ချည်ပြီး ညန်ဖော့မှာ တွဲထားလိုက်တယ်။

ရေမျက်နှာပြင်ဆီ အသာလွှတ်တင်ပေးလိုက်တဲ့အခါ တဖြည်းဖြည်းနဲ့ ရေမျက်နှာပြင်ပေါ် တက်သွားတယ်၊ ရေမျက်နှာပြင်အထိ ညန်ဖော့ကဆွဲတင်သွားလိမ့်မယ်။ ညန်ဖော့ရေပေါ်ရောက်ချိန်မှာတော့ ငွေအိတ်က ရေအောက်မှာ နစ်မြုပ်ပုန်းခိုရင်းတွဲလွဲပါသွားလိမ့်မယ်။

ဟိုး…အဝေးကြီးကိုတော့ မျောပါသွားမှာမဟုတ်ဘူး။ မြစ်သုံးခွဆိုင်ဝဲကြီးထဲမှာ အကြာကြီးချာလည်လှည့်နေလိမ့်မယ်။ အခုအချိန်လောက်ဆို သူသေသေချာချာမှာထားတဲ့ ညီလေးမုန်တိုင်းတစ်ယောက်ဝဲထဲမှာ လှေကလေးတစ်စင်းနဲ့အသင့်စောင့်ရင်း ရှာလို့တွေ့နေလောက်ပြီ။ မိုးကြီးချုပ်လို့ လူလုံးပျောက်ချိန်မှာတော့ မုန်တိုင်းတစ်ယောက် ငွေထုပ်ကြီးပိုက်ပြီး ကျိန်းသေပြန်လာလိမ့်မယ်။

အခုထိ စပ်ဖျဉ်းဖျဉ်းနာကျင်မှုနဲ့ ရောင်ကိုင်းနေတဲ့ ဘယ်ဘက်ပါးပြင်ကိုအသာစမ်းရင်း ဒေဝေါတစ်ယောက် ကျေကျေနပ်နပ်ကြီးပြုံးလိုက်တယ်။

လက်သီးတစ်ချက်နဲ့လဲထားရတဲ့ငွေတွေ၊ တန်ပါတယ်ကွာလို့လဲ တွေးမိတယ်။ အဲဒီငွေတွေဟာ သူတစ်ယောက်ထဲအတွက်တော့ မဟုတ်ဘူး။ လှေပေါ်မှာ ပါလာတဲ့ဘဝတူ ကွန်သမား၊ ရေငုပ်သမားတွေအားလုံးအတွက် ရသင့်ရထိုက်တဲ့တန်ရာတန်ကြေးပဲ။

ရွာကလေးဆီရောက်တော့မယ်။ ဇနပုဒ်ကလေးဆိုတော့ မီးကလေးတွေက မှိတ်တုတ်မှိတ်တုတ်နဲ့ပေါ့။

## ပြည်သူ့စစ်မှုထမ်း ရှင်လန်းကြပါစေ

\- ချစ်စရာ့အရွယ် များလူငယ်တို့
သိကြွယ်စိတ်ထား နှလုံးသားဖြင့်
အားကျဖွယ်ရာ ပြည့်ဝန်တာကို
ဘယ်မှာဘယ်လို ခက်ခဲပိုလည်း
ကိုယ်ပိုင်ဆုံးဖြတ် ရဲရင့်မတ်၍
တပ်မတော်သို့ ဝင်ခဲ့ပြီ။

\- ပြည်သူ့စစ်မှုထမ်း ခရီးကြမ်းစေ
ပင်ပန်းမမှု ဆန္ဒပြု၍
ပြည်သူ့တွက်တာ ထမ်းရွက်ပါသည်
စဉ်လာရှေ့ရေး မြော်ရည်တွေးလျက်
မွေးရာတာဝန် များကျေပွန်မှ
မွန်မြတ်သည့်သား ဇာနည်ဘွားဟု
ခံညားပေမည် မှန်ပေသည်တည့်။

\- မြန်မာ့အားမာန် တို့အောင်လံသည်
ဝဲပျံလွင့်လွင့် ပြည်ဂုဏ်တင့်အောင်
ရဲရင့်စွန့်စား လူငယ်များ၏
အားကျဖွယ်ကောင်း လမ်းမှန်ကြောင်းတွင်
သောင်းသောင်းဖြဖြ စနစ်ကျဖြင့်
ဝင်ကြသည်မှာ ပီတိဖြာသည်
အာဂစွမ်းအား လူငယ်များ။

\- "တို့တိုင်းတို့ပြည် ကာကွယ်မည်"ဟု
ရည်ရွယ်စိတ်ထား ရင်မှာပွားလျက်
အများထက်ကဲ စိတ်ဓာတ်ဖွဲ့ဖြင့်
ရဲရေးရောက်သော် တပ်မတော်သို့
တွေးခေါ်မှန်စွာ ဝင်ခဲ့ပါသည်
ကျရာဝန်တာ ကျေပွန်စွာဖြင့်
မြန်မာလူမျိုး ဂုဏ်မညှိုးဖို့
အမျိုးသားအရေး ကာကွယ်ပေးသည်
လေးစားယခု ချီးမွမ်းပြုသည်
ပြည်သူ့စစ်မှုထမ်း ပြည့်ဂုဏ်လျှမ်းစေ
အေးချမ်းပါစေ မြန်မာပြေ(ပြည်)
ကမ္ဘာနှင့်အမျှ တည်ပါစေ။ ॥

**မန္တလာကိုကိုဝင်း**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

## ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲမေးခွန်းနမူနာပုံစံများအား လေ့လာနိုင်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် မေးခွန်းနမူနာပုံစံများအား **Myawady Webportal** (www.myawady.net.mm/cadets) နှင့် **Myanmar National Portal** (https://bit.ly/4hQEmg3) တို့တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး) ဗိုလ်လောင်းလျှောက်လွှာများအား ၂၉-၆-၂၀၂၆ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၂၇-၈-၂၀၂၆ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာ ထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**




## ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၃၀၆၁၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဘုတလင် ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၃၀၆၁၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဘုတလင်မြို့နယ်တွင် ပဲစင်းငုံ ဧက ၃၄၅၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၀၆၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ ပဲစင်းငုံ ဧက ၃၄၅၀၀ လျာထားစိုက်ပျိုးခဲ့ရာ ၃၀၆၁၂ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲစိုက်ပျိုးကြပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဘုတလင်မြို့နယ်အတွင်းရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်တောင်သူများကို ရွက်ဖျန်းမြေဩဇာ ဝယ်ယူမှု သက်သာစေရန်အတွက် ယူရီးယားနှင့် လက်ချားပေါင်းစပ်သုံးစွဲသည့် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယူရီးယားနှင့် လက်ချား ဓာတ်မြေဩဇာ သုံးစွဲခြင်းများကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များပိုးမွှားကင်းစင်ကာ အပင်ဖြစ်ထွန်းမှုကောင်းမွန်ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ် သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

## ပြင်ဦးလွင်မြို့နယ် အနီးစခန်း အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပြင်ဦးလွင် ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ် အနီးစခန်း အခြေခံပညာအထက် တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးတင်စိုးက အမှာစကားပြောကြားပြီး ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လွန်းနန်းထွေးက ဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ခရိုင်မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းက မီးဘေးအန္တရာယ်နှင့် ပတ်သက်၍လည်းကောင်း၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယကြီးကြပ်ရေးမှူး ဦးအောင်မင်းနိုင်က စားသုံးသူ ကာကွယ်ရေးဥပဒေနှင့် ပတ်သက်၍လည်းကောင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ချစ်ချစ်စိုးက ပလတ်စတစ် ညစ်ညမ်းမှုနှင့်ပတ်သက်၍လည်းကောင်း အသီးသီးဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက မေးမြန်းချက်များကို ပြန်လည်ဖြေကြားပြီး စိတ်ပါဝင်စားစွာ မေးမြန်းခဲ့သော ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ရှိသူများ ခင်းကျင်းထားသည့် နံရံကပ်စာစောင်များ၊ သုတ၊ ရသ စာအုပ်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုခဲ့ကြပြီး အဆိုပါ ဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၇၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သွေးသွေး**

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

We
Protect
The Family



နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇

## အမည်ပြောင်း

ကျောက်ဆည်မြို့နယ်၊ လမ်းပြကြယ်ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-9 တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးလှိုင်မျိုးအောင်၏သား မောင်မင်းထက်မြတ်အား **မောင်ထက်မြတ်အောင်** ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ထက်မြတ်အောင်**

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက-မင်စုကျောင်း၊ Grade-11 မှ မောင်သန်းမင်းဖြိုးနှင့် အလက(ခွဲ) လေးဆယ်ကုန်းကျောင်း၊ Grade-5 မှ မောင်ဖြိုးကိုကိုသူတို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးသောင်းဝင်းဌေး** ဖြစ်ပါကြောင်း။

ဦးသောင်းဝင်းဌေး(၉/ကဆန(နိုင်)၁၃၉၆၀၇)

## အမည်ပြောင်း

ကျောက်ဆည်မြို့နယ်၊ အမက-ပုန်းညက်ကျေးကျောင်း၊ Grade-3 တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးဝင်းမြိုင်၏သား မောင်ထက်နိုင်ဖြိုးအား **မောင်ရဲရင့်လင်း**ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ရဲရင့်လင်း**

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက-၄ ကျောင်း၊ Grade-8 တန်းတွင် ပညာသင်ကြားနေသော မစုချောပို၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးခိုင်** ဖြစ်ပါကြောင်း။

ဦးခိုင်(၉/ကဆန(နိုင်)၁၂၄၉၅၃)

## အဖိုးတန်ရေချိုကို ချွေတာပါ

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့၊ အမှတ်(၂)ရပ်ကွက်၊ မြသိန်းတန်ရပ်ကွက်နေ မောင်သော်ထက်နိုင် (ဘ) ဦးညွန့်ဝင်း(၉/ဝတန(နိုင်)၂၆၃၉၀၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-674349356**

## အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ သဲမောင်းကန်ကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ Grade-8 တွင် ပညာသင်ကြားနေသော (ဘ) ဦးသန်းဇော်နိုင်၏သား မောင်အောင်ဇော်ဖြိုး၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မောင်အောင်ဇင်ဖြိုး** ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂၀-၅-၂၀၁၂ ဖြစ်ပါကြောင်း။

**မောင်အောင်ဇင်ဖြိုး၊ ၂၀-၅-၂၀၁၂**

## အမည်မှန်ဖြစ်ပါကြောင်း

တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ သဲမောင်းကန်ကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ Grade-5 တွင် ပညာသင်ကြားနေသော (ဘ) ဦးကျော်သူအောင်၏သမီး မသရဖီကျော်သူ၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မသဒ္ဒါခွန်းချို** ဖြစ်ပါကြောင်း။

**မသဒ္ဒါခွန်းချို**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၄)၊ ညောင်နီကျေးရွာ၊ ရွာမြေကွက်၊ မြေဧရိယာအကျယ်အဝန်း အရှေ့လားသော် (၂၀၀)ပေ၊ အနောက်လားသော် (၂၀၀)ပေ၊ တောင်လားသော် (၁၀၀)ပေ၊ မြောက်လားသော် (၁၀၀)ပေ အကျယ်အဝန်းမှခွဲထွက်၍ အရှေ့လားသော် (၆၀)ပေ၊ အနောက်လားသော် (၆၀)ပေ၊ တောင်လားသော် (၁၀၀)ပေ၊ မြောက်လားသော် (၁၀၀)ပေ အကျယ်ရှိ မြေအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ဖြူဖြူသင်း (ဘ) ဦးသေး(၉/မမန(နိုင်)၀၂၉၅၇၀)၊ ညောင်နီကျေးရွာ၊ ရပ်ကွက်ကြီး(၁၄)၊ ပြင်ဦးလွင်မြို့နေသူထံမှ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)နေ ဒေါ်ကြည်ကြည်ဝင်း (ဘ) ဦးတင်ဝင်း(၉/မမန(နိုင်)၀၂၆၉၀၉)နှင့် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)နေ ဒေါ်ဝင်းပပထွန်း (ဘ) ဦးလှထွန်း(၅/ဝသန(နိုင်)၀၅၈၁၉၂) ကိုင်ဆောင်သူများမှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေဝယ်ယူထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြေညာချက်ပါသည့်ရက်မှစ၍ ရက်ပေါင်း (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချမ်းမြေ့သီတာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၀၄၄/၂၀၂၃)**
**အမှတ်(၇၉/က)၊ မေတ္တာလမ်း၊ ရပ်ကွက်ကြီး(၆)၊ ပြင်ဦးလွင်မြို့**
**ဖုန်း ၀၉-၉၆၈၃၃၇၅၅၅**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဗ္ဗာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။ ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။ ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို အောင်သပြေခက်နှင့် စံပယ်ပန်းကုံးတို့ဖြင့် ဂုဏ်ပြုကြိုဆိုစဉ်။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၁၃

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များ ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၊ မှော်ဘီမြို့နယ်၊ လှည်းကူးမြို့နယ်တို့ရှိ နယ်မြေခံတပ်ရင်းများ၌ အသီးသီး ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုပညာရှင်များ၊

စာမျက်နှာ ၂၄ ကော်လံ ၁ ☆

## ဆေးဝါးအမည်သစ် ခြောက်မျိုးကို သုတေသနပြု စမ်းသပ်အောင်မြင်ခဲ့သည့်အတွက် ဂုဏ်ပြုပွဲကျင်းပ

စာမျက်နှာ - ၁၇

## ၆၆/၃၃/၁၁ ကေဗွီ (၃၀+၃၀+၂၀) အမ်ဗွီအေ မော်လမြိုင်(ငန်းတေး)ဓာတ်အားခွဲရုံ ဓာတ်အားပိတ်၍ လုပ်ငန်းများဆောင်ရွက်မည်

နေပြည်တော် ဩဂုတ် ၁၃

မွန်ပြည်နယ် မော်လမြိုင်မြို့ ၆၆/၃၃/၁၁ ကေဗွီ (၃၀+၃၀+၂၀) အမ်ဗွီအေ မော်လမြိုင်(ငန်းတေး)ဓာတ်အားခွဲရုံကို လိုအပ်သည့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီထိ ဓာတ်အားပိတ်၍ လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်နေစဉ် အဆိုပါဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော မော်လမြိုင်မြို့ပေါ် ၁၈ ရပ်ကွက်နှင့် ကျေးရွာ ကိုးရွာ၊ ကျိုက်မရောမြို့ပေါ် လေးရပ်ကွက်နှင့် ကျေးရွာ ၄၁ ရွာ၊ မုဒုံမြို့ပေါ် လေးရပ်ကွက်နှင့် ကျေးရွာ ၃၅ ရွာတို့တွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်သဖြင့် ဓာတ်အားပြတ်ဧရိယာများရှိ စက်ရုံ၊ အလုပ်ရုံများနှင့် ဓာတ်အားသုံးစွဲသူ ပြည်သူများကို ကြိုတင်အကြောင်းကြားထားပြီးဖြစ်သည်။

ထို့အတူ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ ဓာတ်အားပေးစက်ရုံများ၏ ဓာတ်အားထုတ်လုပ်မှုများကို နိုင်ငံတော်ဓာတ်အားစနစ်ကွန်ရက်သို့ ပိုမိုသယ်ဆောင်နိုင်ရန်၊ ဓာတ်အားစနစ်တည်ငြိမ်စေရန်နှင့် ဗို့အားတိုးတက်ကောင်းမွန်စေရန်အတွက်

စာမျက်နှာ ၂၄ ကော်လံ ၁ ❍

## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ အမျိုးသားဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၁၃

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ အမျိုးသားဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၄ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဖူဆယ်အားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။

ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အဆိုပါဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယင်းနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်မှ စတင်၍ MRTV HD Channel၊ MRTV Sports Channel၊ MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။ (သတင်းစဉ်)

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၃


၂၀၂၆ ခုနှစ်တိုင်းဒေသကြီးနှင့်ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ သိမ်ဖြူလက်ဝှေ့ရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ

စာမျက်နှာ ၂၄ ကော်လံ ၄ ❖




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန WRF မော်ဒယ်လ်၏ ဩဂုတ် ၁၂ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲ အချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဩဂုတ် ၁၄ ရက်မှ ၁၆ ရက်ထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ။

## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁၃

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်-ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ

စာမျက်နှာ ၁၇ ကော်လံ ၁ ◆

## အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဖလမ်းမြို့ရှိ ပျက်စီးသွားသည့် ဌာနဆိုင်ရာရုံးများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

စာမျက်နှာ - ၁၆